www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဘုန်းကြွယ်

## ချစ်သွေးသက်သေ

ဒုတိယပိုင်း ( ဇာတ်သိမ်း )

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ၄.၅၀၁၈၁၁၁၂၀၉
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၀၀၄၀၁၁၀

၂၀၁၀ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးအောင်မြင့်သိန်း၊ (အင်ကြင်းမြိုင် ပုံနှိပ်တိုက်)
၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**နိုင်ငံတော်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)
## ဓားပုံများ၏အဆုံးအဖြတ်

ဖုန်းလွှသည် ရေနဂါးဒေဝီအား စူးရှစွာစိုက်ကြည့်နေလေသည်။ အတန်ကြာမှ ပြတ်သားသောလေသံဖြင့်လှမ်းပြောလိုက်၏။

"ကဲ.... ခင်ဗျားရဲ့ဓားပုံတွေကို ပစ်ပေတော့၊ ကျွန်တော်တတ်နိုင်သမျှ ကြိုးစားပြီးရင်ဆိုင်မယ်၊ အရှုံးအနိုင်အဖြေပေါ်ရင်တော့စောစောကသဘောတူထားတဲ့အတိုင်း...."

နေဂါးဒေဝီ သဘောကျသွားသည်။ သူမက နှစ်လိုဖွယ်ပြုံးကာ ဖုန်းလွှအားပြောလိုက်သည်။

"ဟုတ်ပြီ... ဒီလိုမှပေါ့ရှင်၊ ကဲ.... သတိထားပေတော့...ဟောဒီမှာ ဓားပုံတွေလာပြီ"

စကားဆုံးသည်နှင့်ရေနဂါးဒေဝီသည် ဘယ်ညာလက်နှစ်ဖက်ကိုဝှေ့ယမ်းလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝိုး...."

"ဝှစ်...."

ရေနဂါးဒေဝီ လက်လှုပ်လိုက်သည်နှင့်.... ဓားပျံနှစ်ချောင်းသည် လှစ်ခနဲပြေးထွက်လာသည်။

ဓားပျံနှစ်ချောင်းသည် ဖုန်းခွေလွထံသို့ ရှေ့ဆင့်နောက်ဆင့် အရှိန်ပြင်းစွာဖြင့်ပစ်လွှင့်လာကြ၏။ ဓားပျံတစ်ချောင်းနှင့်တစ်ချောင်း သိပ်မကွာခြားလှပေ။ သို့သော် နီးကပ်သည်ဟုလည်း မဆိုသာ။

လဝန်းနောက်သို့ ကြွယ်ပျံပြေးလိုက်သွားသည့်အသွင်မျိုးပင် ဖြစ်သည်။ ဓားပျံနှစ်လက်ပစ်လိုက်သည့်အရှိန်မှာ လျှင်မြန်ကာ အားမာန်ပြင်းထန်လှ၏။

ကြယ်တံခွန်အလင်းတန်းနှစ်ခုပမာ ဖုန်းလွေထံသို့ တစ်ဟုန်ထိုး ဝင်ရောက်လာကြလေသည်။

ဖုန်းလွေ ရင်ထိတ်သွား၏။ စောစောက ဓားပျံတစ်ချောင်းကိုပင် သူအသေအလဲကြိုးစားကာခုခံရှောင်တိမ်းခဲ့ရသည်။

ယခုတွင်မူ ဓားပျံနှစ်ချောင်းသည် တစ်ပြိုင်နက်တည်း ရှေ့ဆင့်နောက်ဆင့်ဝင်ရောက်လာကြပြီဖြစ်သည်။

သူ့အနေဖြင့် ....

ဤဓားပျံနှစ်ချောင်းကိုခုခံရှောင်တိမ်း၍ရနိုင်ပါမည်လား။



သို့တည်းမဟုတ်.... ရှောင်တိမ်းမရနိုင်ဘဲ ရေနဂါးဒေဝီ၏ လက်ချက်ဖြင့် လူ့လောကအားစွန့်ခွာသွားရတော့မည်လော။

မည်သို့ဆိုစေ.... ဖုန်းလွေမှာ ဤဓားပျံနှစ်ချောင်းကို အစွမ်းကုန် ခုခံကာကွယ်ရပေလိမ့်မည်။ ယင်းကြောင့် ခြေအစုံကိုခွဲရပ်ကာ အသင့်ပြင်ဆင်ထားလိုက်လေတော့သည်။

****

ငွေယမ်းတိုက်ခတ်လျက်ရှိသည့် လေပြေကြောင့်မြစ်ရေပြင်တွင် လှိုင်းဂယက်လေးများထလျက်ရှိသည်။

ယင်းလှိုင်းဂယက်လေးများကြောင့် မြစ်ရေပြင်မှာ ငွေရောင်တလက်လက်တောက်ပနေသည်။

မြစ်ပြင်ပေါ်တွင် လှေကြီးတစ်စင်းရပ်တန့်ထား၏။

လှေကြီးပေါ်တွင် အသံဗလံဟူ၍လုံးဝမကြားရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။

ဤသို့ဆိုလျှင် ထိုလှေကြီးပေါ်၌ လူသူတစ်ဦးတစ်ယောက်မျှ မရှိကြတော့ပြီလော။

မဟုတ်ပါ။ လူရှိပါ၏။ လှေကြီးပေါ်၌ လူအများအပြည့်ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တွင် လှေကြီးပေါ်ရှိလူများမှာ လှေအလုပ်သမားများနှင့်ခရီးသည်များသာဖြစ်ကြပေလိမ့်မည်။

ထို့ကြောင့် လှေကြီးပေါ်၌စကားပြောသံများဖြင့်ဆူညံနေရပေမည်။ သို့သော် ဤလှေကြီးပေါ်ရှိလူများမှာမူ တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေကြသည်။

မည်သို့သောအကြောင်းကြောင့်ပါနည်း။

လှေကြီးပေါ်ရှိလူများ၏သွင်ပြင်မှာ တူညီမှုမရှိကြချေ။

အုပ်စုနှစ်စုကွဲပြားလျက်ရှိနေသည်။

အုပ်စုတစ်စုမှာ သာမန်ခရီးသွားများဖြစ်ကြပြီး ကျန်အုပ်စုတစ်စုမှာ အနက်ရောင်ကိုယ်ကျပ်အင်္ကျီများဝတ်ဆင်ထားကြသည့်လူများဖြစ်၏။

ခရီးသည်များ၏မျက်နှာပေါ်၌ ကြောက်ရွံ့ထိတ်လန့်မှု၊ စိုးရိမ်ကြောင့်ကြမှုများ အထင်းသားပေါ်လွင်နေ၏။

သို့သော် အနက်ရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထားသူများ၏မျက်နှာများကား ကြမ်းတမ်းခက်ထန်လျက်ရှိ၏။

ထိုလူများကား ရေနဂါးဂိုဏ်းသားများပင်ဖြစ်ကြသည်။

လှေကြီးတစ်နေရာတွင်.... လူနှစ်ယောက် မျက်နှာချင်းဆိုင်လျက်ရပ်နေကြသည်။



ယင်းလူနှစ်ဦးမှာ အခြားသူများမဟုတ်ကြချေ။

ဖုန်းလွှေနှင့် ရေနဂါးဒေဝီတို့ဖြစ်ကြသည်။

လှေကြီးပေါ်ရှိ အားလုံးသောလူများ၏အကြည့်တို့သည် ဖုန်းလွှေနှင့်ရေနဂါးဒေဝီတို့ထံတွင် ကျရောက်လျက်ရှိသည်။

ယင်းအခိုက်မှာပင်.... ရေနဂါးဒေဝီက လက်နှစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။ ထိုအခါ... လင်းလက်သည့်အလင်းတန်းနှစ်ခုက ဖုန်းလွှေထံသို့တစ်ရှိန်ထိုးပြေးဝင်သွားလေတော့သည်။

ယင်းအလင်းတန်းနှစ်ခုမှာ ဓားပျံနှစ်ချောင်းပင်ဖြစ်ပေ၏။

ရောင်မေဝါး၏ရင်ထဲ ထိတ်ခနဲဖြစ်သွားလေသည်။

အကြောင်းကား ရေနဂါးဒေဝီပစ်လိုက်သည့်ဓားပျံများအား ခင်ပွန်းဖြစ်သူဖုန်းလွှေအနေဖြင့် ရှောင်တိမ်းနိုင်ပါမည်လားဟုစိုးရိမ်ပူပန်နေခြင်းကြောင့်ဖြစ်သည်။

ဖုန်းလွှေက ခြေကိုကား၍ရပ်ထားပြီး ဓားကိုအသင့်ပြင်ထားသည်။ ဓားပျံနှစ်ချောင်းသည် သူ၏အနီးသို့ လျှပ်တစ်ပြက်အချိန်အတွင်းရောက်ရှိလာလေသည်။

ဖုန်းလွှေက ဘေးသို့အသာအယာခုန်၍ ရှောင်တိမ်းလိုက်သည်။ ယင်းကြောင့်.... ရှေ့ဆုံးမှဝင်ရောက်လာသည့်ဓားပျံနှင့်ပေါ်သီလေးလွဲချော်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် .... ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပင် နောက်မှလိုက်လာသည့်ဓားပျံက ဖုန်းလွှေရှောင်တိမ်းရာဘက်သို့ဦးတည်ဝင်ရောက်လာပြန်လေသည်။

ဖုန်းလွှေက လက်ထဲမှဓားရှည်ဖြင့် ကမန်းကတန်းဝှေ့ယမ်းကာကွယ်လိုက်ရသည်။ ထိုအခါ ဓားရှည်ကနောက်မှဆက်၍ဝင်လိုက်လာသည့်ဓားပျံအား ခတ်ထုတ်ပစ်လိုက်သည်။

"ချွမ်း...."

ဖုန်းလွှေမှာ တတိယဓားပျံနှင့် စတုတ္ထဓားပျံများအား ရှောင်တိမ်းကာကွယ်နိုင်လိုက်ပြီဖြစ်သည်။

ထို့ကြောင့် ....

သူသည် စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်လေသည်။ သို့သော် စိတ်ဒုန်းဒုန်းချလိုက်၍တော့မဖြစ်သေးချေ။ ရေနဂါးဒေဝီ၏လက်ထဲတွင် ပဥ္စမမြောက်ဓားပျံကျန်ရှိနေသေးသည်မဟုတ်ပါလား။

ယင်းအခိုက် သူမ၏စကားသံထွက်ပေါ်လာသည်။

"ဟောဒီမှာ လာပြန်ပြီ"

ဖုန်းလွှေ၏မျက်လုံးထဲ၌ ဓားရောင်တစ်ချက် လင်းလက်သွားပြန်လေသည်။



"ဝှစ်...."

သူမ၏စကားသံတစ်ဝက်လောက်မှာပင် ပဥ္စမမြောက်ဓားပျံသည် ဖုန်းလွှေအနီးသို့ရောက်ရှိလာလေသည်။

ဓားပျံကိုပစ်လိုက်သည့်အားအင်မှာ ပြင်းထန်လှသဖြင့် လေတိုးသံများကျယ်လောင်စွာထွက်ပေါ်လာသည်။

"ဝှီး.... ဝှစ်... ဝှစ်... ဝှစ်"

ဖုန်းလွှေအလန့်တကြားဖြစ်သွားသည်။

သူသည် လက်ထဲ၌ကိုင်ထားသည့်ဓားရှည်ဖြင့် အရှိန်ပြင်းစွာဝင်ရောက်လာသည့်ဓားပျံအား ဆီး၍ခုတ်ပိုင်းချလိုက်သည်။

"ချွမ်း...."

ဓားပျံနှင့်ဓားရှည်တို့ခုတ်မိသဖြင့် မီးပွင့်ထွက်သွား၏။

ဓားပျံ၏ဦးတည်ရာလမ်းကြောင်း ပြောင်းသွားသည်။

သို့သော် ဖုန်းလွှေ၏ဓားကိုင်သည့်ညာလက်တစ်လျှောက်တွင်လည်း ပြင်းထန်စွာထုံကျင်မှုကိုခံစားလိုက်ရသည်။

ယင်းကြောင့် သူသည် ဓားကိုဆက်လက်ဆုပ်ကိုင်ထားနိုင်ခြင်းမရှိတော့ချေ။ သူ၏လက်မှဓားရှည်သည် ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားလေတော့၏။

"ချွင်...."

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ပြိုင်မှုမှာ ပြီးဆုံးသွားပြီဖြစ်သည်။

အရှုံးအနိုင်လည်း ကွဲကွဲပြားပြား အဖြေပေါ်သွားပြီဖြစ်၏။

ဖုန်းလွေမှာလည်း သူ၏ညာလက်အား ဘယ်လက်ဖြင့် ဆုပ်ကိုင်ထားရသည်။ အခြေအနေအရပ်ရပ်သည် ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွားသလိုရှိသည်။

ဖုန်းလွေမှာ သိသိသာသာ မျက်နှာပျက်ယွင်းနေသည်။

အရှုံးအနိုင်သည် အငြင်းပွားစရာမလိုအောင် သိသာကွဲပြားစွာထွက်ပေါ်ခဲ့ပြီမဟုတ်ပါလား။

ယခုယှဉ်ပြိုင်ပွဲတွင် ဖုန်းလွေသည် ရေနဂါးဒေဝီအား ရှုံးနိမ့်သွားခဲ့ပြီဖြစ်သည်။ ဖုန်းလွေအနေဖြင့် အငြင်းပွားဖွယ်မရှိသော ရှုံးနိမ့်မှုပင်ဖြစ်ပေတော့သည်။

****



ရေနဂါးဒေဝီ ပြုံးလိုက်သည်။

သူမ၏အပြုံးမှာ အောင်နိုင်သူအပြုံးမျိုးဖြစ်သည်။

ဖုန်းလွေ၏မျက်နှာမှာ မည်းမှောင်နေသည်။

ရှုံးနိမ့်မှု၏ရောင်ပြန်ရိုက်ခတ်မှုပင်တည်း။

သူရှုံးနိမ့်သွားသည့်အတွက် ကြိုတင်သဘောတူထားခဲ့သည့်အတိုင်း ရေနဂါးဒေဝီ၏ခေါ်ဆောင်သွားခြင်းကိုခံရတော့မည်မဟုတ်ပါလား။

သူသည် စိတ်ဓာတ်ကျဆင်းသွားသည်။ သို့သော် ချက်ချင်းဆိုသလိုပင် သူ၏စိတ်ဓာတ်များသည် မယုံကြည်နိုင်ဖွယ် ပြန်လည်တက်ကြွလာလေသည်။

အကြောင်းကား သူ့အနေဖြင့် ရေနဂါးဂိုဏ်းဌာနချုပ်စခန်းမှ လွတ်မြောက်ထွက်ပြေးရမည်ဆိုသော အကြံညာဏ်ပေါ်ပေါက်လာခြင်းကြောင့်ဖြစ်သည်။

ထိုသို့ထွက်ပြေးနိုင်လျှင် ဖုန်းလွေအဖို့ အန္တရာယ်မှလွတ်ကင်းရုံမျှမက အလွန်လျှို့ဝှက်လွန်းလှသော ရေနဂါးဂိုဏ်း၏ဌာနချုပ်စခန်းနေရာကိုပင် သိရှိခွင့်ရရှိခဲ့မည်မဟုတ်ပါလား။

ထို့ကြောင့် သူသည် ရဲရဲဝံ့ဝံ့ပင် ဝန်ခံလိုက်သည်။

"ဟုတ်တယ်.... ကျွန်တော်ရှုံးသွားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့်ရေနဂါးဒေဝီဘက်သို့ လျှောက်လှမ်းသွားလေသည်။ သူသည် ဇနီးဖြစ်သူရှောင်မေဝါး မည်သို့ခံစားနေရမည်ကိုသိလိုလှသည်။

သို့သော် ရှောင်မေဝါးဘက်သို့ မျက်စိမသန်းမိအောင် သတိထား၍ထိန်းချုပ်ထားလိုက်ရသည်။ အကြောင်းမှာ သူနှင့်ရှောင်မေဝါးတို့၏ပတ်သက်မှုကို ရေနဂါးဂိုဏ်းသားများ သတိမပြုမိစေလိုသောကြောင့်ဖြစ်သည်။

အကယ်၍ ရှောင်မေဝါးမှာ သူ၏ဇနီးဖြစ်ကြောင်း ရေနဂါးအဖွဲ့ဝင်များသိရှိသွားပါက သူမအပေါ်တွင် ကြီးမားသောအန္တရာယ်ကျရောက်လာနိုင်သည်မဟုတ်ပါလား။

ထို့ကြောင့် ဖုန်းလှေသည် ရှောင်မေဝါး၏အခြေအနေကိုသိချင်နေသော်လည်း ကြိတ်မှိတ်အောင့်အည်းနေလိုက်ရလေသည်။

သို့သော် သူ၏ဟန်ဆောင်ဖုံးကွယ်မှုမှာ အရာမရောက်ခဲ့ပါချေ။ ရေနဂါးဒေဝီသည် မယုံကြည်နိုင်ဖွယ်ကောင်းလောက်အောင် အကင်းပါးသူတစ်ယောက်ဖြစ်သည်။

ယင်းကြောင့်ပင်.... စောစောက သတိလစ်လဲကျသွားသည့် အမျိုးသမီးနှင့် ဖုန်းလှေတို့အကြား တစ်စုံတစ်ရာပတ်သက်မှုရှိနေနိုင်ကြောင်း ချက်ချင်းပင်အကဲခတ်မိသွားလေသည်။



ရေနဂါးဒေဝီသည် ကြိတ်ပြုံးတစ်ချက်ပြုံးလိုက်၏။

ပြီးနောက် .... သူမသည် ရှောင်မေဝါးကိုလက်ညှိုးထိုးကာ ငယ်သားတစ်ဦးကိုအမိန့်ပေးလိုက်သည်။

“ဝမ်းလီ... အဲ့ဒီအမျိုးသမီးကို ဌာနချုပ်စခန်းကိုခေါ်ခဲ့စမ်း”

ရေနဂါးဒေဝီထံမှထွက်ပေါ်လာသည့်အမိန့်ကြောင့် ဖုန်းလှေမှာ အတော်ပင်ထိတ်လန့်တုန်လှုပ်သွားလေသည်။

သူသည် ချက်ချင်းပင် ရေနဂါးဒေဝီအားကြည့်ကာ ကမန်းကတန်းပြောလိုက်လေသည်။

“အားနွဲ့တဲ့အမျိုးသမီးတစ်ယောက်ကို ဒုက္ခမပေးချင်စမ်းပါနဲ့ဗျာ၊ ဘာကြောင့် သူ့ကိုဖမ်းဆီးခေါ်ဆောင်သွားချင်တာလဲ၊ အဲ့ဒီအမျိုးသမီးက ခင်များတို့ကိုခုခံတာလဲမဟုတ်ပါဘူး”

ရေနဂါးဒေဝီက မည်သည့်စကားမှပြန်မပြောချေ။

ဖုန်းလှေကိုစိုက်ကြည့်၍လှောင်ပြုံးပြုံးလိုက်သည်။

ဝမ်းလီကကြားမှဝင်၍ ခပ်ဂေါက်ဂေါက်လေသံဖြင့်ပြောလိုက်သည်။

“ဟေ့ .... မင်း ပါးစပ်ပိတ်ထားလိုက်စမ်း... မင်းဟာ ရေနဂါးဒေဝီရဲ့လက်အောက်မှာ အရေးနိမ့်ခဲ့ပြီးပြီဆိုတာသိတယ် မဟုတ်လား၊ မင်းမှာ ဘာမှပြောဆိုနိုင်တဲ့အခွင့်အရေးမရှိတော့ဘူး။ မင်း

www.burmeseclassic.com



ကိုယ်တိုင်တောင်မှ တို့ရဲ့အကျဉ်းသားဖြစ်နေမှတော့ တခြားလူအတွက် ပူပန်မနေစမ်းပါနဲ့”

စကားဆုံးသည်နှင့် ဝမ်းလီသည် ရှောင်မေဝါးအား ဆတ်ခနဲဖမ်းချုပ်လိုက်သည်။ ထိုအချင်းအရာကိုမြင်တွေ့လိုက်ရသည်နှင့် ဖုန်းလွေမှာ မျက်လုံးများပြာသွားလေသည်။

အကယ်၍... အခြားလူဆိုးများနှင့်ရင်ဆိုင်ရလျှင် မိမိအား မသိသည့်ဟန်ဆောင်နေရန် ဖုန်းလွေက ရှောင်မေဝါးအား မှာကြားခဲ့သည်။ အကြောင်းကား....

မိမိ၏ဇနီးဖြစ်ကြောင်းသိလျှင် လူဆိုးဓားပြများက သူမအား အန္တရာယ်ပေးမည်စိုးသောကြောင့်ပင် ဖြစ်ပေတော့သည်။

သို့သော် မိမိ၏ဇနီးသည်အား ဝမ်းလီကပိုင်စိုးပိုင်နင်းဖမ်းချုပ်လိုက်သည်ကိုမြင်ရသောအခါ သူသည် ဒေါသထွက်သွားသည်။

မခံချင်စိတ်ကလည်း ထောင်းခနဲထလာသည်။ သူစိတ်ကို မထိန်းနိုင်တော့ချေ။ ထို့ကြောင့် ဝမ်းလီထံသို့ တစ်ဟုန်ထိုးပြေးဝင်သွား၏။ ထို့နောက် ဝမ်းလီ၏မျက်နှာအား လက်သီးနှင့်ထိုးချလိုက်လေတော့သည်။

****



ဖုန်းလွေ၏လက်သီးက ဝမ်းလီ၏မျက်နှာပေါ်သို့ကျရောက်သွားသည်။ စိတ်ဆိုးဆိုးနှင့် အားရပါးရပြေးဝင်ထိုးလိုက်ခြင်းကြောင့် သူ့လက်သီးချက်သည် အတော်ပင်ပြင်းထန်လှ၏။

“ခွပ်....”

“အား....”

ခွပ်ခနဲမြည်သံနှင့်အတူ ဝမ်းလီမှာနာကျင်စွာအော်ဟစ်လိုက်လေသည်။ ဝမ်းလီသည် ဖုန်းလွေက ယခုကဲ့သို့တိုက်ခိုက်လာလိမ့်မည်ဟု လုံးဝထင်မှတ်မထားမိချေ။

ထို့ကြောင့် ....

သူသည် အငိုက်မိကာ တစ်စုံတစ်ရာခုခံကာကွယ်နိုင်စွမ်းမရှိဘဲ လည်စင်းပေးလိုက်ရသလိုဖြစ်သွားလေသည်။

ဖုန်းလွေ၏လက်သီးက ဝမ်းလီ၏မျက်နှာတည့်တည့်သို့ အုံးခနဲပြင်းထန်စွာကျရောက်လာသည်။

ဝမ်းလီ၏မျက်လုံးထဲတွင် ကြယ်ရောင်လရောင်များပြိုးပြက်လင်းလက်သွားသလိုမြင်လိုက်ရလေသည်။

သူ၏ခန္ဓာကိုယ်မှာလည်း နောက်သို့ယိမ်းယိုင်သွားသည်။

သူသည် လဲပြိုကျမသွားအောင်ပင် ကြိုးစားထိန်းချုပ်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူအနိုင်နိုင်ထိန်းမတ်နေရခြင်းကြောင့် သူ၏လက်ထဲတွင်ဖမ်းချုပ်ထားသော ရောင်မေဝါးကို ဆက်လက်ဖမ်းချုပ်ထားနိုင်ခြင်းမရှိတော့ဘဲ လွှတ်ပေးလိုက်ရလေတော့၏။

ဝမ်းလီသည် လူအများ၏ရှေ့တွင်ခံလိုက်ရသောကြောင့် ဒေါသခြောင်းခြောင်းထွက်သွားသည်။

ရှက်လည်း အလွန်ရှက်သွားမိသည်။

ထို့ကြောင့် သူသည် အံတင်းတင်းကြိတ်ကာ ဓားမကြီးကို ဝင့်လျက် ဖုန်းလွှေအားခုတ်ချရန်ဟန်ပြင်လိုက်သည်။

ယင်းအချိန်အခိုက်အတန့်လေးမှာပင်... ဟန့်တားသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာသည်။ ရေနဂါးဒေဝီက လှမ်း၍ဟန့်တားလိုက်ခြင်းပင်ဖြစ်လေသည်။

"ရပ်လိုက်"

ဟန့်တားသံကြောင့် ဝမ်းလီ၏ဓားမကြီးမှာ လေထဲတွင် တုံ့ခနဲရပ်တန့်သွားလေ၏။

ထို့နောက်.... ဝမ်းလီသည် လှမ်း၍မာန့်တားလိုက်သည့် ရေနဂါးဒေဝီအားကြည့်ကာ မကျေမနပ်ဖြင့်ပြောလိုက်သည်။

"ဒီလူ ကျွန်တော့်ကိုအရင်တိုက်ခိုက်တာကို ကျွန်တော် ဒီအတိုင်းခံနေရမှာလား"



မကျေမနပ်ဖြင့် ဝမ်းလီရှူးရှူးရှဲရှဲဖြစ်နေသည်။ ရေနဂါးဒေဝီက လက်ကာပြလိုက်၏။

ပြီးမှ လေသံအေးအေးဖြင့်ပြောလိုက်သည်။

"ခဏနေပါဦးဝမ်းလီ... ကျွန်မလုပ်စရာလေးတွေရှိလို့ပါ၊ ရှင့်ဒီအတိုင်းမခံစေရပါဘူး"

ရေနဂါးဒေဝီ၏ဖြေသိမ့်စကားကြောင့် ဝမ်းလီသည် ဓားမကြီးကိုပြန်လည်ရုပ်သိမ်းလိုက်၏။

စိတ်ထဲကမူ ခံပြင်းနေဆဲဖြစ်၏။ ဖြစ်နိုင်လျှင် ဖုန်းလွှေကို စိတ်ရှိလက်ရှိနုပ်နုပ်စင်းပစ်လိုက်ချင်သည်။ ရေနဂါးဒေဝီကိုမလွန်ဆန်နိုင်၍သာ သူ့စိတ်လျှော့လိုက်ရခြင်းဖြစ်သည်။

စိတ်ထဲကတော့ သိပ်ကျေနပ်လှသည်မဟုတ်ချေ။

ထိုစဉ်... ရေနဂါးဒေဝီသည် ရောင်မေဝါးအား ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်လိုက်လေ၏။ ထို့နောက် ဖုန်းလွှေဘက်သို့လှည့်ကာမေးလိုက်သည်။

"ဒီအမျိုးသမီးက ရှင်နဲ့ဘယ်လိုပတ်သက်နေလို့လဲ၊ သူက ရှင့်ဇနီးလား"

ဖုန်းလွှေ အကျပ်တွေ့သွား၏။ မည်သို့အဖြေပေးရမည်မှန်းမသိဖြစ်သွားသည်။ ရေနဂါးဒေဝီက သူ့ကိုအကဲခတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အနည်းငယ်စဉ်းစားလိုက်သည်။ သူ့အနေဖြင့် ဇနီးသည် ရှောင်မေဝါးကို မိမိနှင့်အတူ အန္တရာယ်စက်ကွင်းထဲသို့ ဆွဲယူခေါ်ဆောင်သွားခြင်းမပြုလိုပေ။ မိမိအားငဲ့ကွက်၍ ဇနီးဖြစ်သူက တိုးဝင်လာသည်ကိုလည်း မမြင်တွေ့လိုချေ။

ထို့ကြောင့် ခပ်သွက်သွက်ပင် ခေါင်းကိုခါယမ်းကာပြောလိုက်လေသည်။

"သူ ကျွန်တော့်ဇနီးမဟုတ်ပါဘူး၊ ဘယ်လိုမှလဲ ပတ်သက်မှုမရှိပါဘူး"

မည်သို့ပင်ဆိုစေကာမူ... ဖုန်းလွေ၏စကားကို ရေနဂါးဒေဝီကယုံကြည်လက်ခံပုံမရပါချေ။

မျက်မှောင်ကလေးကုပ်ကာ မေးလိုက်သည်။

"ဒါဖြင့် ရှင်က ဘာကြောင့်ဝင်စွက်ဖက်ချင်ရတာလဲ၊ ဘာမှမပတ်သက်ဘဲနဲ့ ဘာ့ကြောင့်ဒေါသတကြီးဖြစ်ရတာလဲ"

ဖုန်းလွေက ဟန်မပျက်ပြောလိုက်သည်။

"ကျွန်တော့်ရှေ့မှာ မတရားလုပ်တာကို ကျွန်တော်ကြည့်မနေနိုင်လို့ပါ။ ခင်ဗျားတို့က ခရီးသည်တွေကို အားရအောင်တိုက်ခိုက်လုယက်ပြီးပြီပဲ၊ သူတို့ကိုဆက်ပြီးရန်ပြုဖို့မကောင်းဘူး။ ဒီအမျိုးသမီးမှာရှိသမျှပစ္စည်းတွေကိုလဲ ခင်ဗျားတို့လုယူသေးတယ်၊ လူကိုလဲ ဖမ်း



ဆီးအနိုင်ကျင့်ဦးမယ်ဆိုရင် ခင်ဗျားတို့လောက် မတရားတာ လောကမှာရှိမှာမဟုတ်တော့ဘူး။ ဒါကြောင့် ကျွန်တော်ဆက်ပြီး လက်ပိုက်ကြည့်မနေနိုင်လို့ ဝင်ပြီးစွက်ဖက်ရတာပဲ၊ ဒီအမျိုးသမီးကိုလဲ အခြားခရီးသည်တွေလိုပဲချမ်းသာပေးလိုက်ပါ"

ရေနဂါးဒေဝီက ပြုံးလိုက်၏။

ဖုန်းလွေအား အကဲခတ်သလိုတစ်ချက်ကြည့်သည်။

ပြီးမှ ....

"ဒီအမျိုးသမီးက အခြားခရီးသည်တွေလိုမဟုတ်ဘူးလေ၊ တခြားခရီးသည်တွေနဲ့လုံးဝမတူဘူး"

ဖုန်းလွေ နားမလည်နိုင်အောင်ဖြစ်သွား၏။

ထို့ကြောင့် ရေနဂါးဒေဝီအားမျက်မှောင်ကုပ်ကြည့်ကာ မေးလိုက်သည်။

"သူက ဘယ်လိုများထူးခြားနေလို့လဲ"

သူမကလှောင်ပြုံးပြုံးလိုက်သည်။

"အင်း... ဒီအမျိုးသမီးကသိပ်ကိုချောတယ်...လှတယ်၊ ရှင့်ရဲ့ဇနီးမယားဖြစ်ရင်တော့ သူ့ကိုလဲအန္တရာယ်မပေးပါဘူး၊ ဒါပေမဲ့..."

သူမက စကားကိုရပ်ထားလိုက်သည်။

ဖုန်းလွေ ရင်ထိတ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူက အလောတကြီးမေးလိုက်သည်။

"ဒါပေမဲ့ ဘာဖြစ်သလဲ"

ရေနဂါးဒေဝီက ဖုန်းလွှေအားအကဲခတ်ကြည့်ကာ....

"ရှင်နဲ့ဘယ်လိုမှမပတ်သက်ဘူးဆိုတော့ ဒီအမျိုးသမီးကို ဝမ်းလီနဲ့လက်ထပ်ပေးမယ်လို့ ကျွန်မစိတ်ကူးရတယ်၊ ဝမ်းလီဟာ အသက်ကကြီးနေပြီ၊ ကြင်ဘက်မရှိသေးဘူး၊ ဒီအမျိုးသမီးဟာ ရုပ်ရည်ချောမောလှပတဲ့အပြင် အသိအလိမ္မာနဲ့လဲပြည့်စုံပုံရတယ်၊ ဝမ်းလီအတွက်တော့ သူဟာ အကောင်းဆုံးအိမ်ထောင်ဘက်လို့ ကျွန်မထင်တယ်လေ"

ပြောပြောဆိုဆိုဖြင့် ဝမ်းလီအားလှမ်းကြည့်လိုက်သည်။

ဝမ်းလီ သဘောအကျကြီးကျသွားလေသည်။

သူ၏မျက်နှာသည် မှိုရသကဲ့သို့ ပြုံးဖြဲဖြဲကြီးဖြစ်သွားလေတော့သည်။ သူ၏ဂိုဏ်းချုပ်ကိုလည်း အလွန်ပင် ကျေးဇူးတင်သွားမိလေသည်။ သူသည် ဝမ်းသာအားရပင်ပြောလိုက်လေ၏။

"ဟုတ်တယ်... ဟုတ်ပါတယ်၊ သူဟာ ကျွန်တော့်တစ်သက်တာမှာတွေ့မက်စရာအကောင်းဆုံးအမျိုးသမီးတစ်ယောက်ပါ။ ဒီအမျိုးသမီးကိုလက်ထပ်ရရင် ကျွန်တော့်လောက်ပျော်ရမဲ့လူ ဒီလောကမှာရှိမှာမဟုတ်တော့ပါဘူး"



ဝမ်းလီ၏မစားရဝခမန်းစကားကြောင့် .... ရှောင်မေဝါးမှာမျက်လုံးပြူး မျက်ဆန်ပြူးဖြစ်သွားရလေသည်။

ရှောင်မေဝါးသည် ထိတ်လန့်စွာဖြင့် ဝမ်းလီကိုကြည့်လိုက် ဝိုင်းအုံနေသူများကိုကြည့်လိုက် ဖြစ်နေရှာသည်။

ဝမ်းလီက လက်နှစ်ဖက်ဆန့်တန်းကာ ရှောင်မေဝါးအား ပွေ့ဖက်ရန်ဟန်ပြင်လိုက်သည်။

ရှောင်မေဝါး အထိတ်တလန့်ဖြစ်သွားသည်။

ခင်ပွန်းဖြစ်သူကို အားကိုးတကြီးဖြင့်လှမ်းကြည့်လိုက်မိ၏။

အခြေအနေက တကယ့်အကျဉ်းအကျပ်ပင်ဖြစ်သည်။

ဖုန်းလွှေအနေဖြင့် မနေသာတော့ချေ။

ဇနီးဖြစ်သူရှောင်မေဝါးဒုက္ခရောက်နေသည်ကို ဒီအတိုင်းလက်ပိုက်ကြည့်မနေနိုင်တော့ချေ။ သူ့အဖို့ ရွေးချယ်စရာလမ်းလည်းမရှိတော့ပါ။

သူ့အနေဖြင့် ရှောင်မေဝါးနှင့်ဘာမျှမပတ်သက်သလို ဥပေက္ခာပြုထား၍ မရတော့ချေ။ ရှောင်မေဝါးနှင့်ဘာမျှမပတ်သက်သလိုဆက်လက်ဟန်ဆောင်နေပါက ရှောင်မေဝါးမှာဝမ်းလီ၏လက်တွင်းသို့ သက်ဆင်းရပေတော့မည်။ ထို့ကြောင့် ဖုန်းလွှေသည် မလွှဲမရှောင်သာတော့ဘဲ ဝန်ခံစကားဆိုလိုက်ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကျွန်တော်ဇနီးရှောင်မေဝါးပါ"

ထိုစကားကြောင့် ဝမ်းလီ၏မျက်နှာမှာ ရုတ်တရက်ညှိုးမည်းသွားလေတော့သည်။ စားရအုံ့ဆဲဆဲ အစာတစ်လုတ် ပုတ်ချခံလိုက်ရသလိုမချင့်မရဲဖြစ်သွားရလေတော့၏။

****

ဖုန်းလွှေထံမှ ဝန်ခံစကားထွက်ပေါ်လာသည့်အခါ ရေနဂါးဒေဝီသည် ကျေနပ်သဘောကျသွားဟန်ဖြင့် ရယ်မောလိုက်လေတော့၏။ အတန်ကြာ အားရအောင်ရယ်မောပြီးမှ ရေနဂါးဒေဝီသည် ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြောလိုက်လေသည်။

"ဟင်း... ဟင်း... ဟင်း... ရှင်မပြောလဲ သူဟာရှင့်ဇနီးဖြစ်ရမယ်ဆိုတာ ကျွန်မကြိုတင်တွက်ဆထားပြီးသားပါ။ ဘာပဲဖြစ်ဖြစ်လေ သူ့ကိုတော့ ဌာနချုပ်ခန်းကို ရှင်နဲ့အတူတူခေါ်သွားရလိမ့်မယ်၊ ရှင့်ကိုခေါ်သွားပြီး သူ့ကိုတစ်ယောက်တည်းအားကိုးရာမဲ့ချန်ထားခဲ့လို့ ဘယ်သင့်တော်ပါ့မလဲ၊ ဟုတ်တယ်မဟုတ်လား"

ဝမ်းလီမှာမူ စိတ်ထဲတွင် အတော်ပင် မခံချိမခံသာဖြစ်နေမိလေ၏။ သူ့အနေဖြင့် စားရကာနီးမှပန်းကန်မှောက်သွားသကဲ့သို့ ခံစားလိုက်ရပေသည်။



သူသည် မကျေမနပ်ဖြစ်သွားသော်လည်း နှုတ်ကမူ ထုတ်ဖော်မပြောရဲပေ။

ထိုစဉ်.... ရေနဂါးဒေဝီက လက်ဝှေ့ယမ်းလိုက်၏။

"ကဲ... ရှင့်ဇနီးကို ရှင်ကိုယ်တိုင်ပဲဖေးမပြီးခေါ်လာခဲ့ပါ"

တစ်ဆက်တည်းပင် လက်ကိုဝှေ့ယမ်းကာ ....

"ကဲ... ကျွန်မတို့သွားကြရအောင်"

ဟုအော်ပြောလိုက်၏။ သူမ၏စကားအဆုံးတွင် ဂိုဏ်းသားတစ်ယောက်က ခရာတစ်ခုကိုထုတ်၍မှုတ်လိုက်၏။

"ဘွီး...."

ခရာသံသည် စူးရှစွာထွက်ပေါ်လာ၏။

ခရာသံနှင့်မရှေးမနှောင်းမှာပင် ကိုင်းတောများကြားမှ လှေကြီးတစ်စီးထွက်လာသည်။

လှေပေါ်တွင် ရေနဂါးပုံအလံကိုလွှင့်ထူထား၏။ လှေဦးတွင်လည်း ရေနဂါးရုပ်တစ်ခုပါရှိသည်။ လှေကြီး၏ပုံသဏ္ဍာန်ကပင် ရေနဂါးတစ်ကောင်နှင့်တူနေပေ၏။

ယင်းကြောင့် .... ထိုလှေကြီးမှာ ရေနဂါးဂိုဏ်း၏ဦးဆောင်လှေကြီးဖြစ်ကြောင်း သံသယဖြစ်စရာမလိုပါ။ ရေနဂါးလှေကြီးသည် တစ်ခဏအတွင်းပင် သူတို့လှေရှိရာသို့ရောက်ရှိလာပေသည်။

www.burmeseclassic.com



အနားသို့ချဉ်းကပ်မိသည်နှင့်ဘေးချင်းယှဉ်၍ ကပ်ရပ်လိုက်သည်။ ထို့နောက်.... လှေကြီးနှစ်စင်းတို့ကို ကုန်းဘောင်ထိုး၍ဆက်လိုက်၏။

ရေနဂါးဒေဗီသည် ခင်းထားသောကုန်းဘောင်ကို ဖြတ်ကျော်ကာ ဦးစွာကူးသွား၏။ လှေပေါ်သို့ရောက်သောအခါ သူမက နောက်သို့ပြန်လှည့်ကြည့်လိုက်သည်။ ထို့နောက် ဖုန်းလွှအား ဆတ်ခနဲခေါင်းညိတ်ပြလိုက်၏။

သူ နားလည်လိုက်သည်။

သူမနောက်သို့လိုက်ခဲ့ကြရန် အချက်ပေးလိုက်ခြင်းပင်ဖြစ်လေသည်။ ဖုန်းလွှက ဇနီးသည်ရှောင်မေဝါး၏လက်ကို အသာဆုပ်ကိုင်လိုက်သည်။

သူမ၏လက်မှာအေးစက်နေ၏။

ထို့ကြောင့်.... ရှောင်မေဝါးမှာ စိုးရိမ်ထိတ်လန့်နေကြောင်း ဖုန်းလွှနားလည်လိုက်သည်။

ရှောင်မေဝါးသည် နုနယ်သည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။ ဤသို့သော ထိတ်လန့်ဖွယ်ရာအတွေ့အကြုံမျိုးကိုတွေ့ကြုံဖူးသူတစ်ယောက်မဟုတ်ပါ။ ထို့ကြောင့် သူမအနေဖြင့် ကြောက်ရွံ့ထိတ်လန့်နေခြင်းဖြစ်ပေလိမ့်မည်။



ဖုန်းလွှမှာ ဇနီးသည်အား ကရုဏာသက်မိသည်။

သူက သူမ၏လက်ကို အသာအယာဖျစ်ညှစ်လိုက်မိသည်။

အားပေးနှစ်သိမ့်လိုက်သည့်သဘောပင် ဖြစ်သည်။

ထို့နောက်... သူသည် သူမ၏လက်ကိုကိုင်ဆွဲကာကုန်းပေါင်ရှိရာသို့လျှောက်သွားခဲ့သည်။

နှစ်ယောက်သား ကုန်းဘောင်ကိုနင်းကာ ရေနဂါးလှေကြီးပေါ်သို့ကူးသွားလိုက်သည်။ သူတို့ဇနီးမောင်နှံ ရေနဂါးလှေကြီးပေါ်သို့ရောက်သည်နှင့် ကုန်းပေါင်ကိုဖယ်လိုက်သည်။

ထို့နောက် လှေကြီးကိုခွာလိုက်သည်။

ထိုအချိန်တွင်.... ဝမ်းလီနှင့်အခြားရေနဂါးဂိုဏ်းသားများက လှေကြီးပေါ်မှ သူတို့၏လှေငယ်ကလေးများဆီသို့ခုန်ကူးသွားကြလေသည်။ ရေနဂါးဂိုဏ်းသားများ လှေငယ်များပေါ်သို့ခုန်ကူးသွားကြသည်မှာ မြန်ဆန်လှသည်။

ထို့ပြင်... အချိန်အဆကလည်းမှန်ကန်သည်။ ခြေချော်လက်ချော်ဖြစ်၍ရေထဲသို့တစ်ယောက်မျှကျသွားခြင်းမရှိပါ။

အားလုံးလှေပေါ်သို့ ကျကျနနရောက်သွားကြ၏။

မကြာမီ ရေနဂါးလှေကြီးမှာ မြစ်ကြောင်းအတိုင်းတငြိမ့်ငြိမ့်လှော်ခတ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်လှေငယ်များက ရေနဂါးလှေကြီးအား ဝိုင်းရံကာလိုက်ပါလာကြသည်။ ရေနဂါးလှေကြီးနှင့် လှေငယ်လေးများကိုကြည့်ရသည်မှာ နေပြည်တော်မှရေကြောင်းချီတက်လာသည့်လှေတပ်ဖွဲ့ကြီးအလား ထင်မှတ်ရပေသည်။

လှေများသည် မြစ်ပြင်ကျယ်မှတစ်ဆင့် မြစ်လက်တက်ချောင်း လက်တက်များထဲသို့ ဟိုကွေ့သည်ကောက်ဖြင့် ခရီးနှင်လာကြသည်။ ယင်းမြစ်လက်တက် ချောင်းလက်တက်လေးများတွင် လူသူကင်းပြီး အခြားလှေကြီးများသွားလာခြင်းမရှိပါ။

ရေနဂါးဂိုဏ်း၏ရေကြောင်းကျွမ်းကျင်မှုကို ဖုန်းလွှေက စိတ်ထဲမှကျိတ်၍ချီးကျူးလိုက်သည်။

ညနေစောင်းတွင်မူ… အမည်မသိသည့်မြစ်ငယ်တစ်ခု၏ ကမ်းစပ်တစ်နေရာ၌ လှေများဆိုက်ကပ်လိုက်၏။

ယင်းမြစ်ကမ်းစပ်၌ ခြေတံရှည်အိမ်လေး ဆယ်လုံးခန့်ရှိနေသည်ကိုမြင်လိုက်ရ၏။

ရုတ်တရက်ကြည့်လျှင် တံငါရွာလေးတစ်ရွာဟုထင်မှတ်ရသည်။ သို့သော် ထိုအိမ်စုလေးမှာတံငါရွာမဟုတ်ပါ။

ရေနဂါးဂိုဏ်း၏စခန်းထောက်နေရာတစ်ခုသာဖြစ်၏။

ရေနဂါးဒေဝီတို့သည် တံငါရွာလေးအသွင်ပုံဖျက်ထားသည့်



ရေနဂါးဂိုဏ်း၏စခန်းထောက်၌ ခေတ္တခဏရပ်နားကာ ညနေစာစားသောက်ကြသည်။

ထို့နောက် မြင်းများဖြင့်ခရီးဆက်ခဲ့ကြပြန်လေသည်။

မြင်းဖြင့်ခရီးနှင်ရာ၌ လူများများမပါရှိပါ။

နဂါးဒေဝီ ဖုန်းလွှေ ရှောင်မေ့ဝါးနှင့်ဝမ်းလီအပါအဝင် ဂိုဏ်းသားလေးငါးယောက် စုစုပေါင်းလူရှစ်ယောက်သာဖြစ်သည်။

သူတို့သည် မြင်းကိုယ်စီဖြင့် ညဦးပိုင်းတစ်ပိုင်းလုံးခရီးနှင်ခဲ့ကြခြင်းဖြစ်၏။ သန်းခေါင်ယံအချိန်လောက်ရောက်သည့်အခါမှ ရေနဂါးဂိုဏ်း၏ဌာနချုပ်စခန်းသို့ရောက်ရှိခဲ့ကြလေတော့သည်။

****

www.burmeseclassic.com

www.burmeseclassic.com



ည....

သန်းခေါင်ယံအချိန်ဖြစ်သည်။

မှုန်တိမှုန်ဝါးလရောင်အောက်၌ မြင်းကိုယ်စီနှင့် လူတစ်စု ခရီးနှင်နေသည်ကိုမြင်ရမည်ဖြစ်သည်။

ထိုလူစုမှာ အခြားလူများမဟုတ်ပါ။

ရေနဂါးဒေဝီနှင့်ဖုန်းလှေတို့ပင်ဖြစ်၏။ သူတို့အုပ်စုသည် ခရီးနှင်ခဲ့ကြရင်း ဝါးရုံတောတစ်ခုသို့ရောက်ရှိလာခဲ့ကြသည်။

ယင်းဝါးရုံတော၏အလယ်၌ ရေနဂါးဂိုဏ်း၏ဌာနချုပ်စခန်း တည်ရှိသည်။ စခန်းပတ်ပတ်လည်၌ ဝါးရုံပင်များ ထူထပ်စွာပေါက်ရောက်နေသည်။ ထို့ကြောင့် ဝါးရုံတောအတွင်း၌ မည်သည့်အရာရှိကြောင်း ရုတ်တရက်သိရှိရန်မလွယ်ချေ။

သို့ဖြစ်ရာ ....

ထိုဝါးရုံတောကြီးသည် ရေနဂါးဂိုဏ်းဌာနချုပ်၏သဘာဝအကာအကွယ်တစ်ခုဖြစ်နေပေတော့၏။

ဝါးရုံတောကိုဖြတ်၍ စမ်းချောင်းတစ်ခုစီးဆင်းလျက်ရှိနေသည်။ အမှန်တွင် ယင်းစမ်းချောင်းလေးမှာ ရေနဂါးဂိုဏ်းဌာနချုပ်၏တစ်ခုတည်းသော အဝင်လမ်းအထွက်လမ်းဖြစ်ပေသည်။

ဌာနချုပ်သို့ အဆိုပါစမ်းချောင်းလေးမှ ဝင်ရောက်ရသလို



ထိုစမ်းချောင်းလေးမှပင် ပြန်လည်ထွက်ခွာရသည်။

ထိုလမ်းကြောင်းမှလွဲ၍ သီးခြားလမ်းဟူ၍လုံးဝမရှိပေ။

စမ်းချောင်းလေးအတိုင်း တစ်မိုင်ခန့် ဆန်တက်သွားလျှင် ရေနဂါးဂိုဏ်း၏ဌာချုပ်စခန်းသို့ရောက်ရှိသွားမည်ဖြစ်၏။

အလားတူပင်....

ရေနဂါးဂိုဏ်းဌာနချုပ်စခန်းမှ စမ်းချောင်းလေးအတိုင်းတစ်မိုင်ခန့်စုန်ဆင်းလာလျှင် ဝါးရုံတောအပြင်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်ပေသည်။

စမ်းချောင်းလေးအတိုင်း ဆန်တက်စုန်ဆင်းရာ၌ လှေနှင့်သွား၍ရမည်မဟုတ်ချေ။ မြင်းနှင့်သွားရခြင်းဖြစ်သည်။

စမ်းချောင်းလေးအတိုင်း ဆန်တက်စုန်ဆင်းရာ၌ မြင်းနှင့်သွားရမည်ဆို၍အံ့သြကြပေမည်။

ရုတ်တရက်ဆိုလျှင် အံ့သြစရာပင်ဖြစ်သည်။

သို့သော်.... အကြောင်းကိုသိလျှင်မူ အံ့သြကြတော့မည်မဟုတ်ပါ။

အကြောင်းကား ထိုစမ်းချောင်းလေးမှာ အနက်ဆုံးနေရာ၌ပင် နှစ်ပေခန့်သာရှိခြင်းကြောင့်ဖြစ်သည်။

စမ်းချောင်းကလေးတွင် ရွှံ့နွံဟူ၍လုံးဝမမြင်ရပေ။

www.burmeseclassic.com

www.burmeseclassic.com



အချို့နေရာများ၌ ရေအနက်သည် တစ်ထွာခန့်ပင် မနက်ပါချေ။ ယင်းကြောင့်.... ဤစမ်းချောင်းမှာ လှေဖြင့် မည်သို့စုန်နိုင်ဆန်နိုင်ပါမည်နည်း။

စမ်းချောင်းအတိုင်း မြင်းစီးသွားခြင်းသည်သာ အကောင်းဆုံးဖြစ်သည်မဟုတ်ပါလော။

စမ်းချောင်းထဲမှမြင်းစီးသွားခြင်းဖြစ်၍ မြင်းခွာရာထင်ကျန်ရစ်စရာအကြောင်းလည်းမရှိပါ။

ထို့ကြောင့် ရေနဂါးဂိုဏ်းဌာနချုပ်၏ ဝင်လမ်းထွက်လမ်းနှင့်ပတ်သက်၍ သဲလွန်စလည်းပေါ်ပေါက်နိုင်စရာမရှိတော့ပေ။

ထို့ပြင်.... ဤဌာနချုပ်စခန်းသို့ ဝင်ထွက်သွားလာနိုင်သူမှာ စုစုပေါင်းလူနှစ်ဆယ်သာရှိသည်။

ယင်းလူနှစ်ဆယ်မှာလည်း ရေနဂါးဂိုဏ်း၏ထိပ်တန်းဂိုဏ်းဝင်များသာဖြစ်ကြပေသည်။

ကျန်ဂိုဏ်းသားများမှာ အဝင်အထွက်မလုပ်ကြရချေ။

သို့သော် ဌာနချုပ်စခန်းထဲ၌ လူအင်အားငါးဆယ်ခန့်ရှိ၏။ ထိုလူများ ဌာနချုပ်စခန်းတွင်သာနေကြရသည်။ ၎င်းတို့သည် ပြင်ပလောကသို့အဝင်အထွက်မလုပ်ကြရပေ။ ပြင်ပလောကနှင့်လည်း လုံးဝအဆက်အသွယ်လုပ်ခွင့်မရှိချေ။



တစ်နည်းအားဖြင့် ၎င်းတို့သည် ဌာနချုပ်စခန်း၌ တစ်သက်တစ်ကျွန်း အကျယ်ချုပ်ကျခံနေရသူများပမာဖြစ်နေပေတော့သည်။

အပြင်ဘက်၌ရှိနေသော ရေနဂါးအဖွဲ့သားများကိုလည်း ဌာနချုပ်စခန်းသို့သွားလာဝင်ထွက်ခွင့်မပြုချေ။

ရေနဂါးအဖွဲ့၏ထိပ်တန်းအဖွဲ့ဝင်နှစ်ဆယ်သာ ဌာနချုပ်စခန်းသို့ သွားလာဝင်ထွက်ဆက်သွယ်လှုပ်ရှားနိုင်ကြလေသည်။

ဤသို့ဖြင့်.... ရေနဂါးဂိုဏ်းသည် ၎င်းတို့၏ဌာနချုပ်စခန်းကို လျှို့ဝှက်စွာစနစ်တကျတည်ဆောက်ထားခဲ့ပေသည်။

ယင်းကြောင့် မြို့တော်ဝန်၏ရာဇဝင်မှုနှိမ်နင်းရေးတပ်ဖွဲ့အနေဖြင့် ရေနဂါးအဖွဲ့ဌာနချုပ်စခန်းကို မည်သို့မျှ ခြေရာခံရှာဖွေ၍ မရခဲ့ခြင်းဖြစ်ပေတော့သည်။

သို့သော်....

ယခုမူ ဖုန်းလှေသည် ရေနဂါးဂိုဏ်းဌာနချုပ်စခန်းသို့ မမျှော်လင့်ဘဲရောက်ရှိလာခဲ့ရပြီဖြစ်သည်။

တကူးတကခြေရာခံလိုက်လံစုံစမ်းလျှင်ပင် ဌာနချုပ်စခန်းသို့ရောက်ရန်မလွယ်ထားနှင့် ဘယ်မှာရှိသည်ကိုပင် သဲလွန်စရရန်မလွယ်သောနေရာသို့ ဖုန်းလှေတစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိခဲ့ရခြင်းပင်ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်တွင်....

ရေနဂါးဂိုဏ်း၏အစဉ်အလာအရ အပြင်လူတစ်ဦးကို ရေနဂါးအဖွဲ့ဌာနချုပ်စခန်းသို့ခေါ်လာခွင့်ရှိသည်မဟုတ်ချေ။ သို့သော် ယခုတွင်မူ ဂိုဏ်းချုပ်ကြီးရေနဂါးဒေဝီကိုယ်တိုင်က ခေါ်ဆောင်လာခြင်းဖြစ်ရာ မည်သူက ဘာပြောဝံ့မည်နည်း။

မှန်ပါသည်။

ဖုန်းလွှေနှင့်ရှောင်မေဝါးကို ရေနဂါးဂိုဏ်းချုပ် ရေနဂါးဒေဝီကိုယ်တိုင်ကခေါ်ဆောင်လာခဲ့ခြင်းဖြစ်ပါသည်။

ယင်းကြောင့် မည်သူမျှမပြောသာဘဲနေခဲ့ရသည်။

အချို့သော ထိပ်တန်းဂိုဏ်းဝင်များက ဤလုပ်ရပ်ကို သိပ်မနှစ်သက်ကြချေ။ မိမိတို့၏ဂိုဏ်းချုပ်ကိုယ်တိုင်လုပ်ဆောင်ခဲ့သောကိစ္စဖြစ်၍ မပြောရဲ၍သာကြည့်နေခဲ့ရခြင်းဖြစ်သည်။

အခြားသူတစ်ဦးဆိုပါက ထိုလုပ်ရပ်သည် သေဒဏ်ပင်ထိုက်သင့်နိုင်သော အပြစ်ကျူးလွန်မှုပင်ဖြစ်ချေသည်။

ဖုန်းလွှေတို့အား ဌာနချုပ်စခန်းသို့ခေါ်လာသည်ကို မကျေနပ်ကြသည့်လူများထဲတွင် ငါးမန်းနက်ရှီစီဖူမှာအဆိုးဆုံးဖြစ်သည်။

ငါးမန်းနက်ရှီစီဖူမှာ သေဆုံးသွားပြီဖြစ်သည့်ငါးမန်းဖြူတိုးစိန်ထက် တစ်ဆင့်နိမ့်သူဖြစ်သည်။



ငါးမန်းဖြူတိုးစိန်သေဆုံးသွားပြီဖြစ်သဖြင့် အစဉ်အလာအရ ဒုဂိုဏ်းချုပ်နေရာကို ငါးမန်းနက်ရှီစီဖူက ဆက်ခံရမည်ဖြစ်သည်။

သို့သော် ဂိုဏ်းချုပ်ရေနဂါးဒေဝီက သူ့အားဒုခေါင်းဆောင်နေရာသို့ လတ်တလောဆက်ခံခွင့်မပေးသေးချေ။

ထို့အတူ.... ရှီစီဖူကလည်း ဤအခွင့်အရေးကို ဂိုဏ်းချုပ်ရေနဂါးဒေဝီထံမှတောင်းဆိုခြင်းမရှိပေ။

အကြောင်းမှာ.... အစဉ်အလာအရ တစ်ချိန်ချိန်တွင် ဒုဂိုဏ်းချုပ်ရာထူးအား မိမိသာ ဆက်ခံခွင့်ရရှိမည်ကို သိရှိထားသောကြောင့်ဖြစ်သည်။ သို့သော် .... ယခုအချိန်တွင် ရှီစီဖူသည် ခပ်အေးအေးနေ၍မရတော့ချေ။

ဂိုဏ်းချုပ်ရေနဂါးဒေဝီသည် အစဉ်အလာကိုချိုးဖောက်ပြီး လူစိမ်းများကို ဌာနချုပ်စခန်းသို့ခေါ်ဆောင်လာခဲ့ပြီမဟုတ်ပါလား။

ထို့အတူ....

ဒုဂိုဏ်းချုပ်ရာထူးကိုလည်း အစဉ်အလာကိုချိုးဖောက်၍ အခြားသူကိုမပေးနိုင်ဟု မည်သူအတတ်ပြောနိုင်မည်နည်း။

ဂိုဏ်းချုပ်ရေနဂါးဒေဝီသည် သူမ၏အလိုဆန္ဒအတွက် ဘာမဆိုလုပ်ဝံ့သူဖြစ်ကြောင်း ရှီစီဖူ ကောင်းစွာသိထားသည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ရေနဂါးဒေဝီကို စိတ်မချရသည့် နောက်အကြောင်းအချက် တစ်ချက်ရှိပေသေးသည်။

ယင်းအကြောင်းအချက်ကား ဖုန်းလှေသည် မိန်းမသားများ မျက်စိကျလောက်အောင် ယောကျ်ားပီသစွာချောမောခန့်ညားနေခြင်းဖြစ်သည်။

မှန်ပါသည်။

ရေနဂါးဒေဝီ၏အပြုအမူများက စိတ်မချချင်စရာပင် ဖြစ်နေသည်မဟုတ်ပါလား။

ဒုတိယမြောက်ညတွင် ထိုအချက်သည် ပို၍သိသာထင်ရှားစွာပေါ်လွင်လာခဲ့လေသည်။

အကြောင်းကား ညစာစားပွဲဖြင့်ဧည့်ခံရန် ရေနဂါးဒေဝီက ဖုန်းလှေတို့ဇနီးမောင်နှံအား လူလွှတ်၍ဖိတ်ကြားလိုက်ခြင်းကြောင့်ဖြစ်ပေသည်။

ဖုန်းလှေတို့ဇနီးမောင်နှံလည်း လာခေါ်သည့်လူနှင့်တစ်ပါတည်းလိုက်ပါလာခဲ့ကြလေသည်။

ဖုန်းလှေသည် ရေနဂါးဒေဝီ၏အပြုအမူကြောင့် လွန်စွာအံ့သြနေမိသည်။ အမှန်ဆိုလျှင် သူသည်ရေနဂါးဂိုဏ်း၏အကြီးမားဆုံးသောရန်သူဖြစ်သည်။



ထို့ပြင်.... သူကိုယ်တိုင်လည်း ရေနဂါးဂိုဏ်း၏လက်ထဲကျရောက်နေပြီဖြစ်သည်။

ထို့ကြောင့်.... သူသည် ရေနဂါးဂိုဏ်း၏လက်ခုပ်ထဲမှရေဖြစ်သည်။ ရေနဂါးဂိုဏ်းအနေဖြင့် သူ့အား မှောက်လိုမှောက် လှန်လိုလှန် စိတ်ကြိုက်ညှဉ်းပန်းနှိပ်စက်၍ရနိုင်ပေမည်။

သို့ပါလျက် ရေနဂါးဒေဝီသည် သူ့အားအထူးဧည့်သည်ပမာ ကောင်းမွန်စွာနေထိုင်စေသည်။

ထို့မျှမက ညစာစားပွဲဖြင့်အရေးတယူဧည့်ခံရန် လူလွှတ်၍ခေါ်နိုင်းလိုက်ပြန်ပြီဖြစ်သည်။

ရေနဂါးဒေဝီက သူ့အား ဤမျှအထိအရေးပေးလိုက်လျှောနေသည်မှာ မည်သည့်အကြောင်းကြောင့်ပါနည်း။

သူ့အား အချုပ်သတ်ခြင်းမဖြစ်နိုင်ပြီလော။

ဖုန်းလှေသည် စဉ်းစားရကျပ်နေလေတော့၏။

မည်သို့မျှ နားမလည်နိုင်အောင်ဖြစ်နေမိတော့၏။

ဇနီးဖြစ်သူရှောင့်မေဝါးက သူ၏လက်မောင်းကို အားကိုးတကြီးဖက်တွယ်ကာ လိုက်ပါလာခဲ့သည်။

မကြာမီ သူတို့သည် အဆောက်အဦးတစ်ခုသို့ရောက်ရှိလာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအဆောက်အအုံမှာ ကြီးမားကျယ်ဝန်းခြင်းမရှိပါ။

သို့သော်... သပ်သပ်ရပ်ရပ်တော့ရှိလေသည်။

ရေနဂါးဂိုဏ်း၌ာန ချုပ်စခန်း၏စားသောက်ခန်းမ ဖြစ်ဟန်တူသည်။

အဆောက်အအုံထဲတွင် မီးများလင်းထိန်နေအောင်ထွန်းညှိထားသည်ကိုတွေ့ရလေသည်။ အဆောက်အအုံ၏အလယ်တွင် စားပွဲရှည်ကြီးတစ်လုံးချထားသည်။

စားပွဲထိပ်တွင် ရေနဂါးဒေဝီထိုင်နေ၏။

သူမ၏ညာဘက်တွင် လူလေးဦးရှိပြီး ဘယ်ဘက်တွင် လူသုံးဦးမျက်နှာချင်းဆိုင် တန်းစီထိုင်နေကြသည်။

စားပွဲတစ်ခုလုံးတွင် အရက်နှင့်စားသောက်ဖွယ်ရာများဖြင့်ပြည့်နှက်နေသည်။ ဖုန်းလွှေတို့ရောက်လာသောအခါ ရေနဂါးဒေဝီက အစေးတယူကြိုဆိုကာနေရာထိုင်ခင်းများချပေးလိုက်သည်။

ထို့နောက် ရေနဂါးဒေဝီသည် သူမ၏နံဘေးမှလူခုနစ်ဦးနှင့် ဖုန်းလွှေတို့အား မိတ်ဆက်ပေးလိုက်သည်။

ယင်းခုနစ်ယောက်မှာ ငါးမန်းနက်ချီစီဖူ...

ကျားပွက်သိုင်းသမားတောင်းရန်...

ရဲတင်းသိုင်းသမားကောင်းလီ...



လုံရှည်သိုင်းသမားကောင်းဆု...

တေးနှစ်လက်သိုင်းသမားကျင်းဆန်...

လက်နက်ပွှန်းသိုင်းသမားကျိုမှုနှင့်လှော်တက်သိုင်းသမားကျိုလင်တို့ဖြစ်ကြပေသည်။

သူတို့ခုနစ်ယောက်သည် ရေနဂါးဂိုဏ်း၏ထိပ်တန်းအဖွဲ့ဝင်များဖြစ်ကြလေသည်။ သူတို့ခုနစ်ယောက်အား ငါးမန်းစွယ်ခုနစ်လက်ဟုလည်း တင်စားခေါ်ဝေါ်ကြသည်။

အကြောင်းကား... သူတို့သည် ငါးမန်းဖြူတိုးစိန်၏တပည့်ကြီးများဖြစ်ကြသောကြောင့်ဖြစ်သည်။

ရေနဂါးဂိုဏ်း၏ထိပ်တန်းသိုင်းသမား အယောက်နှစ်ဆယ်အနက် ငါးမန်းဖြူတိုးစိန်အပါအဝင် ခြောက်ယောက်မှာ သေသူသေ၊ အဖမ်းခံရသူအဖမ်းခံရဖြစ်ကုန်ကြသည်။

ကျန်ခြောက်ယောက်မှာလည်း ဌာနချုပ်စခန်းတွင်မရှိဘဲ ခရီးလွန်နေကြသည်။ ရေနဂါးဒေဝီနှင့် ငါးမန်းစွယ်ခုနစ်လက်တို့သာ ဌာနချုပ်စခန်းတွင်ကျန်ရှိသည်။

ရေနဂါးဒေဝီသည် ရေနဂါးဂိုဏ်း၏ထိပ်တန်းသိုင်းသမားများနှင့်သာ ဖုန်းလွှေကိုမိတ်ဆက်ပေးခြင်းဖြစ်သည်။ ဌာနချုပ်စခန်းတွင်ရှိနေသောကျန်သိုင်းသမားများနှင့် မိတ်ဆက်ပေးခြင်းမပြုချေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့်....

ဖုန်းလွှေအား သူမ၏ဂိုဏ်းမှထိပ်တန်းသိုင်းသမားများနှင့် တန်းတူသဘောထားသည်ဟုဆိုနိုင်ပေသည်။

ရေနဂါးဒေဝီ၏ညစာစားပွဲတွင် ရေသတ္တဝါဟင်းလျာများကို သာကျွေးမွေးဧည့်ခံသည်။

ငါးဟင်းလျာအမျိုးမျိုး...

ပုစွန်ဟင်းလျာအမျိုးမျိုး...

ကဏန်းဟင်းလျာအမျိုးမျိုး...

လိပ်သားဟင်းလျာအမျိုးမျိုးနှင့် အခြားရေသတ္တဝါဟင်းလျာအမျိုးမျိုးတို့ဖြင့် စုံလင်လှသည်။

စားပွဲဝိုင်းတွင်ထိုင်ကြသည့်အခါ ....

ရေနဂါးဒေဝီသည် ဖုန်းလွှေ၏နံဘေးတွင်ဝင်ထိုင်လိုက်၏။

ထိုအခါ ငါးမန်းနက်ချီစီဖူဆိုသူ မျက်နှာကွက်ခနဲပျက်သွားကြောင်း ဖုန်းလွှေသတိပြုမိလိုက်သည်။ သူ၏ပန်းကန်ထဲသို့ ရေနဂါးဒေဝီကိုယ်တိုင်ဟင်းလျာများခတ်ထည့်ပေးသည့်အခါ ချီစီဖူ၏မျက်နှာမှာ ပို၍မည်းမှောင်သွားလေတော့၏။

ထို့အတူပင် ဖုန်းလွှေ၏ဇနီးရှောင်မေဝါးလည်း သိသိသာသာပင် မျက်နှာပျက်ယွင်းသွားလေသည်။



ထိုအဖြစ်ကို ရေနဂါးဒေဝီသတိပြုမိလိုက်သည်။

သို့သော် သူမ လုံးဝအရေးမထားချေ။

သူမ၏ကိုယ်ခန္ဓာကို ဖုန်းလွှေဘက်သို့လူချင်းထိမတတ် အသာယိမ်းကာ....

"ရှင့်ကို ကျွန်မတစ်ခုမေးချင်တယ်၊ ရှင့်ထင်မြင်ချက်ကိုပါ"

ဖုန်းလွှေမျက်မှောင်ကုပ်သွားသည်။

"ဘာများပါလိမ့်"

"ကျွန်မတို့ဒွာနချုပ်စခန်းနေရာက လုံခြုံလို့ဝှက်မှုရှိရဲ့လား လို့မေးချင်တာပါ"

ဖုန်းလွှေက အသာခေါင်းညိတ်ပြသည်။

"အတော့်ကိုလျှို့ဝှက်ပြီး လုံခြုံတဲ့နေရာတစ်ခုပါ၊ ဒါကြောင့် ဘယ်လိုမှစုံစမ်းထောက်လှမ်းလို့မရခဲ့တာပေါ့"

ရေနဂါးဒေဝီကပြုံးလိုက်သည်။

"ရေနဂါးဂိုဏ်းမှာ ဂိုဏ်းသားအင်အားငါးရာကျော်ရှိတယ်၊ အခု တချို့အဖမ်းခံရပြီး တချို့သေဆုံးကုန်ကြတာတောင် ကျွန်မတို့ ဂိုဏ်းမှာ အင်အားသုံးရာကျော်ကျန်သေးတယ်"

ရေနဂါးဒေဝီက မည်သည့်ရည်ရွယ်ချက်ဖြင့်ပြောနေမှန်း ဖုန်းလွှေနားမလည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူမပြောမနေသည်ကိုသာ ခေါင်းလေးတညိတ်ညိတ်ဖြင့် နားထောင်နေလိုက်လေသည်။

ရေနဂါးဒေဝီက ဖုန်းလွေအားတစ်ချက်ကြည့်ပြီး သူမတို့ ဂိုဏ်း၏ကြွယ်ဝချမ်းသာပုံများကို ဆက်လက်ပြောပြလေသည်။

"ကျွန်မတို့ဂိုဏ်းက ဒီနယ်ပယ်တစ်ဝိုက်မှာရှိတဲ့မြစ်ချောင်း အင်းအိုင်တွေကိုလွှမ်းမိုးထားတယ်၊ နှစ်ပေါင်းများစွာ လုယက်တိုက်ခိုက်လို့ရတဲ့ရတနာပစ္စည်းကလဲ မနည်းဘူး"

ဖုန်းလွေသည် ရတနာပစ္စည်းများအကြောင်းကို စိတ်မဝင်စားပါ။

ပြောသူကပြောနေသဖြင့် မကောင်းတတ်၍သာခေါင်းတညိတ်ညိတ်နှင့် အင်းလိုက်နားထောင်နေရခြင်းဖြစ်သည်။

"အင်း...အင်း..."

ရေနဂါးဒေဝီသည် ရေနဂါးဂိုဏ်း၏ကြွယ်ဝချမ်းသာမှုနှင့် ဤနယ်တစ်ဝိုက်၌ ဩဇာအာဏာကြီးမားမှုများကို အားရကျေနပ်ဖွယ်ကောင်းအောင်ပြောဆိုပြီးနောက် ရုတ်တရက် မထင်မှတ်သော စကားတစ်ခွန်းကိုပြောချလိုက်လေသည်။

"ရှင် ကျွန်မတို့အဖွဲ့နဲ့ပူးပေါင်းပါလား၊ ဒီအတွက် ရှင်မနစ်နာစေရပါဘူး"



ရေနဂါးဒေဝီထံမှ လုံးဝမမျှော်လင့်မထားသောစကားကြောင့် ဖုန်းလွေမှာ မျက်လုံးများပြူးသွားလေသည်။ ချက်ချင်းပင် လက်ကာပြ၏၏ရင်း ကမန်းကတန်းပြောလိုက်သည်။

"ဟာ... မဖြစ်နိုင်ပါဘူး၊ ဘယ်လိုမှမဖြစ်နိုင်ပါဘူး"

ဖုန်းလွေ ပျာပျာသလဲငြင်းဆန်လိုက်သည်။

ရေနဂါးဒေဝီကပြုံးလိုက်သည်။

"ရှင် ကျွန်မနဲ့ သိုင်းပညာချင်းယှဉ်ပြိုင်တာ အရှုံးနိမ့်ခဲ့တယ်မဟုတ်လား"

ထိုစကားကြောင့် ဖုန်းလွေမှာအောင့်သက်သက်ဖြစ်သွားလေသည်။ သူသည် မချိပြုံးပြုံးလိုက်ပြီး ....

"အင်း.... ဟုတ်ပါတယ်"

"ဒါနဲ့တောင် ရှင်က ဘာကြောင့်ကျွန်မတို့နဲ့မပူးပေါင်းချင်ရတာလဲ"

ရေနဂါးဒေဝီကမကျေမနပ်လေသံဖြင့်မေးသည်။

ဖုန်းလွေ၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

သူသည် ပြတ်သားသောလေသံဖြင့်ပြောလိုက်၏။

"သိုင်းပညာယှဉ်ပြိုင်ပြီး .... ကျွန်တော်ရှုံးရင် ခင်ဗျားရဲ့ ဩနချုပ်စခန်းကို ကျွန်တော်လိုက်ခဲ့မယ်လို့ပဲပြောခဲ့တာပါ၊ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့ပူးပေါင်းမယ်လို့မပြောခဲ့ပါဘူး"

ရေနဂါးဒေဝီက သဘောကျစွာရယ်မောလိုက်သည်။

ပြီးမှ တိုးညင်းသောလေသံဖြင့် သူ၏အနားသို့ကပ်၍ပြောလိုက်သည်။

"ရှင် ကျွန်မတို့နဲ့မပူးပေါင်းဘူးဆိုရင် ကျွန်မကပဲ ရှင့်ဆီမှာ အညံ့ခံပြီးလာပူးပေါင်းမယ်လေ.... ဘယ်လိုလဲ"

ထိုစကားကြောင့် ဖုန်းလွှေအကျပ်တွေ့သွားသည်။

သူမ၏စကားအဓိပ္ပါယ်ကို ဖုန်းလွှေနားမလည်ပါ။

သူမ၏စကားက ဘာကိုဆိုလိုချင်မှန်းမသိသဖြင့် ဖုန်းလွှေအနေဖြင့် သူမအားမည်သို့ပြန်ပြောရမှန်းမသိဖြစ်သွားသည်။

သူခေတ္တမျှငိုင်တွေသွားသည်။

ပြီးမှ ရေနဂါးဒေဝီဘက်လှည့်ကာမေးလိုက်သည်။

"ခင်ဗျားဘာကိုဆိုလိုတာလဲ"

ရေနဂါးဒေဝီက မပွင့်တပွင့်ရယ်သည်။ ရယ်ရုံသာရယ်၏။ ဖုန်းလွှေအား မည်သို့မျှအဖြေပြန်မပေးချေ။ ထို့နောက်... သူမသည် ဤကိစ္စနှင့်ပတ်သက်၍ မည်သည့်စကားမျှဆက်လက် ပြောဆိုခြင်းမပြုတော့ချေ။ မေ့မေ့ပျောက်ပျောက်နှင့်အခြားအကြောင်းအရာများကို သာပြောဆိုနေတော့၏။



အတန်ကြာပြောဆိုပြီးနောက် သူမသည် စားပွဲဝိုင်းမှလူအားလုံးကိုလက်ဝှေ့ယမ်းပြလိုက်ပြီး ....

"ကျွန်မစကားကောင်းနေတာနဲ့ အစားအသောက်တွေတောင် အေးကုန်တော့မယ်"

တစ်ဆက်တည်းပင် ....

"ကဲ... ပျော်ပျော်ပါးပါးစားသောက်ကြပါရှင်"

ထို့နောက် ပျော်ပျော်ပါးပါးပင် စားသောက်လိုက်ကြသည်။

ညစာစားပွဲမှာစည်ကားသက်ဝင်လာလေ၏။

ဖုန်းလွှေလည်း အများနှင့်ရောကာ စားသောက်လိုက်လေသည်။ သို့သော် စားသောက်ရသည်မှာ ခံတွင်းမတွေ့လှချေ။

အကြောင်းကား သူ၏စိတ်ထဲတွင် အတွေးများစွာလှုပ်ရှားနေခြင်းကြောင့်ဖြစ်သည်။ ရေနဂါးဒေဝီက သူမကိုယ်တိုင်အညံ့ခံကာ မိမိနှင့်လာရောက်ပူးပေါင်းမည်ဟုပြောခဲ့သည်။

သူမ၏စိတ်ထဲတွင် မည်သည့်ရည်ရွယ်ချက်ရှိနေပါသနည်း။

မိမိနှင့်ပူးပေါင်းမည်ဆိုသည်မှာ မည်သည့်သဘောနည်း။

လွှန်စွာနားလည်ရခက်သော ပုစ္ဆာတစ်ပုဒ်ပင်ဖြစ်ပေတော့သည်။

****

www.burmeseclassic.com



## အခန်း (၈)
## အပေးအယူ

---

လဆန်းစရက်မို့ မိုးကောင်ကင်တွင် လခြမ်းပဲ့ကလေးသာ ထွက်ပေါ်နေသည်။ ကြယ်ကလေး လေးငါးရက်ခန့်မှာ လင်းတစ်ခါ မှိန်တစ်လှည့်ဖြင့်တောက်ပနေကြသည်။

လခြမ်းပဲ့ကလေးနှင့် ကြယ်ကလေးများ၏အလင်းရောင်သည် မြေပေါ်သို့မပီပိုးတဝါးကျဆင်းနေသည်။

လရောက်အောက်တွင် လူနှစ်ဦးလျှောက်လှမ်းနေကြသည်။

ထိုလူနှစ်ယောက်မှာ ဖုန်းလွှေတို့ဇနီးမောင်နှံဖြစ်သည်။

ဖုန်းလွှေနှင့်ရှောင်မေဝါးတို့မှာ တစ်ယောက်လက်ကိုတစ်ယောက်က တင်းကျပ်စွာဆုပ်ကိုင်ထားကြသည်။ သူတို့သည် ညစာစားပွဲမှပြန်လာကြခြင်းဖြစ်သည်။ ရေနဂါးဒေဝီလည်း ချီစီဖူတို့လူစုခြံရုံကာထွက်ခွာသွားပြီဖြစ်သည်။



ယင်းကြောင့် ဖုန်းလွှေတို့ဇနီးမောင်နှံမှာ သူတို့အတွက် ပေးထားသောအိမ်လေးရှိရာသို့ပြန်လာခဲ့ခြင်းဖြစ်သည်။

ထိုအိမ်လေးမှာ စခန်း၏အရှေ့ဘက်ပိုင်းတွင်ရှိလေသည်။

သို့သော် အတော်ပင် သေသပ်လျက်ရှိသည်။

အပြင်ခန်း၊ အိပ်ခန်းနှင့်ရေချိုးခန်းများပါရှိလေသည်။

ထိုအိမ်ကလေး၏ပတ်ဝန်းကျင်တွင် အစောင့်အကြပ်များ ထူထပ်စွာချထားသည်။

တစ်ယောက်နှင့်တစ်ယောက် အလှမ်းသိပ်မကွာလှချေ။

ထို့ပြင် လှည့်လည်စောင့်ကြပ်နေကြသောကင်းသမားများလည်းရှိသည်။ ယင်းကြောင့် အတွေ့အကြုံနုနယ်သော ရှောင်မေဝါးပင်လျှင် မိမိတို့၏အခြေအနေသိပ်မကောင်းကြောင်းနားလည် ရိပ်မိလိုက်လေသည်။

သူမသည် ခင်ပွန်းဖြစ်သူဖုန်းလွှေအား အားကိုးတကြီးမော့ကြည့်လိုက်သည်။

ဖုန်းလွှေက အားပေးနှစ်သိမ့်ဟန်ဖြင့်ပြုံးပြပြီး ရှောင်မေဝါးကိုအိမ်လေးအတွင်းသို့ခေါ်ဆောင်လာတော့သည်။

****

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလွေတို့ဇနီးမောင်နှံအိမ်ကလေးထဲဝင်လာခဲ့သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ရှောင်မေဝါးက ဖုန်းလွေအနီးသို့တိုးကပ်လိုက်၏။

ထို့နောက် ဖုန်းလွေကြားသာရုံမျှ တိုးတိုးလေသံဖြင့်ပြောလိုက်လေသည်။

"ရေနဂါးဒေဝီက မရှိသားဘူးနော်"

ဖုန်းလွေက ရှောင်မေဝါးအားကြည့်လိုက်၏။

ပြီးမှ အသံတိုးတိုးဖြင့်ပြန်မေးလိုက်သည်။

"ဘာမရှိးတာလဲ"

ထိုအမေးစကားကြောင့် ရှောင်မေဝါး ရုတ်တရက် ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။

ပြောသင့်မပြောသင့် ဝေခွဲမရနိုင်ဘဲ ဇဝေဇဝါဖြစ်နေ၏။

ထို့ကြောင့် တော်တော်နှင့်စကားမပြောနိုင်ဘဲဖြစ်လျက်ရှိသည်။ အတန်ကြာမှ သူမသည် မြိုသိပ်မထားနိုင်ဟန်ဖြင့် ပြောလိုက်လေသည်။

"ရေနဂါးဒေဝီက အစ်ကို့ကိုမျက်စိကျနေတယ်လို့ ကျွန်မထင်မိတာပဲ"

ဖုန်းလွေ မျက်မှောင်ကုပ်သွားသည်။



ရှောင်မေဝါးအား ဖျတ်ခနဲကြည့်ကာ ....

"ညီမက ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

ရှောင်မေဝါးကတိုးတိမ်သောလေသံဖြင့် ....

"ညစာစားပွဲတုန်းက ရေနဂါးဒေဝီရဲ့မျက်လုံးက အစ်ကို့ဆီမှာပဲရောက်နေတယ်လေ၊ အစ်ကိုနဲ့စကားပြောတဲ့အခါမှာလဲ အတော့်ကို မူယာမာယာများလွန်းတယ်၊ နောက်ပြီး... အစ်ကို့ကိုလဲ အရမ်းအရေးပေးလွန်းတယ်... ဒါကြောင့်ပါ"

ပြောနေရင်းမှပင်....

ရှောင်မေဝါး၏မျက်လုံးအိမ်ထဲတွင် မျက်ရည်များရစ်ဝဲလာလေသည်။ တစ်စုံတစ်ခုဆုံးရှုံးသွားရသလို သူမ၏ရင်ထဲ၌ခံစားနေရသည်။ ချက်ချင်းဆိုသလိုပင် ပါးပြင်မို့မို့ပေါ်သို့မျက်ရည်ဥများစီးဆင်းကျလာလေသည်။

ဖုန်းလွေ သက်ပြင်းချလိုက်သည်။

သူတို့ဇနီးမောင်နှံမှာ တစ်ယောက်ကိုတစ်ယောက် အလွန်ချစ်ခင်မြတ်နိုးကြသည်။

ထို့ကြောင့် ....

ဖုန်းလွေသည် ရှောင်မေဝါး၏စိတ်ထဲတွင် မည်သို့ခံစားနေရမည်ကိုအကဲခတ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ .... သူသည် ဇနီးသည် ရှောင်မေဝါးအား အားပေး နှစ်သိမ့်လိုက်သည်။

"မေဝါး.. ညီမ ဘာမှစိတ်မကောင်းမဖြစ်ပါနဲ့၊ အစ်ကိုဟာ ငါးစိမ်းမြင်ငါးကင်ပစ်တတ်တဲ့လူတစ်ယောက်မဟုတ်ဘူး။ ဒါကြောင့် အစ်ကို့အပေါ်မှာစိတ်ချနေပါ၊ ဒီအတွက်နဲ့တော့ ညီမဘာမှ စိတ်ညစ် မနေပါနဲ့"

ထိုသို့ပြောလိုက်မှ ရှောင်မေဝါးသည် ပို၍စိတ်အားငယ်ကာ တစ်ချက်ရှိုက်လိုက်မိသည်။

"အင့်...."

ဖုန်းလွှေက သူမ၏ပါးပြင်ပေါ်မှမျက်ရည်စများအား လက်ဝါးဖြင့် အသာအယာသုတ်ပေးလိုက်သည်။

ပြီးမှ ဆက်ပြောသည်။

"တကယ်လို့ ညီမပြောသလို ရေနဂါးဒေဝီက အစ်ကို့အပေါ် မရိုးသားတဲ့သဘောထားရှိနေပြီထားဦး၊ အစ်ကို့အနေနဲ့ သူ့အလိုဆန္ဒအတိုင်း လုံးဝလိုက်လျောမှာမဟုတ်ပါဘူး၊ အသက်ကိုသာ အသေခံလိုက်မယ်၊ ဟုတ်ပြီလား"

ရှောင်မေဝါးက ဖုန်းလွှေအား စိုက်ကြည့်လိုက်သည်။

"အစ်ကို့ရဲ့စေတနာမေတ္တာတွေကို ညီမနားလည်ပါတယ်၊



လှေကြီးပေါ်မှာတုန်းက အစ်ကိုနဲ့ညီမ ဘာမှမပတ်သက်သလိုနေဖို့ အစ်ကိုမှာခဲ့တာ ညီမအပေါ်အန္တရာယ်မကျရောက်စေချင်လို့ဆိုတာ ညီမသိပါတယ်"

ရှောင်မေဝါးသည် စကားကိုခဏရပ်ထားလိုက်သည်။

ပြီးမှ သက်ပြင်းချကာ စကားဆက်လိုက်သည်။

"အင်းလေ... အခုမှတော့ ဘာမှမတတ်နိုင်တော့ပါဘူး၊ အစ်ကိုကော ညီမပါ အန္တရာယ်စက်ကွင်းထဲကိုကျရောက်နေကြပြီပဲ၊ အစ်ကို့ဘာသာ ခွန်စန်းမြို့မှာအလုပ်လုပ်နေတာအကောင်းသား၊ အခုတော့ ရှင်မင်မြို့ကိုလာပြီး ရေနဂါးအဖွဲ့ကိုချေမှုန်းတော့ ကျွန်မတို့အဖို့ ဘေးရန်ကြုံရပြီပေါ့"

ဖုန်းလွှေက မည်သည့်စကားမျှပြန်မပြောပါ။

သက်ပြင်းတစ်ချက်သာ ချလိုက်သည်။

ရှောင်မေဝါးက မကျေမနပ်ဖြင့် စကားဆက်ပြန်သည်။

"ရှင်မင်မြို့ဝန်အနေနဲ့ ကျွန်မတို့အပြန်လမ်းမှာ ဘေးကင်းလုံခြုံမှုရှိအောင်တော့ စီစဉ်ပေးလိုက်ဖို့ကောင်းပါတယ်၊ ပြီးတော့ အစ်ကိုကလဲ ရေနဂါးအဖွဲ့ကြီးစိုးနေတဲ့မြစ်ကြောင်းအတိုင်းခရီးထွက်ခဲ့ဖို့မကောင်းဘူး"

ရှောင်မေဝါးက သူ့ရင်ထဲခံစားနေရသည့်အတိုင်း ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ ဖုန်းလွေက သူမအား စိုက်ကြည့်လိုက်သည်။

သူမ၏မျက်နှာမှာ အားငယ်ညှိုးနွမ်းနေသည်။ သူမသည် ရိုးသားသည့်မိန်းကလေးတစ်ယောက်ဖြစ်သည်။ ပရိယာယ်မာယာလည်းမရှိချေ။ အရိုးခံအတိုင်းသာ စဉ်းစားပြောဆိုတတ်သည်။

မူယာမာယာဆိုသည်ကို လုံးဝနားမလည်ရှာပါ။

ဖုန်းလွေသည် ဇနီးသည်ရှောင်မေဝါးအပေါ် စာနာသနားနေမိသည်။ သူ့အနေဖြင့် သူမအားရှင်းပြလိုသည့်အကြောင်းကိစ္စများရှိနေသည်။ သို့သော် ဖုန်းလွေကရှင်းပြခြင်းမပြုပါ။

အကြောင်းကား ထိုအကြောင်းများအားရှင်းပြရန်အခွင့်အခါမသင့်သေးသောကြောင့်ဖြစ်ပါသည်။

ယင်းကြောင့် ဖုန်းလွေသည် ရှောင်မေဝါးအား ရှင်းပြလိုသည့်အကြောင်းများကိုမပြောမိရန် ချုပ်တည်းထားလိုက်ရလေတော့သည်။

****



မီးအိမ်မှမီးရောင်များ အခန်းတွင်းသို့ဖြာကျနေသည်။

ဖုန်းလွေသည် ခုတင်ပေါ်သို့ အသာလဲလျောင်းလိုက်သည်။

ရှောင်မေဝါးက သူ၏အနီးတွင်ထိုင်နေသည်။

သူမ၏မျက်နှာမှာကြည်လင်မှုမရှိချေ။ မှုန်မှိုင်းနေသည်။

သူမက ဖုန်းလွေအား အကဲခတ်ကြည့်ကာပြောလိုက်သည်။

“အစ်ကိုအနေနဲ့ ရေနဂါးဒေဝီပြောတဲ့အတိုင်း သဘောတူလက်ခံပြီး ရေနဂါးကိုဏ်းနဲ့ပူးပေါင်းလိုက်ရင် လက်ရှိရင်ဆိုင်နေရတဲ့အန္တရာယ်ကတော့လွတ်မှာပဲနော်”

သူမ၏အသံမှာတိမ်ဝင်နေသည်။ ပြောရင်းမှ ငိုသံပါလာ၏။

ရှောင်မေဝါးကဆက်ပြောလိုက်ပြန်သည်။

“အင်းလေ ရေနဂါးဒေဝီဟာ ချောမောလှပတဲ့မိန်းကလေးတစ်ယောက်ပဲ၊ ပစ္စည်းဥစ္စာလဲ အများကြီးပိုင်ဆိုင်ထားတယ်ဆိုတော့ အစ်ကို့အဖို့ သူနဲ့နီးစပ်ရင် အများကြီးအကျိုးရှိမှာပါ”

စကားဆုံးသည်နှင့် ရှောင်မေဝါးသည် ဝမ်းနည်းကြေကွဲစွာ ငိုကြွေးလိုက်လေသည်။

ဖုန်းလွေမှာ အတော်ပင် စိတ်မကောင်းဖြစ်သွားရလေ၏။

သူသည် ရှောင်မေဝါးအား ရင်ခွင်ထဲသို့ ဆွဲယူပွေ့ဖက်လိုက်သည်။ ထို့နောက် မျက်ရည်များသုတ်ပေးကာ ချော့မော့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့ညီမရယ်"

"တိတ်... တိတ်"

ပြီးမှ ရှောင်မေဝါးအား အားပေးနှစ်သိမ့်လိုက်သည်။

"အခုရင်ဆိုင်နေရတဲ့အန္တရာယ်အတွက် စိုးရိမ်ပူပန်မနေပါနဲ့ အစ်ကိုမှာရင်ဆိုင်ကျော်လွှားနိုင်တဲ့နည်းလမ်းတွေရှိပါတယ်"

"ဒါကြောင့်.... ညီမအနေနဲ့ ကောင်းကောင်းအနားယူပြီး အိပ်စက်လိုက်ပါ၊ ဒါမှ အရေးအကြောင်းရယ်လို့ဖြစ်လာခဲ့ရင် ညီမမှာ ခွန်အားအပြည့်ရှိနေမှာပေါ့"

"အိပ်လိုက်တော့ဟုတ်လား"

သူသည် ရှောင်မေဝါးကိုချော့ကာအိပ်စက်ခိုင်းလိုက်သည်။

သူမ နားလည်သဘောပေါက်သွားပုံရသည်။

မည်သည့်စကားမှမဆိုတော့ဘဲ ကြိုးစား၍ အိပ်စက်လိုက်သည်။ မကြာမီ သူမ နှစ်ခြိုက်စွာအိပ်ပျော်သွားလေတော့၏။

****



ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ အစောင့်အကြပ်များမှလွဲ၍ ရေနဂါးဂိုဏ်းဌာနချုပ်ရှိ လူအားလုံးအိပ်ပျော်နေကြပြီဖြစ်သည်။

သို့သော် ဌာနချုပ်စခန်းတွင်းရှိ တစ်ခုသောအခန်းငယ်မှာ မီးလင်းလျက်ရှိသည်။ ထို့ကြောင့် ထိုအခန်းထဲမှလူများ အိပ်စက်ခြင်း မရှိသေးကြောင်းသိသာနိုင်ပေသည်။

မှန်ပေသည်။

အခန်းထဲတွင် လူတစ်ယောက်ရှိနေသည်။

ထိုလူမှာ အခြားသူမဟုတ်ချေ။

ရေနဂါးဒေဝီပင်ဖြစ်သည်။

ရေနဂါးဒေဝီသည် ကုလားထိုင်တစ်လုံးပေါ်၌ထိုင်နေသည်။ သူမ၏မျက်နှာမှာ လေးနက်တည်ကြည်နေ၏။ တစ်စုံတစ်ခုကို လေးလေးနက်နက်စဉ်းစားတွေးတောနေဟန်ရှိသည်။

သူမ၏နဖူးကြောများပင် ထောင်ထနေလေသည်။

သို့ဖြစ်ရာ ရေနဂါးဒေဝီသည် တစ်စုံတစ်ခုသောအကြောင်းကို အလေးအနက်စဉ်းစားနေကြောင်းသိသာနိုင်ပေသည်။

ရေနဂါးဒေဝီသည် ညစာစားပွဲမှပြန်လာသည့်အခါ သူမ၏အခန်းသို့တန်းမသွားဘဲ စာကြည့်ခန်းထဲသို့ဝင်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကား သူမသည် တစ်ယောက်တည်း လွတ်လွတ်လပ်လပ်စဉ်းစားတွေးတောလိုခြင်းကြောင့်ဖြစ်သည်။

အတွေးနယ်ချဲ့နေမိခြင်းကြောင့် အချိန်များတရွေ့ရွေ့ကုန်ဆုံးသွားသည်ကိုပင် သတိမပြုမိလိုက်ချေ။

ယင်းအခိုက် တံခါးခေါက်သံထွက်ပေါ်လာသည်။

“ဒေါက်... ဒေါက်... ဒေါက်”

ရုတ်တရက် ထွက်ပေါ်လာသည့်တံခါးခေါက်သံကြောင့် ရေနဂါးဒေဝီသည် ဆတ်ခနဲဖြစ်ကာ သတိပြန်ဝင်လာသည်။

အတွေးစများလည်းပြတ်သွားလေ၏။

ယင်းကြောင့် ရေနဂါးဒေဝီဒေါသထွက်သွားသည်။

မကျေမနပ်လေသံဖြင့် လှမ်းမေးလိုက်သည်။

“ဘယ်သူလဲဟေ့”

ထိုအခါ အခန်းပြတင်းဘက်မှလူကပြန်ဖြေသည်။

“ကျွန်တော်ပါ”

ထိုအသံမှာ ငါးမန်းနက်ချီစီဖူ၏အသံဖြစ်ကြောင်း ရေနဂါးဒေဝီမှတ်မိလိုက်သည်။ ထို့ကြောင့် သူမသည် စိတ်ကိုအသာလျှော့ကာဝင်ခွင့်ပြုလိုက်သည်။

“ဝင်လာခဲ့”



သူမ၏စကားသံနှင့်မရှေးမနှောင်းမှာပင် အခန်းတံခါးသည် အသာအယာပွင့်သွားလေ၏။

“ကျွီ...”

တံခါးပွင့်သံနှင့်အတူ လူတစ်ယောက် အခန်းတွင်းသို့ လှမ်းဝင်လာလေသည်။ ထိုလူမှာ ငါးမန်းနက်ချီစီဖူပင်ဖြစ်သည်။

ရေနဂါးဒေဝီက မျက်မှောင်ကုပ်ကာမေးလိုက်သည်။

“ချီစီဖူ... ရှင်ဘာကိစ္စရှိလို့လဲ”

သူက ထိုင်ခုံတစ်လုံး၌ဝင်ထိုင်လိုက်သည်။

ပြီးမှ သူမအား စိုက်ကြည့်ကာပြောလိုက်သည်။

“ဂိုဏ်းချုပ်ကြီးနဲ့ဆွေးနွေးစရာရှိလို့ပါ”

သူမ အံ့ဩသွားသည်။

“ဘာ... ကျွန်မနဲ့ဆွေးနွေးစရာရှိလို့ဟုတ်လား”

သူ ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်”

သူမက သူ့အားအကဲခတ်လိုက်သည်။

“ကဲ... ဆိုစမ်းပါဦး”

သူက သူမအား စိုက်ကြည့်ကာပြောလိုက်သည်။

“ဂိုဏ်းချုပ်ကြီးမနေ့កခေါ်လာတဲ့ ဖုန်းလွေတို့ကိစ္စပါ”

www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်မှောင်ကုပ်လိုက်သည်။

သူမက သဘောကျသောလေသံဖြင့်မေးလိုက်သည်။

"ဖုန်းလွေ... အင်း... ဘာဖြစ်သလဲ၊ ပြောစမ်းပါဦး"

သူက တွဲတိုးပင်ပြောချလိုက်သည်။

"ဂိုဏ်းချုပ်ကြီးအနေနဲ့ဌာနချုပ်စခန်းကို အပြင်လူတွေခေါ်လာဖို့မသင့်ပါဘူး။ ဒါဟာ အကြီးမားဆုံးစည်းကမ်းဖောက်မှုတစ်ခုပဲ"

သူမက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ရှင်ဝင်စွက်ဖက်စရာမလိုဘူး"

ချိုစီဖူ အောင့်သက်သက်ဖြစ်သွား၏။

သူက မကျေနပ်သောလေသံဖြင့်မေးလိုက်သည်။

"ဒီစည်းကမ်းကိုထုတ်ပြန်ထားတာဘယ်သူလဲ"

သူမကပြုံးလိုက်၏။

"ကျွန်မပဲလေ"

ချိုစီဖူက ရေနဂါးဒေဝီအားစိုက်ကြည့်ကာပြောလိုက်၏။

"ဂိုဏ်းချုပ်ကြီးထုတ်ပြန်ထားတဲ့စည်းကမ်းကို ဂိုဏ်းချုပ်ကြီးကိုယ်တိုင်ဖောက်ဖျက်တာတော့ လွန်တာပေါ့၊ ပြီးတော့...."

သူက ဆက်မပြောဘဲရပ်ထားလိုက်၏။

ရေနဂါးဒေဝီက ချိုစီဖူအားအကဲခတ်ကာမေးလိုက်သည်။



"ပြီးတော့ ဘာဖြစ်သလဲ"

သူ ပြောရခက်နေပုံရ၏။

အတန်ကြာမှ အားတင်းကာပြောလိုက်၏။

"ပြီးတော့ ဂိုဏ်းချုပ်ကြီးက သူ့အပေါ်ကိုသိပ်ပြီးအရေးပေးလွန်းတယ်လို့ထင်ပါတယ်"

သူမကမျက်နှာကိုမဲ့လိုက်၏။

ပြီးမှ ပြတ်သားသောလေသံဖြင့်ပြောလိုက်သည်။

"ဒါကျွန်မရဲ့ကိစ္စပါ၊ ရှင်နဲ့မဆိုင်ပါဘူး"

ချိုစီဖူ၏ရင်ထဲတွင် နံပြင်းသွားမိ၏။

"နောက်ပြီး စခန်းမှာရှိတဲ့လူတွေအားလုံးကလဲ ဒီကိစ္စကို မကျေနပ်ကြပါဘူး"

ရေနဂါးဒေဝီ၏မျက်နှာမှာ တင်းမာသွားလေ၏။

သူမက အရေးမစိုက်သည့်လေသံဖြင့်ပြောလိုက်လေသည်။

"မကျေနပ်လဲ ကျွန်မဂရုမစိုက်ဘူး"

ချိုစီဖူ အံ့သြသွားလေသည်။

သူက နားမလည်ဟန်ဖြင့်မေးမြန်းလိုက်၏။

"ဂိုဏ်းချုပ်ကြီးက ဘာကြောင့်များ သူ့ကို ဒီလောက်အထိ ကာကွယ်နေရတာလဲ၊ သူဟာ ကျွန်တော်တို့ရေနဂါးဂိုဏ်းရဲ့အကြီး

www.burmeseclassic.com

www.burmeseclassic.com



မားဆုံးရန်သူဆိုတာလဲ သတိထားပါဦး"

နဂါးဒေဝီကပြုံးလိုက်သည်။

"ဒါကိုကျွန်မသိပါတယ်... မေ့လဲမမေ့ပါဘူး"

ချိုစီဖူအံ့အားသင့်သွားသည်။

"ဒါဆို သူ့ကိုသုတ်သင်လိုက်ပါတော့လား၊ တကယ်လို့ သူ ဒီစခန်းကထွက်ပြေးလွတ်မြောက်သွားမယ်ဆိုရင် ကျွန်တော်တို့ဂိုဏ်း အတွက် အန္တရာယ်အများကြီးရှိလာနိုင်တယ်"

သူမကခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

ပြီးမှ သက်ပြင်းတစ်ချက်ချကာပြောလိုက်သည်။

"အင်း... ရှင်ပြောတာအမှန်တွေပါပဲ၊ ဒါပေမယ့် ကျွန်မရဲ့ ရည်ရွယ်ချက်ကို ရှင်မသိသေးပါဘူး"

ချိုစီဖူစိတ်ဝင်စားသွားသည်။

"ဂိုဏ်းချုပ်ကြီးမှာ ဘယ်လိုရည်ရွယ်ချက်ရှိနေတယ်ဆိုတာ ကျွန်တော်သိပါရစေ"

ထိုအခါမှ... ရေနဂါးဒေဝီသည် တည်ကြည်လေးနက်သော မျက်နှာထားဖြင့်ရှင်းပြလိုက်သည်။

"ဖုန်းလွေ့ဟာ သိုင်းပညာထက်မြက်တဲ့လူတစ်ယောက်ပဲ၊ သူ့ကိုသတ်ပစ်လိုက်ရမှာနှမြောစရာကောင်းတယ်၊ ပြီးတော့ ကျွန်မ



တို့ရဲ့ဂိုဏ်းမှာလဲ သူ့လိုထက်မြက်တဲ့သိုင်းသမားတွေလိုအပ်နေတယ်၊ ဒါကြောင့် သူ့ကို ကျွန်မတို့ဂိုဏ်းနဲ့ပူးပေါင်းဖို့အတွက် စည်းရုံးသိမ်း သွင်းဖို့ရည်မှန်းထားတယ်"

ချိုစီဖူ မျက်မှောင်ကုပ်လိုက်၏။

"သူကကော ကျွန်တော်တို့နဲ့ပူးပေါင်းပါ့မလား"

သူမကသက်ပြင်းချလိုက်သည်။

"ဒါကတော့ ကြိုးစားကြည့်ရမှာပဲ"

ချိုစီဖူက ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်၏။

"ကျွန်တော်ကတော့ ဒီလိုမယူဆဘူး၊ သူဟာအဆိပ်ပြင်းတဲ့ မြွေဟောက်တစ်ကောင်လို အန္တရာယ်သိပ်ကြီးတယ်၊ ကျွန်တော်တို့ လက်ထဲမှာကြာကြာမထားသင့်ဘူး"

ရေနဂါးဒေဝီက ချိုစီဖူအား စိုက်ကြည့်ကာ ခပ်ပေါ့ပေါ့ပင် ပြောလိုက်လေသည်။

"ဒီအတွက်မပူပါနဲ့၊ သူ့ကိုကျွန်မတာဝန်ယူပါတယ်"

ချိုစီဖူက တည်ကြည်သောလေသံဖြင့်ပြောလိုက်သည်။

"ဂိုဏ်းချုပ်ကြီးကို ကျွန်တော်တစ်ခုပြောပါရစေ၊ ကျွန်တော် တို့ဟာ ဂိုဏ်းချုပ်ကြီးရဲ့အမိန့်မှန်သမျှကို တစ်သဝေမတိမ်းလိုက်နာ ခဲ့ကြတာချည်းပါပဲ၊ ဒါပေမဲ့ ဒီကိစ္စမှာတော့ ဂိုဏ်းချုပ်ကြီးရဲ့ဆန္ဒကို

www.burmeseclassic.com



ဆန့်ကျင်ပါရစေ”

ရေနဂါးဒေဝီရင်ထိတ်သွားသည်။

ထို့ကြောင့် သူမက အလောတကြီးမေးမြန်းလိုက်သည်။

“ရှင်တို့က ကျွန်မကိုဘာတွေဆန့်ကျင်ကြမလို့လဲ”

ချိစီဖူက ပြတ်သားသောလေသံဖြင့်ပြောလိုက်သည်။

“မနက်ဖြန်မွန်းတည့်ချိန်မှာ ဖုန်းလွှကိုသုတ်သင်ပစ်ဖို့ ကျွန်တော်တို့စဉ်းစားထားပြီးပြီ”

ရေနဂါးဒေဝီ မျက်လုံးပြူးသွားလေပြီ။

သူမကဲ့သို့ ဂိုဏ်းချုပ်ကိုပင် အရေးမထားဘဲ ကိုယ့်သဘောနှင့်ကိုယ် ဆုံးဖြတ်နေကြချေပြီတကား။

ရေနဂါးဒေဝီ လွန်စွာခံပြင်းဒေါသထွက်သွားလေသည်။

သူမသည် တစ်စုံတစ်ရာပြောရန်ဟန်ပြင်လိုက်၏။ သို့သော် မပြောဖြစ်ချေ။ အကြောင်းမှာ… ချိစီဖူသည် အခန်းတွင်းမှထွက်ခွာသွားပြီဖြစ်ခြင်းကြောင့်တည်း။

ရေနဂါးဒေဝီသည် သူ့အား မဟန့်တားလိုက်နိုင်ချေ။ ချိစီဖူ၏နောက်ကျောပြင်ကိုသာ အံ့သြထိတ်လန့်စွာကြည့်ရင်း ကြက်သေသေကာကျန်ရစ်ခဲ့လေတော့သည်။

****



ဖုန်းလွှသည် ရှောင်မေဝါးဘက်သို့ အသာစောင်းငဲ့ကြည့်လိုက်သည်။ သူမသည် အသက်မှန်မှန်ရှူလျက် အိပ်မောကျနေသည်။

သူမကိုကြည့်ရသည်မှာ အပြစ်ကင်းစင်သောကလေးငယ်တစ်ယောက်နှင့်တူပေသည်။

ဖုန်းလွှသည် ဇနီးသည်အား စိုက်ကြည့်နေရာမှ သက်ပြင်းချလိုက်မိသည်။ ထို့နောက် သူသည် ခုတင်ပေါ်မှ အသာအယာဆင်းလိုက်လေသည်။

သူက ခြေသံမကြားအောင်သတိထား၍ အိမ်တံခါးနားသို့ ချဉ်းကပ်လာခဲ့သည်။

တံခါးအနီးသို့ရောက်သည်နှင့်တံခါးကို မသိမသာဟလိုက်သည်။ ထို့နောက် ဟသွားသောတံခါးကြားမှနေ၍ အပြင်ဘက်သို့ လှမ်းအကဲခတ်လိုက်သည်။

အပြင်ဘက်တွင် မှုန်ဝါးဝါးဖြစ်နေသည်။

လဆန်းရက်မို့ လရောင်သိပ်မလင်းခြင်းဖြစ်သည်။

သို့သော် မပီဝိုးတဝါးလရောင်ကြောင့် ပတ်ဝန်းကျင်ကို မသဲမကွဲမြင်နိုင်သည်။

အိမ်ကလေး၏အရှေ့ဘက်တွင် အစောင့်နှစ်ယောက်ရှိနေသည်ကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းတွင်လည်း အစောင့်တစ်ယောက် စောင့်ကြပ်နေသည်။

ထို့ပြင် အစောင့်သုံးယောက် ကင်းလှည့်လျှောက်လှမ်းလာသည်ကိုလည်းတွေ့လိုက်ရသည်။

သူ့ သက်ပြင်းချလိုက်သည်။ သည်အတိုင်းဆိုလျှင်ထွက်ပြေးလွတ်မြောက်ရန်မလွယ်ချေ။

အထပ်ထပ်စောင့်ကြပ်နေသောအစောင့်များကြားမှ မည်သို့ထိုးဖောက်ထွက်နိုင်ပါမည်နည်း။

သူ တံခါးကိုပြန်ပိတ်လိုက်သည်။

ထို့နောက် အိမ်အပြင်ခန်းရှိထိုင်ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်သည်။ ထိုင်ခုံဘေးရှိစားပွဲပုလေးပေါ်တွင် လက်ဖက်ကြမ်းခရားနှင့် ပန်းကန်လုံးများရှိနေသည်။

သူသည် လက်ဖက်ရည်ကြမ်းတစ်ခွက် ထည့်သောက်လိုက်၏။ လက်ဖက်ရည်ကြမ်းသောက်နေရင်းမှ သူသည် လွတ်လမ်းကို စဉ်းစားနေသည်။

မြေပြင်ပေါ်မှလျှောက်လှမ်းကာ ထွက်မရလျှင် မည်သို့ထွက်ပြေးရမည်နည်း။

အိမ်ခေါင်မိုးတစ်ခုမှတစ်ခုသို့ ခုန်ကျော်ကူးသန်းသွားမည်



ဆိုလျှင်ကော လွတ်နိုင်ပါမည်လား။

အစောင့်များသည် အိမ်ခေါင်မိုးပေါ်အား ဂရုတစိုက်စောင့်ကြည့်နေမည်မဟုတ်ပေ။

ယင်းကြောင့် အိမ်ခေါင်မိုးပေါ်မှလှုပ်ရှားမှုများကို သိချင်မှသိမည်ဖြစ်သည်။ စဉ်းစားရင်းမှ ဖုန်းလွှေအားတက်လာသည်။

သည်အတိုင်းနေသည်ထက်စာလျှင် စွန့်စားကြည့်သည်က အမှားမရှိနိုင်ပေ။

အောင်မြင်ခဲ့လျှင် အမြတ်ပင်ဖြစ်သည်။

မအောင်မြင်လျှင်လည်း ဘာမှဆုံးရှုံးမည်မဟုတ်ချေ။

သည်အိမ်ကလေးထဲတွင် အကျယ်ချုပ်သဘောဖြင့်နေလိုက်ရုံသာရှိသည်။

ထို့ကြောင့် ဖုန်းလွှေသည် စွန့်စားကြည့်ရန်ဆုံးဖြတ်ချက်ချလိုက်လေသည်။

ထို့နောက် ထိုင်ရာမှထရပ်လိုက်သည်။

သူက ပြတင်းပေါက်တစ်ခုကို အသာဖွင့်လိုက်သည်။

ယင်းအခိုက်....

"ဟိတ်... ဘာလုပ်တာလဲ"

ရုတ်တရက် ဟိန်းဟောက်သံတစ်သံထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခေါင်မိုးပေါ်မှလူတစ်ယောက်က လှမ်း၍ဟိန်းဟောက်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် မြားတိုကလေးများကလည်း တုပ်တော့မည့်ပျားများသဖွယ် သူ့ထံသို့တိုးဝင်လာကြလေသည်။

သူရင်ထိတ်သွားသည်။

အံ့သြလည်း အံ့သြသွားမိလေသည်။

အိမ်ခေါင်မိုးပေါ်၌လည်း စောင့်ကြည့်နေသူရှိနေပါလား။

ဤမျှ ဘက်စုံထောင့်စုံမှစောင့်ကြည့်နေလိမ့်မည်ဟု မထင်ခဲ့ချေ။ သူသည် အိမ်ခေါင်မိုးပေါ်သို့မတက်ဝံ့တော့ချေ။

နောက်ကျွမ်းပစ်ကာ အိမ်ထဲသို့ပြန်ဝင်လိုက်သည်။

ထို့ကြောင့် မြားတိုကလေးများ၏အန္တရာယ်မှကပ်၍ လွတ်မြောက်လာခဲ့လေသည်။

သူသည် ရေနဂါးဒေဝီအားကိုင်းတ်၍ချီးကျူးလိုက်မိသည်။

သူမသည် လွန်စွာအကင်းပါးကာ စေ့စပ်သေချာသူတစ်ဦးဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပြီမဟုတ်ပါလား။

သူ့အဖို့ အိမ်ခေါင်မိုးပေါ်မှထွက်ပြေးရန်လည်း အခွင့်မသာတော့ချေ။

မြေပြင်မှလည်း လွတ်မြောက်ရန် လမ်းမမြင်ပေ။



သူတို့ဇနီးမောင်နှံမှာ အကျယ်ချုပ်အကျဉ်းသားများဘဝနှင့်ဘာများခြားနားတော့မည်နည်း။

သူတို့ဇနီးမောင်နှံနှစ်ယောက်သည် လှောင်အိမ်ထဲမှငှက်ကလေးနှစ်ကောင်သဖွယ်ဖြစ်နေလေပြီ။ ဖုန်းလွှေသည် ကိုယ်စွမ်းကိုယ်စထက်မြက်သော သိုင်းသမားတစ်ယောက်ဖြစ်သည်။

သို့သော် အရပ်ရှစ်မျက်နှာတွင်ရှိနေသည့်အစောင့်အကြပ်အထပ်ထပ်ကြားမှလွတ်မြောက်ရန်ကား မည်သို့မျှစွမ်းဆောင်နိုင်မည်မဟုတ်ချေ။

ထို့ကြောင့် ဖုန်းလွှေသည် ထွက်ပြေးရန်အစီအစဉ်ကို လက်လျှော့လိုက်ရလေတော့သည်။

****

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်သည် နက်ပြာရောင်ရှိနေရာမှ တဖြည်းဖြည်း ကြည်ပြာရောင်အသွင်သို့ပြောင်းလဲပြီဖြစ်သည်။

မှုန်ဝါးဝါးမြူနှိုးများပျောက်ကွယ်သွားပြီး ဝန်းကျင်တစ်ခုလုံး ကြည်လင်စပြုလာပြီဖြစ်သည်။

အရှေ့ဘက် မိုးကုပ်စက်ဝိုင်းတွင် ပုစွန်ဆီရောင်သမ်းလာပြီ ဖြစ်သည်။ သို့သော် နေဝန်းနီမှာထွက်ပေါ်လာပြီး မရှိသေးချေ။

ထိုအချိန်တွင်....

"ဒေါက်... ဒေါက်... ဒေါက်"

တံခါးခေါက်သံသဲ့သဲ့ကြားလိုက်ရသည်။ သူသည် အိပ်စက် နိုင်ခြင်းမရှိသေးပါ။ တံခါးခေါက်သံကြောင့် ဆတ်ခနဲထကာ ခုတင် ပေါ်မှဆင်းလိုက်သည်။

ထို့နောက် အခန်းအပြင်ဘက်သို့ထွက်လာကာ အိမ်တံခါး ကိုဖွင့်ပေးလိုက်သည်။ တံခါးဖွင့်သွားသောအခါ တံခါးဝတွင် လူတစ် ယောက်ရပ်နေသည်ကိုမြင်လိုက်ရသည်။

ထိုလူမှာ လက်နက်ပုန်းသိုင်းသမားကျိုမုဖြစ်သည်။

ကျိုမုကိုတွေ့လိုက်ရသည့်အခါ ဖုန်းလွေမှာ မျက်မှောင်ကုပ် သွားသည်။ စောစောစီးစီးမည်သည့်ကိစ္စရှိသောကြောင့်ပါနည်း။

ဖုန်းလွေက ကျိုမုအားလှမ်းမေးလိုက်သည်။



"ဘာကိစ္စရှိလို့လဲ"

ကျိုမုက လေသံတိုးတိုးဖြင့်ပြောလိုက်သည်။

"ခင်ဗျားကို ရေနဂါးဒေဝီကဖိတ်ခေါ်နိုင်းလိုက်လို့ပါ"

ထိုစကားကြောင့် ဖုန်းလွေမှာ အတော်ပင် အံ့အားသင့်သွား ရလေသည်။ မိုးမလင်းမီ ဝေလီဝေလင်းအချိန်တွင် ရေနဂါးဒေဝီက အဘယ့်ကြောင့် မိမိအားခေါ်နိုင်းလိုက်ရပါသနည်း။

မည်သို့သော အရေးကိစ္စရှိနေပါသနည်း။

ကောင်းသောခေါ်ခြင်းလော...

ဆိုးသောခေါ်ခြင်းလော...

ဖုန်းလွေမှာ သိချင်စိတ်များပြင်းပြလာသည်။

ထို့ကြောင့် သူသည် ကျိုမုအား အကဲခတ်သလိုစိုက်ကြည့် ကာမေးလိုက်သည်။

"ကျုပ်ကို ဖိတ်ခေါ်တာ အကြောင်းတစ်ခုခုတော့ရှိရမှာပေါ့"

ကျိုမု မချိုပြုံးပြုံးလိုက်သည်။

"ဒါကတော့ ကျုပ်ဘယ်သိနိုင်ပါ့မလဲ"

ကျိုမု အမှန်တကယ်သိမည်မဟုတ်ကြောင်း ဖုန်းလွေယုံ ကြည်သည်။ ထို့ကြောင့်.... ဖိတ်ခေါ်သည့်အကြောင်းရင်းကို မမေး တော့ဘဲ ....

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ဘယ်ကိုလိုက်ခဲ့ရမှာလဲ"

ဟုလိုရင်းကိုမေးလိုက်သည်။

ဤတွင် ကိုမုကလေသံပြတ်ပြတ်ဖြင့်ပြောလိုက်သည်။

"ရေနဂါးရိပ်သာကို"

ဖုန်းလွေမျက်မှောင်ကုပ်သွားသည်။

"ရေနဂါးရိပ်သာဟုတ်လား၊ ရေနဂါးရိပ်သာကဘယ်မှာလဲ"

ကိုမုစိတ်မရှည်နိုင်မတော့ချေ။

ဖုန်းလွေက သူ့အား တရားခံစစ်သလိုအမေးအမြန်းထူနေခြင်းကြောင့် စိတ်မရှည်နိုင်အောင်ဖြစ်လာရခြင်းပင်။

ထို့ကြောင့် လေသံမာမာဖြင့်ပြောလိုက်သည်။

"ဒီမှာကိုယ့်လူ သိပ်အမေးအမြန်းထူမနေနဲ့၊ ကျုပ်လမ်းပြခေါ်သွားမယ်... လိုက်မှာသာလိုက်ခဲ့"

ပြောပြောဆိုဆို ရှေ့မှထွက်သွားရန်ဟန်ပြင်လိုက်ရာ...

ဖုန်းလွေကလက်ကာပြသည်။

"ခဏလောက်စောင့်ပါဦး"

ကိုမုမျက်မှောင်ကုပ်သွားသည်။

"ဘာလုပ်မလို့လဲ"

ဖုန်းလွေက အိပ်ခန်းထဲသို့ညွှန်ပြလိုက်၏။



"ကျွန်တော့်မိန်းမကိုသွားပြောလိုက်ဦးမယ်"

ကိုမုလှောင်ပြုံးပြုံးလိုက်သည်။

ဖုန်းလွေက သူ့အားဂရုမစိုက်တော့ပေ။

အိပ်ခန်းတွင်းသို့ပြန်လှည့်ဝင်လိုက်သည်။

ကိုမုက တံခါးဝတွင်ရပ်စောင့်နေသည်။ သူ၏မျက်နှာမှာ ပြုံးဖြီးဖြီးဖြစ်နေ၏။ အကြောင်းမှာ... သူသည် တစ်စုံတစ်ခုကိုတွေးတောမိလိုက်ခြင်းကြောင့်ဖြစ်ပေသည်။

****

www.burmeseclassic.com

www.burmeseclassic.com



ရှောင်မေဝါး အိပ်ရာမှမနိုးသေးချေ။ နှစ်ခြိုက်စွာအိပ်ပျော်နေဆဲဖြစ်၏။ ဖုန်းလွှေက ဇနီးသည်ဖြစ်သူအား အတန်ကြာအောင်ငေးစိုက်ကြည့်နေမိသည်။

အပြစ်ကင်းစင်သောရှောင်မေဝါးမှာ ကရုဏာသက်စရာကောင်းလှသည်။ သူသည် အိပ်မောကျနေသောဇနီးသည်အား မနှိုးချင်ပေ။

သို့သော် သူ့အား ရေနဂါးဒေဝီကအခေါ်လွှတ်၍သွားရသည်ဆိုသည့်အကြောင်းကို ပြောပြမှဖြစ်မည်။

သို့မဟုတ်ပါက... သူမ နိုးလာသည့်အခါ ခင်ပွန်းသည်အားမတွေ့ရ၍ စိုးရိမ်ပူပန်နေရှာလိမ့်မည်။ ထို့ကြောင့်... အသိပေးရန်ရှောင်မေဝါးအား အသာအယာလှုပ်နှိုးလိုက်သည်။

"မေဝါး... မေဝါး... ညီမ"

ခေါ်သံကြောင့် ရှောင်မေဝါးသည် အိပ်ပျော်နေရာမှနိုးလာကာ လူးလဲထလိုက်သည်။ ခင်ပွန်းဖြစ်သူဖုန်းလွှေကိုတွေ့ရသည့်အခါ အကြောင်းတစ်ခုခုရှိနေပြီဖြစ်ကြောင်း ရိပ်မိလိုက်သည်။

သူမသည် စိုးရိမ်ပူပန်စွာဖြင့်ဖုန်းလွှေအားကြည့်၍မေးလိုက်သည်။

"ဟင်... အစ်ကို ဘာဖြစ်လို့လဲဟင်"



ဖုန်းလွှေက လေသံတိုးတိုးဖြင့်ပြောလိုက်၏။

"အစ်ကို့ကို ရေနဂါးဒေဝီကအခေါ်လွှတ်လို့ လိုက်သွားလိုက်ဦးမယ်နော်"

ရှောင်မေဝါးက အိမ်အပြင်ဘက်သို့လှမ်းကြည့်လိုက်၏။ အရုဏ်တက်စအချိန်ဖြစ်ကြောင်းတွေ့လိုက်ရ၏။ နေလုံးပင်ထွက်ပေါ်လာခြင်းမရှိသေးပေ။ အချိန်မဟုတ်အခါမဟုတ် ဘာ့ကြောင့်များမိမိခင်ပွန်းသည်ကိုခေါ်ရပါသနည်း။

ရှောင်မေဝါး အတော်ပင် မကျေမနပ်ဖြစ်သွားမိသည်။

သူမသည် ဖြူစင်ရိုးသားသူတစ်ယောက်ဖြစ်သော်လည်း အခြေအနေကိုတော့တွက်ဆမိသည်။ ယခုကဲ့သို့ အချိန်အခါမဟုတ်ပါဘဲနှင့် မိန်းမသားတစ်ဦးက ယောကျ်ားသားတစ်ဦးကို အခေါ်လွှတ်ခိုင်းခြင်းမှာ ကောင်းသောအခြေအနေမဟုတ်ချေ။

ရှောင်မေဝါး၏ရင်ထဲ၌ လေးလံသွားသည်။

သူမသည် ဖုန်းလွှေအားစိတ်မချမ်းဖြင့်ကြည့်ကာ ....

"အစ်ကိုရယ်.... မိုးတောင်ကောင်းကောင်းမလင်းသေးဘူး၊ ဒီလိုအချိန်မျိုးမှာ အစ်ကို့ကိုအခေါ်လွှတ်တာမရိုးဘူးထင်တယ်"

သူမ၏အသံမှာ ပြောရင်းငိုသံပါလာသည်။ သူမ၏အပြောကြောင့် ဖုန်းလွှေမှာစိတ်မကောင်းဖြစ်သွားရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ဇနီးသည်အားနှစ်သိမ့်လိုက်သည်။

"မေဝါးရယ်… တောင်တွေးမြောက်တွေးလျှောက်တွေးမနေပါနဲ့ အရေးကြီးတဲ့ကိစ္စတစ်ခုခုရှိလို့နေမှာပါ၊ စိတ်မပူပါနဲ့ အစ်ကို မကြာခင်ပြန်လာမှာပါ"

ဖုန်းလှေက ရှောင်မေဝါးအားဖျောင်းဖျနှစ်သိမ့်လိုက်လေသည်။ ရှောင်မေဝါးသက်ပြင်းချလိုက်သည်။ ပြီးမှ စိတ်မကောင်းသောလေသံဖြင့်ပြောလိုက်၏။

"အင်းလေ… ရေနဂါးဒေဝီကိုယ်တိုင်က်ခေါ်တာဆိုတော့လိုက်သွားပေါ့အစ်ကိုရယ်… ကံကောင်းပါစေလို့ပဲ ကျွန်မဆုတောင်းနေပါ့မယ်"

ဖုန်းလှေက သူမအားနှုတ်ဆက်လိုက်သည်။

"ကဲ… အစ်ကိုသွားမယ်နော်"

ရှောင်မေဝါးခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့"

ဖုန်းလှေ အိမ်ရှေ့သို့ပြန်ထွက်ခဲ့၏။ ကျိုမုက သူ့အားစောင့်နေသည်ကိုတွေ့ရသည်။ ထို့နောက် ကျိုမုလမ်းပြခေါ်ရာနောက်သို့လိုက်ပါသွားလေတော့၏။

****



လမ်းကလေးမှာ ကွေ့ကွေ့ကောက်ကောက်တည့်ရှိနေသည်။ ထိုလမ်းကလေးအား ကျောက်ဖြူပြားများဖြင့် ခင်းကျင်းအလှဆင်ထားသည်။

ယင်းကြောင့်… လမ်းကလေးမှာ အဖြူရောင်လမ်းကလေးတစ်ခုအဖြစ်တွေ့မြင်ရမည်ဖြစ်သည်။

လမ်း၏ဘေးတစ်ဖက်တစ်ချက်တွင်မူ ပန်းပင်များ စုံလင်စွာပေါက်ရောက်လျက်ရှိသည်။ ပန်းပင်များတွင် အရောင်အသွေးစုံလင်စွာဖြင့် ပန်းကလေးများဖူးပွင့်နေသည်။

လေအနေအထားတွင် သင်းပျံ့သောရနံ့များက ဝန်းကျင်တစ်ခုလုံးအား လွှမ်းခြုံထားသည်။

အရုဏ်ကျင်းစ နံနက်ခင်းအချိန်တွင် မွှေးထုံသောရနံ့ကိုရှူရှိုက်ရသည်မှာ စိတ်ကြည်နူးဖွယ်ရာကောင်းလှ၏။ သို့သော် ဖုန်းလှေမှာ ပန်းရနံ့များကိုရှူရှိုက်နေရသော်လည်း စိတ်ကြည်နူးမှုကိုခံစားရခြင်းမရှိပါချေ။

အကြောင်းကား… ရေနဂါးဒေဝီက သူ့အား ခေါ်ခိုင်းလိုက်သည်မှာ ကောင်းသောခေါ်ခြင်းမျိုးမဟုတ်နိုင်ကြောင်း တွေးမိလိုက်ခြင်းကြောင့်ဖြစ်လေသည်။

သူသည် ကျိုမု၏နောက်မှစိတ်မပါစွာဖြင့်လိုက်ပါသွား၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ…. သူတို့သည် သပ်ရပ်လှပသော အဆောက်အဦး တစ်ခုရှေ့သို့ရောက်ရှိလာကြသည်။ အဆောက်အဦးမှာ ကြီးမား ခန့်ညားလှသည်။ ဓားပြစခန်းတစ်ခုနှင့်ပင် မတူချေ။

သူဌေးသူကြွယ်တစ်ဦး၏အပန်းဖြေဆောင်နေရာကဲ့သို့ ဖြစ်နေသည်။

ယင်းအဆောက်အအုံရှေ့သို့အရောက်တွင် ကျိုမုဏ်ခြေလှမ်းများ တုံ့ခနဲရပ်ဆိုင်းသွားသည်။ ယင်းကြောင့် ဖုန်းလွေလည်း ခြေလှမ်းရပ်တန့်လိုက်လေသည်။ ကျိုမုက သပ်ရပ်သောအဆောက်အအုံအားလက်ညှိုးထိုးပြကာ ပြောဆိုလိုက်သည်။

"ကဲ …. ခင်ဗျားဘာသာ ဆက်သွားပေတော့၊ အဲဒါ ရေနဂါးရိပ်သာပဲ၊ ရေနဂါးရိပ်သာရဲ့အနောက်ဘက်ဆောင်ကိုရောက်အောင်သွားပါ။ အဲဒီမှာ ရေနဂါးဒေဝီစောင့်နေတယ်"

စကားဆုံးသည်နှင့် ကျိုမုသည် ချာခနဲလှည့်ထွက်သွား၏။ ဖုန်းလွေမှာ ကြောင်အမ်းအမ်းဖြစ်ကာကျန်ရစ်ခဲ့လေတော့သည်။

****



အရုဏ်ဦးနေခြည်နုနု ထွက်ပေါ်လာပြီဖြစ်သည်။

သို့သော်… နှင်းမှုန်များက ဝန်းကျင်တစ်ခုလုံးအားလွှမ်းခြုံရစ်သိုင်းထားဆဲဖြစ်သည်။

ထို့ကြောင့်…. မြင်ကွင်းများသည် ကြည်လင်ပြတ်သားခြင်းမရှိသေးပေ။ မှုန်ဝါးဝါးဖြစ်နေဆဲသာဖြစ်သည်။

မှုန်ရီဝေဝါးနေသောလောကကြီးတစ်ခုလုံးသည် လွှမ်းမောဖွယ်ရာပင် ကောင်းနေသေးတော့သည်။

ကျိုမုသည် ထွက်ခွာသွားပြီဖြစ်၏။ ဖုန်းလွေတစ်ယောက်တည်းသာ အဆောက်အဦးရှေ့၌ကြောင်တက်တက်ရပ်လျက် ကျန်ရစ်သည်။

သူ့အနေဖြင့်ရှေ့ဆက်သွားရကောင်းနိုးနိုး၊ နောက်ပြန်လှည့်ရကောင်းနိုးနိုးဖြင့် ဝေခွဲမရဖြစ်နေသည်။

အတန်ကြာအောင် တွေဝေစဉ်းစားနေပြီးမှ နောက်ဆုံးတွင် ဆုံးဖြတ်ချက်တစ်ခုကိုပြတ်သားစွာချလိုက်သည်။

သူက ပတ်ဝန်းကျင်ကိုတစ်ချက်ဝေ့ယမ်းကြည့်လိုက်သည်။ ပတ်ဝန်းကျင်၌လူခြေကင်းမဲ့တိတ်ဆိတ်နေ၏။

ဖုန်းလွေသည် သက်ပြင်းတစ်ချက်အသာချကာ ရေနဂါးရိပ်သာဆီသို့လျှောက်လှမ်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကျိုမုလမ်းညွှန်သည့်အတိုင်း အနောက်ဘက်ရှိ အဆောင်သို့ဦးတည်လျှောက်လှမ်းသွားသည်။

ဤနေရာသည်... ရေနဂါးဒေဝီတစ်ယောက်တည်း သီးခြားနေထိုင်ရာနေရာဖြစ်လိမ့်မည်ဟု, ဖုန်းလွှေတွေးလိုက်မိသည်။

ထို့ပြင်.... ဤနေရာကိုခွင့်ပြုချက်အမိန့်မရဘဲ မည်သူမျှဝင်ထွက်သွားလာခြင်းမပြုရန် တားမြစ်ထားဟန်လည်းရှိသည်။

ထို့ကြောင့်.... ကျိုမုသည် ထိုနေရာကိုညွှန်ပြရုံသာညွှန်ပြပြီးနောက်လှည့်ပြန်သွားခြင်းဖြစ်ပေမည်။ အနီးအနားပတ်ဝန်းကျင် တစ်ဝိုက်၌လည်း အစောင့်အကြပ်မတွေ့ရဘဲရှိသည်။

ဖုန်းလွှေသည် ဘာဘာညာညာစဉ်းစားမနေတော့ချေ။

တားမြစ်နယ်မြေပဲဖြစ်ဖြစ် အန္တရာယ်စက်ကွင်းပဲဖြစ်ဖြစ် ဝင်ရောက်သွားရန်ဆုံးဖြတ်လိုက်၏။

လောလောဆယ်အားဖြင့်မူ ရေနဂါးဒေဝီကိုယ်တိုင်က သူ့အားအခေါ်လွှတ်လိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ဤနေရာသည် တားမြစ်နယ်မြေဖြစ်စေကာမူ သူ့အတွက် အန္တရာယ်သိပ်ကြီးမည်မဟုတ်ချေ။

သို့ဖြစ်ရာ ဖုန်းလွှေသည် အနောက်ဘက်အဆောင်သို့ ရဲရဲတင်းတင်းပင် ဝင်ရောက်သွားလေတော့၏။



ရေနဂါးရိပ်သာတွင် အဆောင်ငယ်လေးများသည် တစ်ခုချင်းသီးခြားတည်ရှိနေကြသည်။ သို့သော် အဝေးမှကြည့်လိုက်လျှင် အဆောက်အအုံကြီးတစ်ခုဟုထင်မှတ်ရ၏။

အမှန်တွင် အဆောင်ငယ်ကလေးများသည် တစ်ခုနှင့်တစ်ခု နီးနီးကပ်ကပ်စုပေါင်းတည်ရှိနေကြခြင်းသာဖြစ်ပေသည်။ အားလုံးပေါင်း အဆောင်ငယ်ကလေးများ ခုနစ်ခုရှိသည်။

ဖုန်းလွှေသည် အနောက်ဘက်အကျဆုံးအဆောင်ရှိရာသို့ ရှေ့ရှုလျှောက်လှမ်းသွားသည်။ မကြာမီ.... အဆိုပါအဆောင်ငယ်သို့ ရောက်ရှိသွားသည်။ ထိုအဆောင်သည် ရေနဂါးဒေဝီ၏အဆောင်ပင်ဖြ[illegible]သည်။ အဆောင်၏နံရံများအား အနီရောင်ဆေးများသုတ်ထားသည်။

ခေါင်မိုးကိုမူ အစိမ်းရောင်အုတ်ကြွပ်များမိုးထားလေသည်။ အဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

အနီးပတ်ဝန်းကျင်ကို ဝေ့ဝဲအကဲခတ်ကြည့်လိုက်သော်လည်း အစ[illegible]ကြပ်များဟူ၍ တစ်ယောက်တလေမျှပင် မတွေ့ရဘဲရှိ[illegible]သည်။

လွန်စွာတိတ်ဆိတ်ငြိမ်သက်သောနေရာတစ်ခုဖြစ်သည်။

ဖုန်းလွှေသည် အဆောင်ဝသို့ရောက်ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် သူ့အား မိန်းကလေးတစ်ဦးက အသင့်ကြိုနေသည်ကိုတွေ့လိုက်ရသည်။

ထိုမိန်းကလေးမှာ အသက်အားဖြင့် ဆယ့်ရှစ်နှစ်ခန့်ရှိပြီး အစိမ်းရောင် ဝတ်စုံကိုဝတ်ဆင်ထားသည်။

ရေနဂါးဒေဝီ၏အခြွေအရံတစ်ယောက်ဖြစ်ပုံရသည်။

သူမက ဖုန်းလွှေအားဦးညွှတ်ကာမေးလိုက်သည်။

"ဖုန်းလွှေဆိုတာလားရှင်"

မိန်းကလေး၏အသံမှာကြည်လင်နေသလို အပြောအဆိုကလည်း ရည်မွန်လှသည်။

ဖုန်းလွှေက ပြန်လည်ဂါရဝပြုလိုက်ရင်း....

"ဟုတ်ပါတယ်၊ ဖုန်းလွှေဆိုတာကျုပ်ပါပဲ"

မိန်းမပျိုက ရိုကျိုးသောလေသံဖြင့်ပြောလိုက်သည်။

"ကျွန်မနောက်ကိုလိုက်ခဲ့ပါရှင်"

စကားဆုံးသည်နှင့် အဆောင်ထဲသို့လှည့်ဝင်သွားလေ၏။ ဖုန်းလွှေလည်း သူမ၏နောက်မှလိုက်ဝင်သွား၏။ မိန်းကလေးက နောက်သို့လှည့်မကြည့်ပေ။

ညင်သာဖြည်းညင်းသောခြေလှမ်းများဖြင့် ဖုန်းလွှေအား ရှေ့မှလမ်းပြခေါ်ဆောင်သွားလေသည်။



ဖုန်းလွှေသည် သူမနောက်သို့လိုက်ပါလာရင်းမှစိတ်လှုပ်ရှားနေမိသည်။ သူသည် တိုက်ပွဲအမျိုးမျိုးကိုဆင်နွှဲခဲ့ဖူးသည်။

ထို့ပြင် အန္တရာယ်အမျိုးမျိုးနှင့်လည်း ရင်ဆိုင်ကြုံတွေ့ခဲ့ဖူးသည်။ သို့သော် အလွန်အမင်းစိတ်လှုပ်ရှားခြင်းမရှိခဲ့ချေ။

ယခုမူ သူ၏ရင်ထဲတွင် မကြုံစဖူးအလွန်ပင်စိတ်လှုပ်ရှားနေမိသည်။ ထူးခြားနေသည်ကတော့ အမှန်ပင်ဖြစ်သည်။

ရှေ့မှလမ်းပြပေးနေသည့်မိန်းကလေး၏ခြေလှမ်းမှာ နှေးကွေးလှသည်။ ယင်းကြောင့် ဖုန်းလွှေမှာ အားမလိုအားမရဖြစ်နေသည်။ သူ့အနေဖြင့် ခရီးဆုံးသို့အမြန်ရောက်ချင်လှသည်။

ရေနဂါးဒေဝီလည်း အမြန်တွေ့ချင်လှသည်။ သူမနှင့် ပြောစရာရှိတာပြောဆိုပြီးလျှင် ဇနီးသည်ရှောင်မေဝါးရှိရာသို့ပြန်သွားလိုသည်။ သို့မှသာ ရှောင်မေဝါး စိတ်အေးနိုင်မည်မဟုတ်ပါလား။

သူတို့သည် အခန်းတစ်ခုရှေ့သို့ရောက်လာသည်။

ရှေ့မှသွားနေသောမိန်းမပျိုလေးမှာ ထိုအခန်းရှေ့တွင်ရပ်တန့်လိုက်သည်။ အခန်းမှာ တံခါးပိတ်ထားသည်ကိုတွေ့ရ၏။

သို့သော် အတွင်းမှမင်းတုပ်ချမထားပါ။ စေ့ရုံသာ စေ့ပိတ်ထားခြင်းဖြစ်သည်။ မိန်းကလေးက သူ့အားကြည့်ကာပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအခန်းထဲကိုဝင်သွားပါ… ရေနဂါးဒေဝီစောင့်နေပါတယ် ရှင်"

စကားဆုံးသည်နှင့်ခြေလှမ်းသွက်သွက်ဖြင့် လှမ်းကာထွက်ခွာသွားသည်။ မိန်းကလေးမှာ စောစောက ခြေလှမ်းနှေးကွေးစွာဖြင့် လျှောက်လှမ်းလာခဲ့သည်။

သို့သော် ယခုထွက်ခွာသွားသောအခါတွင် သူမ၏ခြေလှမ်းများသည် သွက်လက်မြန်ဆန်နေပေသည်။ ယင်းကြောင့် သူမသည် တစ်ခဏအတွင်းမှာပင် အဝေးသို့ရောက်သွားပြီး မကြာမီ ဖုန်းလွှ၏ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

စေ့ထားသောတံခါးရှေ့တွင် သူတစ်ယောက်တည်းကျန်နေရစ်ခဲ့၏။

ဖုန်းလွှ သက်ပြင်းချလိုက်သည်။ ထို့နောက် စိတ်ကိုတည်ငြိမ်အောင်ထိန်းလိုက်၏။ သို့သော်… သူ၏စိတ်မှာ လုံးဝတည်ငြိမ်မှု မရှိပါ။ အတန်အတင့်သာငြိမ်အောင်လုပ်နိုင်သည်။

အတန်အသင့်စိတ်တည်ငြိမ်အောင်လုပ်နိုင်ပြီးမှ သူက စေ့ထားသောတံခါးကိုအသာတွန်းဖွင့်ရန် လှမ်းဝင်လိုက်တော့သည်။

****



အဆောင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

အသံဗလံဟူ၍ လုံးဝမကြားရပါ။ သင်းပျံ့သောအမွှေးနံ့သာများကို ဖုန်းလွှရှူရှိုက်မိ၏။

အမွှေးနံ့သာများမှာ သူ၏ရှေ့အခန်းတွင်းမှ ပျံ့လွင့်လာခြင်းဖြစ်သည်။ ဤအခန်းသည် ရေနဂါးဒေဝီ၏သီးသန့်ကိုယ်ပိုင် အခန်းဖြစ်ကြောင်း သူအကဲခတ်မိသည်။

ယင်းကြောင့်… အခန်းထဲသို့ဝင်ရန်ပင် အနည်းငယ်တွန့်နေမိသည်။ သူ့အနေဖြင့် ရေနဂါးဒေဝီ၏သီးသန့်ကိုယ်ပိုင်အခန်းတွင်းသို့ ဝင်ရန် သင့်တော်ပါမည်လား။

သူမက မည်သည့်အတွက်ကြောင့် မိမိအား သူမ၏ကိုယ်ပိုင်သီးသန့်အခန်းတွင်းသို့ခေါ်ဆောင်ရပါသနည်း။

သူ တွေဝေငေးငိုင်နေမိသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး အခန်းတံခါးကို အသာတွန်းလိုက်၏။ တံခါးက စေ့ရုံသာစေ့ထားသဖြင့် တွန်းလိုက်သည်နှင့်အလွယ်တကူဖွင့်ဟသွားသည်။

ဖုန်းလွှသည် အခန်းထဲသို့ဝင်လိုက်သည်။

အမွှေးနံ့သာများ၏သင်းရနံ့က ပို၍ထုံကြိုင်လာ၏။

သူ အခန်းထဲသို့ဝင်လိုက်သည်နှင့် ….

www.burmeseclassic.com

www.burmeseclassic.com



မှန်တစ်ချပ်ကို ဦးစွာတွေ့လိုက်ရသည်။ အဆိုပါမှန်ချပ်သည် တမင်သက်သက်တပ်ဆင်ထားသည့်မှန်ချပ်မဟုတ်ပါ။

အမျိုးသမီးများ အလှပြင်ဆင်သည့်မှန်တင်ခုံမှမှန်ချပ်သာ ဖြစ်ပေသည်။

မှန်ချပ်ထဲ၌ လူတစ်ယောက်ရုပ်ပုံလွှာ ထင်ဟပ်နေ၏။ ယင်းရုပ်ပုံလွှာမှာ ကျော့ရှင်းလှပနေလေ၏။

ရုပ်ပုံလွှာပိုင်ရှင်မှာ မည်သူဖြစ်သနည်း။

စဉ်းစားစရာမလိုသောမေးခွန်းပင် ဖြစ်ပါသည်။

ရေနဂါးဒေဝီမှလွဲ၍ မည်သူဖြစ်နိုင်ပါမည်နည်း။

မှန်ပေသည်။

ရေနဂါးဒေဝီသည် မှန်တင်ခုံရှေ့၌ ကြော့ကြော့လေးထိုင်နေသည်။ သူမ၏နက်မှောင်သောဆံကေသာများမှာ ကျောပြင်တစ်ခုလုံးပေါ်၌ ဖြာဝဲကျဆင်းနေ၏။

သူမလက်ထဲ၌ ဆင်စွယ်ဘီးတစ်ချောင်းကိုင်ထားသည်။

နက်မှောင်သည့်ဆံပင်များကို ဆင်စွယ်ဘီးဖြင့် ဖြီးသင်နေခြင်းဖြစ်သည်။ ဖုန်းလွှ၏ခြေလှမ်းများ တုံ့ခနဲရပ်သွားသည်။

သူ့အနေဖြင့် ရှေ့ဆက်မသွားရဲတော့ပါ။

ယင်းကြောင့် အခန်းဝ၌ရပ်ကာအသံပြုလိုက်သည်။



"ရေနဂါးဒေဝီ... စောစောစီးစီး ဘယ်လိုအကြောင်းကိစ္စရှိလို့ ကျွန်တော့်ကိုခေါ်လိုက်တာလဲ"

သူမက သူ၏အမေးကိုပြန်မဖြေပါ။

နောက်သို့ပင် လှည့်မကြည့်ပေ။

နက်မှောင်သည့်ဆံနွယ်စများကိုသာ ဆက်လက်၍ဖြီးသင်နေလေသည်။

ဆံပင်များရှင်းလင်းသွားသောအခါမှ တစ်ပတ်လျှိုဆံထုံးထုံးလိုက်သည်။ ဖုန်းလွှ၏အမေးစကားကို လုံးဝမကြားသကဲ့သို့ဖြစ်၏။ ဖုန်းလွှလည်း မည်သို့မျှဆက်မမေးတော့ပါ။

ရှေ့သို့လည်း ဆက်၍လျှောက်လှမ်းမသွားတော့ပါ။

အခန်းဝ၌သာ ရပ်စောင့်လျက်ရှိသည်။

ဆံပင်များကိုထုံးဖွဲ့ပြီးသောအခါမှ ရေနဂါးဒေဝီက သူ့ဘက်သို့လှည့်ကြည့်လာသည်။

ပြီးမှ သူမက အသာအယာပြုံးလိုက်သည်။

"ညတုန်းက ထမင်းစားပွဲမှာ တခြားလူတွေလဲ ရှိနေတာမို့ ကျွန်မပြောချင်တာကို ကောင်းကောင်းမပြောနိုင်ခဲ့ဘူးလေ၊ ရှင့်ကိုပြောချင်တာလေးတွေ လွတ်လွတ်လပ်လပ်ပြောချင်လို့ အခုလို ဖိတ်ခေါ်လိုက်ရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



စောစောက ဖုန်းလှေမေးခဲ့သည့်မေးခွန်းကို ယခုမှပြန်ဖြေလိုက်ခြင်းဖြစ်သည်။

ဖုန်းလှေ မျက်မှောင်ကုပ်လိုက်သည်။

"ဘာများပြောစရာရှိလို့လဲ"

မြန်မြန်ပြော မြန်မြန်ပြီးသဘောဖြင့် ဖုန်းလှေကမေးလိုက်ခြင်းဖြစ်၏။ ရေနဂါးဒေဝီက ပြုံးသည်။

သူမ၏အပြုံးက ကလူသလိုမြူသလိုရှိသည်။

"အထဲကိုဝင်ခဲ့စမ်းပါဦးရှင်... အခန်းဝမှာတင်ရပ်မနေပါနဲ့"

သူမ၏လေသံကလည်း ချွဲချွဲပြစ်ပြစ်ရှိသည်။

ဖုန်းလှေလည်း အခန်းဝမှရှေ့ဆက်မတိုးပဲ ....

"ကျွန်တော်ဝင်ခဲ့ဖို့ မသင့်တော်ဘူးထင်တယ်"

ဖုန်းလှေ၏စကားကြောင့် ရေနဂါးဒေဝီ သဘောကျစွာရယ်လိုက်လေသည်။

"ဝင်သာဝင်လာခဲ့စမ်းပါရှင်... ဘယ်သူမှမရှိပါဘူး"

ဖုန်းလှေ သက်ပြင်းချလိုက်သည်။

သူ့အနေဖြင့် ဤအခန်းထဲသို့မဝင်လိုပါ။

သို့သော် သူမက အတင်းဖိတ်ခေါ်နေချေပြီ။

သူ့အနေဖြင့် ခါးခါးသီးသီးဆက်လက်ငြင်းဆန်ရန်မသင့်ဟု



ယူဆလိုက်၏။ ထို့ကြောင့် သူသည် အခန်းထဲသို့ဆက်လက်လျှောက်ဝင်လာခဲ့သည်။ ရေနဂါးဒေဝီက သူမ၏ရှေ့ရှိထိုင်ခုံတစ်လုံးအား ညွှန်ပြလိုက်ပြီး....

"ထိုင်ပါ"

ဖုန်းလှေလည်း သူမညွှန်ပြသည့်ခုံတွင်ဝင်ထိုင်လိုက်သည်။ ထိုင်ချပြီးသည်နှင့် သူကရေနဂါးဒေဝီအားမေးမြန်းလိုက်သည်။

"စောစောစီးစီး ဘာများပြောစရာရှိလို့လဲဗျာ၊ ပြောစရာရှိတာကိုမြန်မြန်ပြောစမ်းပါ"

ရေနဂါးဒေဝီက ပြုံးလိုက်သည်။

ထို့နောက် ဖုန်းလှေအားရွှန်းရွှန်းစားစားကြည့်ကာ....

"ညစာစားပွဲတုန်းက ကျွန်မ ရှင်နဲ့ပူးပေါင်းပါ့မယ်လို့ပြောခဲ့တာကို ရှင်မှတ်မိရဲ့လား"

ဖုန်းလှေခေါင်းညိတ်လိုက်သည်။

"မှတ်မိပါတယ်"

ရေနဂါးဒေဝီက မျက်ခုံးပင့်ကာပြောလိုက်သည်။

"အဲဒါ ရှင်ဘယ်လိုသဘောရသလဲ"

ဖုန်းလှေမျက်မှောင်ကုပ်သွားသည်။

ပြီးမှ လေသံမာမာဖြင့်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ခင်ဗျားဆီမှာပဲပူးပေါင်းပူးပေါင်း ခင်ဗျားက ပဲကျွန်တော်နဲ့ပေါင်းပေါင်း အဓိပ္ပာယ်ကတော့ ကျွန်တော် ရေနဂါး ဂိုဏ်းမှာပါဝင်ဖို့ပဲမဟုတ်လား"

ရေနဂါးဒေဝီက လက်ကာပြကာ ကမန်းကတန်းပြောလိုက် လေသည်။

"ဟာ... ဒီလိုမဟုတ်ပါဘူး"

ဖုန်းလွေ ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူက မျက်မှောင်ကုပ်ကာမေးလိုက်သည်။

"ဒါဖြင့် ဘယ်လိုသဘောလဲ"

ရေနဂါးဒေဝီ၏မျက်နှာမှာ လေးနက်တည်ကြည်သွားသည်။ ရုတ်တရက် သူမက မထင်မှတ်သောစကားကိုပြောချလိုက်သည်။

"ကျွန်မ ရှင်နဲ့ပူးပေါင်းမယ်ဆိုတာက ကျွန်မလုပ်နေတဲ့ ဒုစရိုက်လုပ်ငန်းတွေအားလုံးကိုစွန့်လွှတ်ပြီး တရားဥပဒေဘောင် ထဲကိုဝင်ရောက်မယ်လို့ပြောတာပါ"

"ဟင်...."

ယခုတစ်ကြိမ်တွင်တော့... ပါးစပ်အဟောင်းသားနှင့် တအံ့ တသြဖြစ်သွားရသူမှာဖုန်းလွေပင်ဖြစ်ပေတော့၏။ သူသည် ရေနဂါး ဒေဝီအား မယုံကြည်နိုင်သောမျက်လုံးများဖြင့်ကြည့်လိုက်မိသည်။



သည်လိုစကားမျိုး သူမထံမှကြားရလိမ့်မည်ဟု ဖုန်းလွေ မထင်မိခဲ့ပါချေ။ ယင်းကြောင့် ဖုန်းလွေမှာ အံ့သြမှင်တက်နေမိခြင်း ဖြစ်ပေသည်။

အတန်ကြာမှ သူကဝမ်းသာအားရပြောလိုက်သည်။

"ကောင်းတာပေါ့ဗျာ၊ ဒါကမှန်ကန်တဲ့ဆုံးဖြတ်ချက်ပဲ"

သူမက ဖုန်းလွေအားစိုက်ကြည့်ကာပြောလိုက်သည်။

"ကျွန်မ မရှိတော့ဘူးဆိုရင် ရေနဂါးဂိုဏ်းလဲ ဆက်လက်မ တည်တံ့နိုင်တော့ပါဘူး၊ အားလုံးလူစုကွဲပြီး သည်နယ်ပယ်ဒေသ ငြိမ်းချမ်းသာယာသွားလိမ့်မယ်... နောက်ပြီး...."

သူမကပြောလက်စ စကားကိုရပ်လိုက်ပြီး ဖုန်းလွေအား စူးစူးစိုက်စိုက်ကြည့်လိုက်၏။ သူမ၏မျက်လုံးအစုံမှာ စူးရှတောက် ပြောင်နေသည်။ သူမ၏အကြည့်ထဲတွင် မျှော်လင့်ချက်တစ်စုံတစ်ရာ ပါရှိနေသည်ဟု သူခံစားလိုက်ရ၏။

သူမ၏စကားသံ ဆက်လက်ထွက်ပေါ်လာပြန်သည်။

"နောက်ပြီး... ရှင်ဟာလဲ ရေနဂါးဂိုဏ်းကိုအပြီးအပြတ် ချေမှုန်းနိုင်တဲ့လူအဖြစ် ထင်ရှားသွားလိမ့်မယ်၊ ဒါကြောင့် ရှင့်ရဲ့မြို့စား ရာထူးကိုလဲ ရှင်ပြန်လည်ရရှိလာမှာကျိန်းသေတယ်"

ဖုန်းလွေမှာ နားမလည်နိုင်အောင်ပင်ဖြစ်နေရှာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည်… ရေနဂါးဂိုဏ်းအား ဦးစီးခေါင်းဆောင်ပြုကာ ရှင်မင်မြို့အနီးဝန်းကျင်ရှိမြစ်ချောင်းများတွင် လုယက်တိုက်ခိုက်ကာ ကြီးစိုးမင်းမူခဲ့သည်။

ထို့ကြောင့် ရေနဂါးဂိုဏ်းသည် ရွှေငွေရတနာ ပစ္စည်းဥစ္စာ အလျှံပယ်ပေါကြွယ်လှသည်။

လူသူလက်နက်အင်အားတောင့်တင်းပြီး ထိုနယ်တကြောခွဲ သြဇာအာဏာအရှိန်အဝါကြီးမားလွန်းလှသည်။

ထိုသို့သော အရှိန်အဝါကြီးမားလှသည့်အဖွဲ့၏ဦးစီးခေါင်းဆောင်က မိမိ၏လုပ်ငန်းများကိုအပြီးတိုင်စွန့်လွှတ်ကာ တရားဥပဒေဘောင်ထဲသို့ဝင်ရောက်မည်ဟုပြောလာခြင်းသည်….

နားရှုပ်သာကြားရသည်။

လုံးဝယုံနိုင်ဖွယ်မရှိသော စကားများပင်ဖြစ်ပေတော့သည်။

ဤကိစ္စမှာ….

အလွန်အံ့သြစရာကောင်းလှသလို မည်သို့မျှလည်း ယုံနိုင်စရာအကြောင်းမရှိချေ။

ဖုန်းလွှေ၏ဦးနှောက်တစ်ခုလုံး ရှုပ်ထွေးနောက်ကျိသွားလေတော့၏။

သူသည် နားမလည်နိုင်စွာပြန်မေးလိုက်မိ၏။



"ခင်ဗျားပြောတာကို ကျွန်တော်နားမလည်ဘူး"

ရေနဂါးဒေဝီက သက်ပြင်းချလိုက်သည်။

ပြီးမှ တစ်ခွန်းချင်း ဖြည်းညင်းစွာပြောလေသည်။

"ကျွန်မက တကယ့်စေတနာနဲ့ပြောနေတာပါ။ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် စိန်တိုးကို တမင်အသေသတ်ဖမ်းဆီးတယ်ဆိုပြီး ရှင့်ကိုရာထူးကဖယ်ရှားအောင်လို့ သက်ဆိုင်ရာကို ကျွန်မ ရွှေငွေတွေပုံပေးပြီး အကွက်ဆင်ခဲ့တာပါ"

ဖုန်းလွှေက ပြုံးလိုက်သည်။

သာမန်အပြုံးမျိုးမဟုတ်ချေ။

ထိုအပြုံးထဲတွင် အဓိပ္ပာယ်များစွာပါဝင်နေ၏။

လှို့ဝှက်အပြုံးတစ်ခုဆိုလျှင်လည်းမမှားပေ။

သူ့ထံတွင် ရေနဂါးဒေဝီစကားကိုချေပရန် စကားများစွာရှိနေသည်။ သို့သော် သူက တစ်ခွန်းတစ်ပါဒမျှမပြောပါချေ။

ရေနဂါးဒေဝီက စကားဆက်လိုက်သည်။

"ဒီလိုလုပ်တာဟာ ကျွန်မတို့ရဲ့ရေနဂါးဂိုဏ်း ရှင့်လက်ချက်ကြောင့် အတော်အထိနာခဲ့တာကို ကောင်းကောင်းကြီး ပြန်ပြီးလက်တုံ့ပြန်တဲ့သဘောပါ"

ဖုန်းလွှေက မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘာမျှတော့ပြန်မပြောချေ။

ရေနဂါးဒေဝီကဆက်ပြောလိုက်သည်။

“ရာထူးကပြုတ်သွားတဲ့ ရှင့်ရဲ့လှုပ်ရှားမှုတွေကို ကျွန်မတို့က မျက်စိဒေါက်ထောက်ပြီး စောင့်ကြည့်နေခဲ့တယ်၊ ရှင် ဒီလှေကြီးပေါ်မှာပါလာတယ်ဆိုတာကိုလဲ ကျွန်မတို့ရဲ့သူလျှိုတွေက သတင်းပေးလို့ သိထားခဲ့တယ်၊ ဒါကြောင့် လှေကြီးကိုလမ်းကဖြတ်တိုက်ပြီး ရှင်တို့လင်မယားကိုအမိဖမ်းခဲ့တာ၊ အစကတော့ ရှင်တို့ကို လက်စားချေ သုတ်သင်ဖို့ကြံရွယ်ထားခဲ့တာ၊ အခုတော့....”

သူမ၏စကား အဆုံးမသတ်ပါချေ။ တစ်ဝက်တစ်ပျက်တွင် ရပ်တန့်သွား၏။ သူမသည် ခေါင်းကိုအသာငုံ့ချလိုက်သည်။

သူမ၏မျက်လုံးအိမ်တွင် မျက်ရည်များရစ်ဝဲနေ၏။ သို့သော် ယင်းမျက်ရည်များအား ဖုန်းလှေ မမြင်လိုက်ပါ။ အကြောင်းကား ရေနဂါးဒေဝီက ခေါင်းကိုငုံ့ချပစ်လိုက်သောကြောင့်ဖြစ်ပါသည်။

****



အခန်းတဲတွင် တခဏ်မျှတိတ်ဆိတ်သွား၏။

အတန်ကြာမှ ဖုန်းလှေက ရေနဂါးဒေဝီအားအကဲခတ်ကြည့်ကာမေးလိုက်သည်။

“ခင်များက ဘာကြောင့် ဒုစရိုက်လုပ်ငန်းတွေကိုစွန့်လွှတ်ဖို့ ချက်ချင်းဆုံးဖြတ်လိုက်ရတာလဲ”

ရေနဂါးဒေဝီက ခေါင်းငုံ့ထားရာမှအသာပြန်မော့လိုက်သည်။ သူမက တောက်ပသောမျက်လုံးများဖြင့် ဖုန်းလှေအား စိုက်ကြည့်လိုက်သည်။ သူမမှာ ပြောရခက်နေပုံရ၏။

သူမ၏လှပသောနှုတ်ခမ်းလွှာများမှာ တဆတ်ဆတ် တုန်ယင်နေသည်။ ရေနဂါးဒေဝီကစိတ်ကိုတင်းကာ ပြောလိုက်၏။

သို့သော် သူမ၏စကားမှာထစ်ငေါ့နေလေသည်။

“ကျွန်မလေ... ရှင့်ရဲ့... အဲ... ဟို”

ဖုန်းလှေ သက်ပြင်းချလိုက်၏။

သူသည် အ,လွန်းသော လူတစ်ယောက်မဟုတ်ပါချေ။

ရေနဂါးဒေဝီ၏အရိပ်အကဲကို ကောင်းစွာအကဲခတ်နိုင်ခဲ့သည်။ ရေနဂါးဒေဝီ၏စိတ်ထဲတွင် မည်သည့်စကားမျိုးပြောဆိုလိုကြောင်းကိုလည်း ဖုန်းလှေတွက်ဆမိ၏။

သူသည် ရိုးဖြောင့်ပွင့်လင်းသောလူတစ်ယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကြောင့်.... ရေနဂါးဒေဝီအား ခပ်ရှင်းရှင်းပင်မေးမြန်းလိုက်လေသည်။

"ခင်ဗျား ကျွန်တော့်ရဲ့ ဇနီးသည်ဖြစ်ချင်တယ်မဟုတ်လား"

ရေနဂါးဒေဝီကခေါင်းညိတ်လိုက်သည်။

သူမ၏အသံမှာတိုးညင်းနေ၏။

ထို့ပြင် သူမ၏မျက်နှာတစ်ပြင်လုံးနီရဲနေသည်။

ရေနဂါးဒေဝီသည် ကြမ်းတမ်းခက်ထန်သော ဒုစရိုက်မယ်တစ်ယောက်ဖြစ်၏။

သို့သော် ယခုမူ သူမသည် အလွန်ရှက်ရွံ့နေပုံရသည်။

မည်သို့ဆိုစေ ရေနဂါးဒေဝီသည် မိန်းမသားတစ်ယောက်ပင်ဖြစ်၏။ ယင်းကြောင့် အိမ်ထောင်ရှင်ယောကျ်ား တစ်ယောက်၏ ဇနီးမယားဖြစ်လိုကြောင်း မိမိကိုယ်တိုင်ဖွင့်ဟပြောရသည်မှာရှက်ရှာပေလိမ့်မည်။

ဖုန်းလွေ သက်ပြင်းချလိုက်၏။

သူ့အနေဖြင့် ရေနဂါးဒေဝီအား စာနာနားလည်မိသည်။

ကရုဏာလည်းဖြစ်မိ၏။

သို့သော်.... သူသည် သစ္စာတရားကို လွန်စွာတန်ဖိုးထားသူတစ်ယောက်ဖြစ်ပါသည်။



ချစ်ဇနီးရှောင်မေဝါးအပေါ်တွင် လုံး၀ သစ္စာမဖောက်နိုင်ပေ။ ယင်းကြောင့် ခေါင်းကိုအသာခါယမ်းကာပြောလိုက်၏။

"မဖြစ်နိုင်ဘူး.... ကျွန်တော့်မှာဇနီးရှိတယ်လေ၊ ဒါကြောင့်နောက်ထပ်ဇနီးတစ်ယောက်ထပ်ယူလို့မရဘူးတော့ဘူး"

ရေနဂါးဒေဝီက မချိပြုံးပြုံးလိုက်သည်။

"ဒါကိုကျွန်မသိပါတယ်၊ ရှင့်မှာဇနီးမယားရှိရုံတင်မဘူး၊ အဲဒီဇနီးမယားကိုလဲ အတော်မြတ်နိုးတယ်ဆိုတာကိုလဲ ကျွန်မ ကောင်းကောင်းရိပ်မိပါတယ်၊ ဒါကြောင့် ကျွန်မအနေနဲ့ရှင့်ရဲ့ ပထမဇနီးကြီးဖြစ်ဖို့ မတောင်းဆိုပါဘူး"

ဖုန်းလွေက မျက်မှောင်ကြုတ်လိုက်၏။

"ဒါဆို ခင်ဗျားကဒုတိယမယားဖြစ်ချင်တာပေါ့"

ရေနဂါးဒေဝီကခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ဖုန်းလွေကခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား ဒုတိယဇနီးလုပ်ချင်လဲမဖြစ်နိုင်ပါဘူး"

ရေနဂါးဒေဝီက ဖုန်းလွေအား စိုက်ကြည့်လိုက်သည်။

ဖုန်းလွေကလည်း သူမအား ပြန်လည်၍အကဲခတ်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ပြတ်ပြတ်သားသား ပြောဆိုမှုကြောင့် ရေနဂါးဒေဝီ ဒေါသထွက်သွားလိမ့်မည်ဟု သူကထင်ခဲ့မိသည်။

သို့သော် လက်တွေ့တွင်မူ ရေနဂါးဒေဝီကစိတ်မဆိုးပါချေ။ သူမ၏မျက်နှာ ပြုံးနေ၏။

သို့သော် ယင်းအပြုံးမှာ မရှိုပြုံးသာဖြစ်သည်။

ရေနဂါးဒေဝီက ဖုန်းလွေကိုကြည့်ရင်းမှ တစ်ခုခုကို သတိရသွားပုံရ၏။ သူမ၏မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

သူမက ဖုန်းလွေအားကြည့်ကာပြောလိုက်၏။

"ကျွန်မ ရှင့်ကိုသတိပေးစရာတစ်ခုရှိသေးတယ်"

ဖုန်းလွေ မျက်မှောင်ကြုတ်သွားသည်။

"ပြောပါ"

ရေနဂါးဒေဝီက စိုးရိမ်သောလေသံဖြင့်ပြောလိုက်၏။

"ချီစီဖူက ရှင်တို့လင်မယားနှစ်ယောက်ကိုသုတ်သင်ဖို့ အစီအစဉ်တွေလုပ်ထားပြီးပြီ၊ ဒီနေ့မွန်းတည့်ချိန်မှာ ရှင်တို့ကို စီရင်လိမ့်မယ်၊ ရှင်တစ်ယောက်တည်းနဲ့ ချီစီဖူတို့ ခုနစ်ယောက်ကိုယှဉ်နိုင်ပါ့မလား၊ ဒီစခန်းကနေလွတ်မြောက်အောင်ထွက်ပြေးနိုင်ပါ့မလား၊ ရှင် ဒီလောက် မစွမ်းနိုင်ပါဘူး၊ ဒီတော့ ရှင်ကော ရှင့်ဇနီးပါ အသက်သေကြရလိမ့်မယ်"



ဖုန်းလွေ မဲ့ပြုံးပြုံးလိုက်၏။

ပြီးမှ သူကရေနဂါးဒေဝီအား စိုက်ကြည့်ကာပြတ်သားသောလေသံဖြင့်ပြောလိုက်၏။

"ကျွန်တော်တို့မလွတ်မြောက်နိုင်ရင်လဲ ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော်တို့ဇနီးမောင်နှံဟာ သေအတူရှင်မကွာပါ၊ ကျွန်တော့်အနေနဲ့ အသက်ပဲအသေခံမယ်၊ ကျွန်တော့်ဇနီးအပေါ်မှာ သစ္စာမဖောက်နိုင်ဘူး၊ ကျွန်တော့်ဇနီးကလဲ ဒီလိုပဲဆန္ဒရှိပါတယ်"

သူမမှာ ဖုန်းလွေ၏စကားကြောင့် အံ့အားသင့်သွား၏။

သစ္စာတရားကြောင့် အသက်စွန့်လွှတ်သူ၏လောကကြီး၌ ရှိပါသေးလား။

သူမမှာ သူ့ကိုအံ့သြခြင်းနှင့်အတူ လေးစားမိသည်။ သူက သူ၏ဆန္ဒကိုပြတ်သားစွာပြောဆိုပြီးနောက် ပြန်ရန်ဟန်ပြင်လိုက်၏။

ထိုအခါ ရေနဂါးဒေဝီက ကမန်းကတန်း တားမြစ်လိုက်၏။

"နေပါဦးရှင်"

သူလှည့်ကြည့်ကာမေးလိုက်၏။

"ဘာများပြောချင်သေးလို့လဲ"

သူက စိတ်မရှည်သောလေသံဖြင့်မေးလိုက်ခြင်းဖြစ်၏။

သူမက သူ့ကိုမျက်မှောင်ကုပ်ကြည့်ကာပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ဟာအတော့်ကိုခက်တဲ့သူပဲ၊ ကျွန်မပြောတာကိုလက်ခံရင် ရှင်တို့နှစ်ယောက်စလုံး အသက်ချမ်းသာရာရမယ်၊ ရှင် အင်မတန်ချေမွှန်းချင်တဲ့ ရေနဂါးဒေဝီကိုဏ်းလဲပြိုကွဲသွားမယ်၊ နောက်ပြီး ရှင့်ရဲ့ရာထူးကိုလဲပြန်ရမယ်၊ ဒါတောင် ရှင်ခေါင်းမာပြီးငြင်းနေရသလား"

သူမှာ သူမအား နားမလည်နိုင်အောင်ဖြစ်မိ၏။

သူမနှင့် မိမိအားတွေ့ဆုံရသည်မှာ ရက်ပိုင်းမျှသာရှိသေးသည်။ သို့သော်... သူမက မိမိအား နှစ်ရှည်လများက ချစ်ကြိုက်ခဲ့သူကဲ့သို့ တန်းတန်းစွဲဖြစ်နေ၏။

မည်သည့်အကြောင်းကြောင့်ပါနည်း။

ဖုန်းလွှေမှာ စိတ်များရှုပ်ထွေးလာ၏။

သူက သူမအားကြည့်ကာပြောလိုက်၏။

"ခင်ဗျားကလဲ အတော်စဉ်းစားရခက်တာလဲ"

သူမက မျက်မှောင်ကုပ်ကာမေးလိုက်သည်။

"ဘာကြောင့်လဲ"

ဖုန်းလွှေက သူမအား စိုက်ကြည့်ကာ ပြောလိုက်၏။

"ကျွန်တော် ရှင်းရှင်းပဲမေးမယ်၊ ခင်ဗျားစိတ်မဆိုးနဲ့"

သူမကခေါင်းညိတ်လိုက်သည်။

"ပြောပါ"



ဖုန်းလွှေ ခပ်ရှင်းရှင်းမေးလိုက်သည်။

"ခင်ဗျားနဲ့ကျွန်တော် ခုမှတွေ့မြင်ကြရတာပါ၊ ဘာကြောင့်ကျွန်တော့်ကို အခုလိုတန်းတန်းစွဲဖြစ်နေရတာလဲ"

သူမက ခေါင်းကိုတဆတ်ဆတ်ညိတ်လိုက်သည်။

ပြီးမှ တည်ကြည်သောမျက်နှာထားဖြင့်ပြန်ဖြေလိုက်၏။

"ရှင်နဲ့ကျွန်မ အခုမှတွေ့ကြရတာမဟုတ်ဘူး"

"ဗျာ... ဘယ်လို"

သူမကခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်... ရှင်နဲ့ကျွန်မ တွေ့ခဲ့သိခဲ့ကြတာကြာခဲ့ပြီ"

ဖုန်းလွှေ အံ့သြသွားသည်။

သူ့အနေဖြင့် သူမအားတွေ့ဖူးရုံသာရှိသည်ဟုထင်ခဲ့မိ၏။

သို့သော် သူမက သူနှင့်ရင်းရင်းနှီးနှီး သိကျွမ်းခဲ့ဖူးသည့်ပုံစံမျိုးပြောလာပြီဖြစ်သည်။

သူက ဦးနှောက်ကိုအလုပ်ပေးလိုက်၏။

ထိုအခါ သူမနှင့်မိမိမှာ ဘယ်တုန်းကမျှသိကျွမ်းရင်းနှီးခဲ့ဖူးခြင်းမရှိကြောင်း စဉ်းစားလိုက်မိ၏။ ယင်းကြောင့် သူက လက်မခံနိုင်သောလေသံဖြင့်ပြောလိုက်၏။

"မဟုတ်တာပဲဗျာ.... ခင်ဗျားနဲ့ကျွန်တော် ဘယ်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



သိကျွမ်းခဲ့ဖူးလို့လဲ”

သူမကပြုံးလိုက်၏။

“ရှင် ကျွန်မကိုမမှတ်မိလို့ပါ”

သူက သူမကိုစေ့စေ့ကြည့်လိုက်သည်။

“ဒီလိုရုပ်ရည်နဲ့မိန်းမသားမျိုးကို သူ ယခင်ကမတွေ့ခဲ့ဖူးပါ”

ယင်းကြောင့် ခေါင်းယမ်းကာပြောလိုက်၏။

“ကျွန်တော် ခင်ဗျားကို ဘယ်မှာတွေ့တယ်ဆိုတာ စဉ်းစားလို့မရဘူးဗျာ”

သူမက ဖုန်းလွေအား စိုက်ကြည့်လိုက်သည်။

“ကျွန်မရဲ့ရုပ်ရည်ပြောင်းနေလို့ ရှင်မမှတ်မိတာပါ။ ကျွန်မနာမည်ရင်းကိုပြောလိုက်ရင် ချက်ချင်း ရှင်မှတ်မိသွားပါလိမ့်မယ်”

သူ စိတ်ဝင်စားသွားသည်။

သူမသည် မည်သူမည်ဝါဆိုသည်ကိုသိချင်စိတ်များ တဖွားဖွားပေါ်ပေါက်လာ၏။

ယင်းကြောင့် သူကမျက်ခုံးပင့်ကြည့်ကာမေးလိုက်၏။

“ပြောစမ်းပါဦး။ ခင်ဗျားနာမည်ရင်းကို”

ရေနဂါးဒေဝီက သူ့ကိုစိုက်ကြည့်ကာပြောလိုက်၏။

သူမ၏မျက်လုံးအစုံသည် တလက်လက်တောက်ပလာ၏။



လှပသောနှုတ်ခမ်းလွှာများသည် တဆတ်ဆတ်တုန်ယင်နေ၏။ သူက သူမပြောလာမည့်စကားကိုနားစွင့်နေ၏။

သူမမည်သူဖြစ်သနည်း။ မည်သူဖြစ်နိုင်သနည်း။

အတန်ကြာမှ သူမ၏စကားသံထွက်ပေးလာ၏။

“ကျွန်မနာမည် ပင်ကုလနိပါ”

“ဗျာ”

ဖုန်းလွေက အံ့သြမှင်တက်သွားလေတော့သည်။

ဖုန်းလွေမှာ ရေနဂါးဒေဝီအား ပြူးကျယ်သောမျက်လုံး အစုံဖြင့် စိုက်ကြည့်နေ၏။ ရေနဂါးဒေဝီ၏စကားသံ ထပ်မံထွက်ပေါ်လာပြန်လေသည်။

“ကျွန်မနာမည် ပင်ကုလနိပါ။ ရှင်နဲ့အတူ တာစန်းတောင်ပေါ်က ပတ္တမြားဂူမှာသိုင်းပညာသင်ကြားခဲ့တဲ့ပင်ကုလနိပါ”

ဖုန်းလွေမှာ မည်သည့်စကားမျှပြန်မပြောနိုင်ချေ။

ပါးစပ်အဟောင်းသားဖြင့် ရေနဂါးဒေဝီအား စိုက်ကြည့်နေမိတော့၏။ သူ၏မျက်လုံးအစုံမှာ ပြူးကျယ်နေလေသည်။ ဖုန်းလွေ လုံးဝမထင်မှတ်ခဲ့ပါချေ။

ရေနဂါးဒေဝီမှာ ပင်ကုလနိဖြစ်နေလိမ့်မည်ဟု လုံးဝတွေး ထင်မိခဲ့ခြင်းမရှိခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ယင်းကြောင့် ရေနုဂါးဒေဝီ၏စကားကို ရုတ်တရက် မယုံနိုင်အောင်ဖြစ်သွားမိ၏။

သူကိုယ်သူ အိပ်မက်မက်နေသလောဟုသံသယဝင်မိ၏။

ဖုန်းလွှေက သူမအား မယုံနိုင်စွာကြည့်ကာ ပြောလိုက်လေ၏။

"ဟုတ်မှဟုတ်ရဲ့လား။ ဒါဖြင့် ခင်ဗျားရုပ်က ငယ်ငယ်ကနဲ့ ဘာကြောင့်မတူတော့တာလဲ"

သူမ၏မျက်နှာမှာ ညိုမှိုင်းသွားသည်။

သူမ၏ဟန်ပန်ကို ကြည့်ရသည်မှာ အတော်စိတ်မကောင်းဖြစ်သွားပုံရသည်။

အတန်ကြာမှ သူမက စိတ်ကိုတင်းကာပြောလိုက်သည်။

"ဒါတွေ နောက်မှ ကျွန်မပြောပြပါ့မယ်ရှင်၊ ဒါနဲ့ကျွန်မဟာ ပင်ကုလန်ဆိုတာကော ရှင်ယုံရဲ့လား.... ကျွန်မရဲ့ဟန်ပန်နဲ့ အသံကကော ပင်ကုလန်နဲ့တူရဲ့လား"

သူမ၏စကားကြောင့် ဖုန်းလွှေသတိပြုမိလိုက်၏။

မှန်ပေသည်။

လူတစ်ယောက်သည် ရုပ်ရည်ပြောင်းလဲနိုင်သော်လည်း မျက်လုံးအကြည့်.... အသံနှင့် ဟန်ပန်အမူအရာတို့အား မည်သို့မျှပြောင်းလဲနိုင်စွမ်းမရှိချေ။

ယင်းကြောင့် ရေနုဂါးဒေဝီအား စတင်တွေ့လိုက်ရသည့်အခါ ထိုမျက်လုံးနှင့်ဟန်ပန်အမူအရာတို့ကိုရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ဖူးသည်ဟု ဖုန်းလွှေထင်မြင်မိလိုက်ခြင်းဖြစ်၏။

ဖုန်းလွှေက သူမအား စိုက်ကြည့်လိုက်သည်။

သူ၏ရင်ထဲတွင် ဝမ်းနည်းဝမ်းသာမှုများ ပြည့်ကျပ်နေ၏။

ဖုန်းလွှေမှာ ရေနုဂါးဒေဝီအား စိုက်ကြည့်နေရင်း သူ၏အာရုံထဲသို့အတိတ်မှပုံရိပ်များထင်ဟပ်လာလေတော့သည်။

****



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)
## အတိတ်၏ပုံရိပ်

မြောင်ကျွမ်းနယ်....

မြောင်ကျွမ်းနယ်မှာ တရုတ်ပြည်တောင်ပိုင်းနယ်စပ်တွင်တည်ရှိ၏။ တောတောင်ထူထပ်သည်။ လျှိုမြောင်များ ပေါများလှသည်။ ထို့ပြင် ထူးခြားဆန်းကြယ်သောနေရာများစွာရှိသည်။

မြောင်ကျွမ်းနယ်၏ တစ်ခုသောတောနက်ကြီးထဲတွင် မြင့်မားသောတောင်တစ်လုံးရှိ၏။

ယင်းတောင်အား တာစန်းတောင်ဟုခေါ်ဝေါ်ကြသည်။

တာစန်းတောင်သည် အလွန်မြင့်မားသောတောင်တစ်လုံးဖြစ်သည်။ တာစန်းတောင်တည်ရှိရာသည် တောနက်လှ၏။

ထို့ပြင် သားရဲတိရစ္ဆာန်များလည်းပေါများလှ၏။

ယင်းကြောင့်....



တာစန်းတောင်မှာ လူသူအပေါက်အရောက်နည်းပါးလှပေသည်။ သို့သော် တာစန်းတောင်ခြေတွင် ရွာငယ်လေးတစ်ရွာရှိ၏။ တောင်ခြေရွာကလေးဖြစ်သောကြောင့် သစ်ခုတ်သမားများနှင့် တောလိုက်မုဆိုးများသာနေထိုင်ကြသည်။

တာစန်းတောင်ပေါ်တွင်မူ ထူးဆန်းသောကျောက်ဂူကြီးတစ်ခုရှိနေသည်။

ယင်းဂူကြီးအား ပတ္တမြားဂူဟုခေါ်ဝေါ်ကြသည်။

ပတ္တမြားထွက်ရှိခြင်းကြောင့် ပတ္တမြားဂူဟုခေါ်ဝေါ်ကြခြင်း မဟုတ်ချေ။ သို့သော် ကျောက်ဂူကြီးတစ်ခုလုံးနီရဲနေ၏။

အမှန်တွင် ဂူကြီးတည်ရှိရာနေရာသည် သဘာဝအားဖြင့် အနီရောင်အဆင်းရှိသောကျောက်သားများချည်းသာရှိသော နေရာဖြစ်သည်။

ဂူအတွင်းဘက်နံရံများမှာ နီရဲနေ၏။

ယင်းကြောင့် ထိုကျောက်ဂူကြီးကို ပတ္တမြားဂူဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ပတ္တမြားဂူတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာက နတ်ဘီလူးမောင်နှံတို့နေထိုင်ခဲ့ကြသည်ဟုအဆိုရှိ၏။

ယင်းနတ်ဘီလူးမောင်နှံကို တခြားသောအရပ်မှနတ်ဘီလူးများလာရောက်တိုက်ခိုက်ကြရာ....

www.burmeseclassic.com

www.burmeseclassic.com



သွေးကြောစီးတိုက်ပွဲများဖြစ်ပွားခဲ့ကြသည်။ ယင်းကြောင့် ပတ္တမြားဂူနေရာတွင် အနီရောင်ကျောက်ပြားများ ဖြစ်ပေါ်နေခြင်းဖြစ်သည်ဟုဒဏ္ဍာရီရှိခဲ့၏။

သို့သော်.... ယခုတွင်မူ ပတ္တမြားဂူ၌ မိသားစုတစ်စုနေထိုင်လျက်ရှိကြသည်။

ထိုမိသားစုမှာ သိုင်းဆရာကြီးနန်းကုန်းထင်တို့မိသားစုပင်ဖြစ်၏။ ပတ္တမြားဂူတွင်နေထိုင်သောကြောင့် နန်းကုန်းထင်အား ဒေသခံများက ပတ္တမြားဂူပိုင်ရှင်နန်းကုန်းထင်ဟု ခေါ်ဝေါ်ကြလေသည်။

တာစန်းတောင်ခြေရွာမှရွာသူရွာသားများက နန်းကုန်းထင်တို့မိသားစုအား အလွန်ချစ်ခင်လေးစားကြ၏။

သို့ဖြင့်.... ပတ္တမြားဂူပိုင်ရှင် နန်းကုန်းထင်တို့မိသားစုသည် တာစန်းတောင် ပတ္တမြားဂူ၌ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လာခဲ့ကြလေသည်။

****



နေမင်းကြီးမှာ အနောက်ဘက်သို့တိမ်းစောင်းနေပြီ ဖြစ်သည်။ နေရောင်ခြည်များမှာ အားကောင်းစွာ တောက်ပနေဆဲဖြစ်သည်။ ယင်းကြောင့် နေရောင်ခြည်တန်းမှာ ပတ္တမြားဂူထဲသို့တိုးဝင်ကျရောက်နေလေသည်။

နေရောင်ခြည်ထိုးကျမှုကြောင့် ပတ္တမြားဂူမှအနီရောင်အလင်းတန်းများ ဝန်းကျင်တစ်ဝိုက်သို့ဖြာထွက်နေလေသည်။

အကယ်၍.... လူတစ်ဦးသည် ထိုအချိန်မျိုးတွင် ပတ္တမြားဂူရှေ့သို့သွားရပ်ပါက ရောင်ပြန်အလင်းတန်းများကြောင့် တစ်ကိုယ်လုံးသွေးချင်းချင်းနီနေသကဲ့သို့ဖြစ်နေလိမ့်မည်။

ထိုအချိန်သည်... ပတ္တမြားဂူ၏အလှပဆုံးသော အချိန်ဖြစ်သည်။ ထို့ပြင် ကြောက်စရာကောင်းသည့်အချိန်လည်း ဆိုနိုင်သည်။

အကြောင်းကား ....

ရောင်ပြန်မှုများကြောင့် ပတ္တမြားဂူဝန်းကျင်တစ်ခုလုံး သွေးရောင်လွှမ်းနေသကဲ့သို့ဖြစ်နေခြင်းကြောင့်ဖြစ်သည်။

ထိုအချိန်တွင်... ပတ္တမြားဂူ၏ရှေ့တွင် လူနှစ်ဦးတိုက်ခိုက်နေကြသည်။

သူတို့၏ခန္ဓာကိုယ်မှာ မြင်မကောင်းအောင်နီရဲနေကြသည်။

သို့သော် သွေးများကြောင့်နီရဲနေကြခြင်းမဟုတ်ပေ။

www.burmeseclassic.com



ပတ္တမြားဝှမ်ရောင်ပြန်အလင်းတန်းများကြောင့် နီရဲနေကြခြင်းသာဖြစ်ပေသည်။

အလားတူပင် ထိုနှစ်ဦးမှာ အမှန်တကယ်တိုက်ခိုက်နေကြခြင်းမဟုတ်ချေ။ သူတို့သည်....

ဓားရေးလေ့ကျင့်နေကြခြင်းသာဖြစ်ပေသည်။

ဓားရေး ယှဉ်ပြိုင်လေ့ကျင့်နေကြသူများမှာ လူငယ်တစ်ဦးနှင့်မိန်းမပျိုတစ်ဦးတို့ဖြစ်ကြသည်။

သူတို့နှစ်ဦးမှာ အသက်အရွယ်ချင်း မတိမ်းမယိမ်းရှိကြပြီး နှစ်ဦးစလုံး အသက်ဆယ့်ရှစ်နှစ်ဝန်းကျင်ခန့်သာရှိသည်။

လူငယ်ကော မိန်းမပျိုပါ ရုပ်ရည်ချောမောကြသည်။

မိန်းမပျိုမှာ ခန္ဓာကိုယ်အချိုးအဆစ်ကျနလှပပြီး တစ်တစ်ရစ်ရစ်ရှိသည်။

လူငယ်မှာ အရပ်မြင့်ပြီး ဝိန်သယောင်ထင်ရသည်။

သို့သော် သူ၏ခန္ဓာကိုယ်မှာကျစ်လစ်သန်မာလှသည်။

မိန်းမပျိုက ဓားကိုဝှေ့ယမ်းတိုက်ခိုက်လိုက်သည်။

သူမ၏ဓားမှာ တရစပ်လည်နေသည်။

စကြာလည်နေသကဲ့သို့ဖြစ်သည်။ လူငယ်က ဓားငယ်ကိုဘယ်မှညာ၊ ညာမှာဘယ်သို့ လှုပ်ရှား၍ခုခံနေရ၏။



သူ၏ဓားရည်လှုပ်ရှားမှုမှာ ခေါက်ယပ်တောင်ကို ပိတ်လိုက်ဖွင့်လိုက် လုပ်နေသကဲ့သို့ဖြစ်သည်။

မိန်းမပျို၏တိုက်ခိုက်မှုမှာ ကြမ်းတမ်းခက်ထန်လှသည်။

သို့သော်.... လူငယ်ကကောင်းစွာခုခံနိုင်သည်။

လူငယ်က တိုက်ခိုက်မှုအရှိန်တိုးမြှင့်လိုက်သည်။

မကြာမီ.... စကြာလည်ပတ်သကဲ့သို့ ဆင့်ကဲဆင့်ကဲလည်ပတ်တိုက်ခိုက်နေသည့်မိန်းမပျို၏တိုက်စစ်မှာ ရပ်တန့်သွားလေတော့သည်။

လူငယ်က သူမအားတန်ပြန်တိုက်စစ်ဆင်လိုက်၏။

ထိုအခါ.... မိန်းမပျိုမှာ တိုက်စစ်မှခံစစ်အနေအထားသို့ ပြန်လည်ရောက်ရှိသွားသည်။ အမှန်တွင် လူရွယ်က မိန်းမပျိုသုံးသွားသည့်ဓားကွက်အတိုင်း ပြန်လည်တိုက်စစ်ဆင်လိုက်ခြင်းဖြစ်သည်။

ဝှေ့ယမ်းတိုက်ခိုက်နေသောလူရွယ်၏ဓားရှည်မှာ စကြာကဲ့သို့လည်ပတ်နေသည်။ မိန်းမပျိုကလည်း လူရွယ်သုံးသွားသည့်ဓားကွက်ကိုပြန်လည်ခုခံလိုက်သည်။

သူမ၏ဓားမှာ ဘယ်မှညာ ညာမှဘယ်လှုပ်ရှားနေသည်။

ခေါက်ယပ်တောင်ကို ဖွင့်လိုက်ပိတ်လိုက်လုပ်နေသကဲ့သို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တစ်ခုတော့ ပြောင်းလဲသွားသည်။

စောစောပိုင်းက မိန်းမပျို၏ဓားချက်များကို လူငယ်သည် ကောင်းစွာခုခံတားဆီးထားနိုင်သည်။

ယခုမူ.... လူရွယ်၏ဓားချက်များကို မိန်းမပျိုက တားဆီးနိုင်ခြင်းမရှိချေ။ ယင်းကြောင့် လူရွယ်၏ဓားချက်များက မိန်းမပျို၏ ခံစစ်များကြားမှ တစ်ချက်တစ်ချက်ထိုးဖောက်လာလေတော့သည်။

****



ဂူဝတွင် ထိုင်ခုံရှည်တစ်ခုရှိသည်။

ထိုင်ခုံရှည်ပေါ်တွင် နှစ်ဦးထိုင်နေသည်။

အဘိုးအိုတစ်ဦးနှင့်အဘွားအိုတစ်ဦးဖြစ်သည်။

အဘိုးအိုနှင့်အဘွားအိုမှာ အနီရောင်ဝတ်စုံကိုဆင်တူဝတ်ဆင်ထားကြသည်။ အမှန်တွင် သူတို့ဝတ်ဆင်ထားကြသည်မှာ အဖြူရောင်ဝတ်စုံသာဖြစ်သည်။

ပတ္တမြားဂူ၏ရောင်ပြန်မှုကြောင့်သာ သွေးနီရောင်လို ဖြစ်နေခြင်းဖြစ်သည်။ အဘိုးအိုနှင့် အဘွားအိုတို့သည် တိုက်ခိုက်နေကြသည့်လူရွယ်နှင့်မိန်းမပျိုတို့အား မျက်တောင်မခတ်စိုက်ကြည့်နေကြသည်။

ယင်းအဘိုးအိုနှင့်အဘွားအိုမှာ အခြားသူများမဟုတ်ကြချေ။

ပတ္တမြားဂူပိုင်ရှင် နန်းကုန်းထင်နှင့်သူ၏ဇနီး ဟိုဖွေ့တို့ပင် ဖြစ်ကြပေသည်။

သူတို့က လူရွယ်နှင့်မိန်းမပျိုတို့၏ တိုက်ခိုက်ယှဉ်ပြိုင်မှုကို အကဲခတ်ကြည့်ရှုနေကြခြင်းဖြစ်သည်။

မိန်းမပျိုက တိုက်စစ်၊ လူရွယ်ကခံစစ်ဖြင့် တိုက်ခိုက်နေကြသောအခါ နန်းကုန်းထင်က ခေါင်းတညိတ်ညိတ်ဖြစ်နေသည်။

သို့သော်.... လူရွယ်ကတိုက်စစ်၊ မိန်းမပျိုက ခံစစ်ပြောင်း

www.burmeseclassic.com



သွားသောအခါတွင်မှ နန်းကုန်းထင် မျက်မှောင်ကြုတ်သွား၏။

သူ့မျက်နှာပေါ်တွင် အလိုမကျသည့်ဟန်များ အထင်းသား ပေါ်လွင်လာလေသည်။

ခဏအကြာတွင်.... နန်းကုန်းထင်က လက်ကိုမြှောက်ကာ ဟန့်တားလိုက်၏။

"ရပ်လိုက်"

လူငယ်နှင့်မိန်းမပျိုတို့မှာ တိုက်ခိုက်နေရာမှ ချက်ချင်းရပ်တန့်လိုက်ကြသည်။ ထို့နောက်.... ဓားများကိုကန့်လန့်ဖြတ်ကိုင်ကာ နန်းကုန်းထင်တို့ဇနီးမောင်နှံဘက်လှည့်၍ ဦးညွှတ်လိုက်၏။

နန်းကုန်းထင်က လူငယ်ဘက်သို့လှည့်ကာပြောလိုက်၏။

"ဖုန်းလွေက စကြာဓားသိုင်းကိုကော ယပ်တောင်ဓားသိုင်းကိုပါ အတော်ပိုင်နိုင်နေပြီပဲ"

ထို့နောက် မိန်းမပျိုဘက်သို့လှည့်ကာပြောလိုက်သည်။

"ပင်ကုလန်ကတော့ စကြာဓားသိုင်းကိုအတော်ပိုင်နိုင်ပေမဲ့ ယပ်တောင်ဓားသိုင်းမှာလျှပ်ရှားမှု နည်းနေသေးတယ်"

လူငယ်မှာ နန်းကုန်းထင်၏တပည့်ဖုန်းလွေပင်ဖြစ်သည်။

မိန်းကလေးမှာ နန်းကုန်းထင်၏သမီး ပင်ကုလန်ဖြစ်သည်။

နန်းကုန်းထင်က ဖုန်းလွေနှင့်ပင်ကုလန်တို့ကို ပထွေး



သိုင်းပညာမှ စကြာဓားသိုင်းနှင့် ယပ်တောင်ဓားသိုင်းကို သင်ကြားပေးခဲ့သည်။

ယခုအခါ သူတို့နှစ်ယောက်စလုံးသည် ဓားသိုင်းပညာ နှစ်ရပ်စလုံးကို အကုန်အစင်တတ်မြောက်နေကြပြီဖြစ်သည်။

ယင်းကြောင့်.... သူတို့၏သိုင်းစွမ်းရည်ကိုစမ်းသပ်သောအနေဖြင့် နန်းကုန်းထင်ကယှဉ်ပြိုင်တိုက်ခိုက်စေခဲ့ခြင်းဖြစ်သည်။

နန်းကုန်းထင်က ဖုန်းလွေတို့၏ဟာကွက်များကို ထောက်ပြလိုက်သည်။

"ယပ်တောင်ဓားသိုင်းမှာလျှပ်ရှားမှုမြန်ဖို့ လိုအပ်သလို အားကလဲ လိုအပ်သလောက်ပါရမယ်၊ ပြီးတော့... ဓားချက်လှုပ်ရှားမှုက တစ်ဆက်တည်းဖြစ်မနေရဘူး၊ ဒါပေမဲ့ သိပ်လဲကွာမနေရဘူး၊ ဓားချက်တစ်ခုနဲ့တစ်ခုကြားမှာ သတ်မှတ်ထားတဲ့အတိုင်း အချိန်ကွာခြားမှုအတိအကျရှိရမယ်၊ ဒါဟာ ယပ်တောင်သိုင်းကျမ်းရဲ့အဓိကကျတဲ့လျှို့ဝှက်ချက်ပဲ"

နန်းကုန်းထင်က ပင်ကုလန်ဘက်သို့လှည့်ကာပြောလိုက်ပြန်သည်။

"သမီးက အမှတ်သုံးကွက်နဲ့အမှတ်လေးကွက်ကြားမှာ အကွာအဝေးနည်းသွားပြီး ဓားကွက်လေးဆယ်နဲ့တစ်ဆယ်ခြောက်ကြား

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ အကွာအဝေးများနေတယ်၊ အဲ့ဒါကိုပြင်ဆင်ပြီး ဆက်ကစားကြည့်ကြ၊ ကဲ... ပြန်စကြ"

ဖုန်းလွှေနှင့်ပင်ကုလန်တို့ ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

"ဟုတ်ကဲ့"

စကားဆုံးသည်နှင့် သူတို့နှစ်ယောက်ပြန်၍မျက်နှာချင်းဆိုင်လိုက်ကြ၏။ ဖုန်းလွှေက စကြာဓားသိုင်းဖြင့် စတင်တိုက်စစ်ဆင်လိုက်သည်။

ပင်ကုလန်က ယပ်တောင်ဓားသိုင်းဖြင့် ပြန်လည်ခုခံ၏။

သူမက ဖခင်ကြီးထောက်ပြသည့်ဟာကွက်ကို သတိထား၍ မြန်မြန်ပြင်ဆင်လိုက်သည်။ ယင်းကြောင့် သူမ၏ဓားကွက်မှာ အလွန်ပိရိသေသပ်သွား၏။

ဖုန်းလွှေ၏ဓားချက်သည် သူမအား ထိုးဖောက်ခြင်းမပြုနိုင်တော့ချေ။ ဖုန်းလွှေက တိုက်စစ်အရှိန်ကိုတိုးမြှင့်လိုက်သည်။

သို့သော် သူ၏တိုက်ကွက်များမှာ အချည်းနှီးသာဖြစ်သွားသည်။ ထိုစဉ် ပင်ကုလန်က မထင်မှတ်ဘဲ တိုက်စစ်ကိုဆင်လိုက်၏။

သူမ၏ဓားရှည်မှာ ဖုန်းလွှေကိုယ်ပေါ်သို့ဝဲကျလာ၏။

ဖုန်းလွှေ ရင်ထိတ်သွားသည်။

သူက လက်ထဲမှဓားရှည်ဖြင့် ကမန်းကတန်း ခုခံလိုက်၏။



ထိုအခါ ဓားရှည်နှစ်လက်မှာ ရင်ဆိုင်ခုတ်ချမိသွားသည်။

"ချွမ်း...."

အသံနှင့်အတူ ဓားတစ်လက်မှာ အဝေးသို့လွင့်ထွက်သွားသည်။ ယင်းအနိုက်....

"ရပ်လိုက်"

နန်းကုန်းထင်၏ဟန့်တားသံ ထွက်ပေါ်လာ၏။

ထိုအခါ ဖုန်းလွှေနှင့်ပင်ကုလန်တို့သည် တိုက်ခိုက်နေရာမှ ချက်ချင်းပင်ရပ်တန့်လိုက်ကြလေတော့သည်။

****

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလွှေနှင့်ပင်ကုလန်တို့က တိုက်ခိုက်မှုကိုရပ်တန့်လိုက်ပြီး နန်းကုန်းထင်အနီးသို့လျှောက်လှမ်းသွားကြ၏။

နန်းကုန်းထင်က သူတို့နှစ်ယောက်အား စိုက်ကြည့်လိုက်သည်။ ထို့နောက် ချောင်းတစ်ချက်ဟန့်ကာ ပြောလိုက်သည်။

“ဖုန်းလွှေက ဉာဏ်ကောင်းတယ်၊ သိုင်းကိုသဘောပေါက်လွယ်တယ်၊ ဒါပေမဲ့ အတွင်းအားလေ့ကျင့်မှုကတော့အချိန်နည်းသေးတာကြောင့် ပင်ကုလန်ကို မမီဘူး၊ အခု ပင်ကုလန်ကဟာကွက်တွေကိုပြုပြင်လိုက်တာနဲ့ ဖုန်းလွှေကိုအနိုင်ယူလိုက်နိုင်တာတွေ့လား၊ ဒါကြောင့် ဓားသိုင်းပညာလေ့ကျင့်မှုမှာ အတွင်းအားဟာ အဓိကပဲလို့ ပြောနေကြတာပေါ့၊ မင်းတို့ရဲ့ဓားသိုင်းလေ့ကျင့်မှုကို ဒီမှာတင်ရပ်ထားပြီး ပတ္တမြားဂူအတွင်းအားလေ့ကျင့်မှုကိုဆက်လုပ်ကြပေတော့”

စကားဆုံးသည်နှင့်နန်းကုန်းထင်သည် ဂူထဲသို့ဝင်သွားလေသည်။ ဖုန်းလွှေနှင့် ပင်ကုလန်တို့က ဓားများကို သိမ်းဆည်းလိုက်ကြသည်။ ပြီးသည့်အခါ မြေပြင်ပေါ်သို့ တင်ပျဉ်ခွေထိုင်ချလိုက်ကြသည်။

ထို့နောက် မျက်လုံးကိုမှိတ်ကာ ပတ္တမြားအတွင်းအား လေ့ကျင့်နည်းအတိုင်း လေ့ကျင့်လိုက်ကြ၏။ ပတ္တမြားဂူပိုင်ရှင် နန်းကုန်းထင်မှာ မြောင်လူမျိုးဖြစ်သည်။



သို့သော် သူ၏ဇနီးဟိုစွေ့မှာ မူဟန်လူမျိုးဖြစ်၏။

နန်းကုန်းထင်မှာ မြောင်လူမျိုးဖြစ်သော်လည်း ဟန်စာပေကိုတတ်မြောက်သည်။ ထို့ပြင်… နေပုံထိုင်ပုံမှာလည်း ဟန်လူမျိုးတို့အတိုင်းပင်နေ၏။

သူ၏ဇနီးဟိုစွေ့မှာလည်း ဟန်လူမျိုးစာတတ်ပေတတ်တစ်ယောက်ဖြစ်သည်။ အမှန်တွင် ပင်ကုလန်မှာ သူတို့၏သမီးအရင်းမဟုတ်ပေ။ သူတို့တွင် သားသမီးများမထွန်းကားခဲ့ပါ။

ယင်းကြောင့် မိဘမဲ့ဖြစ်သောပင်ကုလန်အား မွေးစဉ်ကပင် သမီးအဖြစ်မွေးစားခဲ့ခြင်းဖြစ်သည်။

ပင်ကုလန် အသက်ခုနှစ်နှစ်အရွယ်၌ နန်းကုန်းထင်က သူမအား သိုင်းပညာစတင်သင်ကြားပေးခဲ့သည်။ သူမ သိုင်းပညာသင်ကြား၍ ၅–နှစ်ခန့်အကြာတွင် ဖုန်းလွှေ ပတ္တမြားဂူသို့ရောက်ရှိလာခဲ့သည်။

ပတ္တမြားဂူပိုင်ရှင်နန်းကုန်းထင်ထံတွင် လာရောက်တပည့်ခံခြင်းဖြစ်သည်။ အမှန်တွင် သူတို့၏မျိုးဆက်သည် အပြင်လူကို သိုင်းပညာသင်ကြားပေးခွင့်မပါ။

မိမိတို့၏သားစဉ်မြေးဆက်ကိုသာ သိုင်းပညာအမွေပေးရမည့်ထုံးစံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အလွန်ရင်းနှီးခင်မင်သည့်လူများ၏ သားသမီးများကိုမူ အထူးချွင်းချက်အနေဖြင့်သင်ကြားပေးနိုင်သည်။

ဖုန်းလွေမှာ နန်းကုန်းထင်မိတ်ဆွေ၏သား မဟုတ်ပါ။

သို့သော် သူက ဖုန်းလွေအား သိုင်းပညာသင်ကြားပေးရန် လက်ခံခဲ့သည်။ အကြောင်းကား ဖုန်းလွေမှာ သူ့ကျေးဇူးရှင်၏ သားဖြစ်ခြင်းကြောင့်ဖြစ်သည်။

လွန်ခဲ့သောဆယ်နှစ်ခန့်ကဖြစ်သည်။ နန်းကုန်းထင်သည် ဆေးမြစ်ရှာရန် တောထဲသို့သွားရောက်ခဲ့သည်။

သူသည် သိုင်းသမားတစ်ယောက်မို့ တောမကျွမ်းပါ။

ယင်းကြောင့် အဆိပ်ပင်တောထဲသို့ရောက်သွားခဲ့၏။

ထိုအခါ အဆိပ်ပန်းရနံ့များကိုရှူရှိုက်မိပြီး အဆိပ်သင့်ကာ မူးမေ့လဲကျသွားခဲ့သည်။ သူသည် တောထဲသို့အဖော်မပါတစ်ကိုယ်တည်းဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် သူ့အားပြုစုမည့်သူ ကူညီမည့်သူမရှိပေ။

သူ့အနေဖြင့် အသက်သေရာဖွယ်သာရှိတော့၏။

သို့သော် အမှတ်အထင် လူတစ်ယောက်ကတွေ့ရှိပြီး ကယ်တင်ပေးခဲ့သောကြောင့် သူ့အသက်ချမ်းသာရာရခဲ့၏။

သူသည် မိမိ၏အသက်သခင်ကျေးဇူးရှင်ဖြစ်သည့်ထိုလူကို



ကျေးဇူးတင်မဆုံးနိုင်ခဲ့ပေ။

မိမိတတ်နိုင်သည့် မည်သည့်အရာမျိုးမဆို လာရောက်အကူအညီတောင်းဆိုပါက ကျေးဇူးဆပ်ပါမည်ဟုကတိပေးခဲ့သည်။

ထိုအခါ ထိုလူက မိမိသားအား တပည့်အဖြစ် လက်ခံရန် တောင်းဆိုခဲ့သည်။ သူက သဘောတူခဲ့ပြီး ကလေးအသက်ဆယ့်နှစ်နှစ်အရွယ်သို့ရောက်လျှင် မိမိထံလွှတ်ပေးရန် မှာကြားခဲ့သည်။

မိမိနေထိုင်ရာ ပတ္တမြားဂူသို့လာရောက်ရန် လမ်းခရီးကိုလည်း ညွှန်ပြခဲ့သေး၏။ ထို့နောက် ကျေးဇူးရှင်မိသားစုအားနှုတ်ဆက်ပြီး ပတ္တမြားဂူသို့ပြန်လာခဲ့သည်။

လေးနှစ်ကြာသောအခါ သူ၏ကျေးဇူးရှင်မှာ ကလေးတစ်ယောက်ဆွဲကာ ပတ္တမြားဂူသို့ရောက်လာသည်။

ထိုကလေးမှာ ဖုန်းလွေပင်ဖြစ်သည်။ သူ၏ဖခင်က သားဖြစ်သူ ဆယ့်နှစ်နှစ်ရှိပြီဖြစ်၍ သိုင်းပညာသင်ကြားပါရန်ပန်ကြားခဲ့သည်။

နန်းကုန်းထင်က ကြည်ဖြူစွာပင် လက်ခံခဲ့၏။

သူ၏ဖခင်က သားဖြစ်သူအား နန်းကုန်းထင်ထံအပ်နှံပြီးနောက် မိမိနေထိုင်ရာသို့ပြန်သွားတော့သည်။

ဤသို့ဖြင့် နန်းကုန်းထင်သည် သူ့ကို တပည့်အဖြစ်လက်ခံကာ သိုင်းပညာများကိုသင်ကြားပေးခဲ့သည်။

www.burmeseclassic.com



ဖုန်းလွှနှင့် ပင်ကုလနိမှာ သက်တူရွယ်တူများဖြစ်ကြ၏။

ကုလနိက ပတ္တမြားဂူ၏သိုင်းပညာကိုအရင်သင်ကြားခွင့်ရခဲ့သည့်အတွက် သိုင်းပညာသင်ဘက်အစ်မအဖြစ် သတ်မှတ်ပေးထားခဲ့သည်။ ဖုန်းလွှသည် ထိုဂူ၌ပင်နေထိုင်ကာ သိုင်းပညာကို ကြိုးကြိုးစားစားသင်ယူခဲ့သည်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြီဖြစ်သည်။

ယခုဆိုလျှင် ဖုန်းလွှနှင့်ကုလနိတို့မှာ အသက်ဆယ့်ရှစ်နှစ်အရွယ်သို့ပင်ရောက်ရှိလာကြပေပြီ။

ငယ်စဉ်ကတည်းက သိုင်းပညာအတူတကွသင်ကြားခဲ့ကြသူများဖြစ်၍ သူတို့နှစ်ယောက်မှာ အတူးပင်ရင်းနှီးခင်မင်ခဲ့၏။

ယခုအချိန်တိုင်အောင် သူတို့နှစ်ယောက်သည် သိုင်းပညာအတူတကွလေ့ကျင့်နေကြဆဲဖြစ်သည်။

သူတို့နှစ်ယောက်သည် ညနေစောင်းအချိန်တိုင်အောင်ပင် သိုင်းပညာအတွင်းအားများကိုလေ့ကျင့်နေခဲ့ကြ၏။

နေမဝင်မီတစ်နာရီခန့်အလိုတွင် သူတို့နှစ်ယောက်၏ အတွင်းအားလေ့ကျင့်မှုမှာပြီးဆုံးသွားသည်။

ယင်းကြောင့် ပင်ကုလနိ ထိုင်ရာမှထလိုက်သည်။

သူမက ဖုန်းလွှဘက်သို့လှည့်ကြည့်လိုက်၏။



ထိုအခါ.... ဖုန်းလွှသည် မျက်စိပွင့်လာသည်ကိုတွေ့လိုက်ရ၏။ သူ၏အတွင်းအားလေ့ကျင့်မှုမှာ ပြီးဆုံးသွားပြီဖြစ်သည်။

သူက ပင်ကုလနိကိုပြုံးပြကာထိုင်ရာမှထလိုက်သည်။

ပင်ကုလနိက သူ့အားလှမ်းပြောလိုက်သည်။

"ကျွန်မတို့ တောင်ခြေကိုဆင်းကြရအောင်လား"

ပင်ကုလနိက တောင်ခြေကိုသွားရန် အဖော်စပ်လိုက်ခြင်းဖြစ်သည်။ ဖုန်းလွှက ခေါင်းခါယမ်းလိုက်၏။

"ဟာ မမကလဲမိုးပဲချုပ်တော့မယ်၊ အချိန်ဘယ်မှာရှိတော့လို့လဲ"

ပင်ကုလနိ နှုတ်ခမ်းစူလိုက်သည်။ သူမက အလိုမကျသောလေသံဖြင့်ပြောလိုက်သည်။

"ဒီနေ့ဟာ လပြည့်ညလေ၊ လရောင်ကောင်းကောင်းရှိတာပဲ၊ ဘယ်အချိန်ဖြစ်ဖြစ် ပြန်လို့ရပါတယ်ကွယ်"

ဖုန်းလွှမှာ တောင်ပေါ်မှမဆင်းလိုချေ။

ထို့ကြောင့် သူက ဆင်ခြေပေးလိုက်၏။

"ကျွန်တော် ရေခပ်ထည့်ပေးစရာရှိသေးတယ်၊ ပြီးတော့ ထင်းလဲခုတ်ရဦးမယ်"

ပင်ကုလနိစိတ်တိုသွားသည်။

www.burmeseclassic.com



သူမက ခြေဆောင့်ကာပြောလိုက်သည်။

"ရှင်ဟာလေ ဘယ်တော့မှအဖော်စပ်လို့ကိုမရဘူး။ ကဲ ရှင်မလိုက်ချင်ရင်လဲနေ… ကျွန်မတစ်ယောက်တည်းသွားမယ်"

ပြောပြောဆိုဆိုပင် ပင်ကုလန်မှာ ဖုန်းလွေအနီးမှထွက်ခွာသွားလေသည်။ ဖုန်းလွေက ဒေါသတကြီးနှင့်ထွက်ခွာသွားသည့် ပင်ကုလန်ကိုကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

အမှန်တော့ သူမကိုလည်းအပြစ်မဆိုသာချေ။

သူမသည် သူ့အား တောင်ခြေရွာကလေးသို့သွားရန်အဖော်စပ်နေခဲ့သည်မှာ အတော်ကြာပြီဖြစ်သည်။

သို့သော်… တောင်တက်တောင်ဆင်း တောလမ်းကိုအချိန်မတော်မသွားလိုသောကြောင့် သူက အကြောင်းအမျိုးမျိုးပြကာငြင်းဆန်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ငြင်းဆန်သည့်အခါတိုင်းပင် ပင်ကုလန်သည် စိတ်ဆိုးတတ်၏။ ဘယ်သူလိုက်လိုက် မလိုက်လိုက် တောင်ခြေရွာသို့ တစ်ယောက်တည်းသွားမည်ဟုပြောတတ်သည်။

သို့သော် တကယ်တမ်းတွင်ကား ပါးစပ်အပြောသာရှိသည်။

မသွားဖြစ်ခဲ့ချေ။ မည်သည့်အခါကမျှ… သူမတစ်ယောက်တည်း တောင်ခြေသို့ဆင်းသွားခြင်းမရှိပါ။



ထို့ကြောင့်… ယခုတစ်ကြိမ်လည်း ပင်ကုလန်သည် ခါတိုင်းလိုပင် စိတ်ကောက်၍ပြောသွားခြင်းဖြစ်မည်ဟုတွေးကာ ဖုန်းလွေသည် ခပ်ပေါ့ပေါ့ပင်နေလိုက်မိလေသည်။

သို့သော်… ဤတစ်ကြိမ်တွင်မူ ပင်ကုလန်က ပါးစပ်ပြောပြောခြင်းသာမဟုတ်ပါ။ လက်တွေ့အားဖြင့်လည်း တောင်ခြေရွာလေးသို့ သူမတစ်ဦးတည်း ဆင်းသွားခဲ့လေသည်။

အကယ်၍ တောင်ခြေရွာလေးသို့ သူမတစ်ဦးတည်းဆင်းသွားခြင်းသည် သူမ၏ဘဝတစ်ခုလုံးအား ကြီးမားစွာပြောင်းလဲသွားစေနိုင်ကြောင်းသာ ပင်ကုလန်သိရှိခဲ့မည်ဆိုလျှင်…

အလားတူပင် ဖုန်းလွေကလည်း သူမတစ်ယောက်တည်း တောင်ခြေသို့ အမှန်တကယ်ဆင်းသွားမည်ဟုသိခဲ့လျှင် သူ ဥပေက္ခာပြုထားမိလိမ့်မည်မဟုတ်ချေ။

အဖော်အဖြစ် မုချလိုက်ပါသွားမည်သာဖြစ်သည်။

ယခုမူကား …

****

www.burmeseclassic.com

www.burmeseclassic.com



ပင်ကုလန်သည် ဖုန်းလွေအနီးမှလှည့်ထွက်ခဲ့သည်။

သူမ အတော်စိတ်ဆိုးသွားပြီဖြစ်သည်။ ထို့ပြင်… ရင်ထဲ၌လည်း ခံပြင်းစိတ်များပြင်းပြင်းထန်ထန်ဖြစ်ပေါ်လာသည်။

အကြောင်းကား ဖုန်းလွေသည် သူမ၏ဆန္ဒအား မည်သည့်အခါကမျှ လိုက်လျောခြင်းမရှိသောကြောင့်ဖြစ်သည်။

အမှန်တွင်… ပင်ကုလန်သည် ဖုန်းလွေအပေါ်တွင် မေတ္တာစိတ်များ ငြိတွယ်ခိုဝင်နေမိပြီဖြစ်သည်။

အရွယ်ရောက်စမိန်းကလေးနှင့် ယောက်ျားလေးတို့တွင် မေတ္တာစိတ်ဝင်လာမှု၌ မိန်းကလေးက ယောက်ျားလေးများထက်ပို၍ မြန်လေ့ရှိသည်မဟုတ်ပါလား။

ယခုလည်း ပင်ကုလန်က သူ့အပေါ်တွင် မေတ္တာစိတ်ဝင်နေပြီဖြစ်သည်။ သို့သော် ဖုန်းလွေမှာ သိုင်းပညာလေ့ကျင့်မှုမှလွဲ၍ အခြားမည်သည့်အရာကိုမျှစိတ်ဝင်စားမှုမရှိသဖြင့် ပင်ကုလန်၏ခံစားမှုကိုသတိမပြုမိခဲ့ချေ။

မေတ္တာစိတ်ဆိုသည်ကိုလည်း မသိနားမလည်ပါ။

ပင်ကုလန်ကသာ သူ့ကို တိတ်တခိုးချစ်ကြိုက်နေခြင်း ဖြစ်သည်။ ဖုန်းလွေမရိပ်မိသဖြင့် ပင်ကုလန်ကအမျိုးမျိုးအရိပ်အယောင်ပြသည်။



သို့တိုင်အောင် ဖုန်းလွေသည် နားလည်ရိပ်စားမိခြင်း မရှိခဲ့ပေ။ ထို့ကြောင့် ပင်ကုလန်က အမျိုးမျိုးရေလာမြောင်းပေးလုပ်ကာ ဖုန်းလွေရိပ်စားမိအောင်လုပ်သည်။

ပင်ကုလန်အနေဖြင့် မည်သို့ပင် ကြိုးစားစေကာမူ ဖုန်းလွေကား သစ်ငုတ်တိုသာတည်း။

ဘာမျှနားမလည်။

စိတ်ဝင်စားရကောင်းမှန်းလည်းမသိ။

ပင်ကုလန်ကလမ်းခင်းပေးသည့်တိုင် သူကလိုက်နင်းရမှန်း မသိခဲ့။ မိမိကန္တဲ့ယိမ်းပါလျက် သူက မရှုးဆွတ်တဲ့နေသည့်အတွက် ပင်ကုလန်မှာ မခံချင်စိတ်များပေါ်ပေါက်လာရတော့သည်။

သူမ၏မိန်းကလေးမာနက ခေါင်းပြူထွက်လာသည်။

ထို့ကြောင့် ဖုန်းလွေအား အစွဲ့တိုက်ချင်စိတ်များ ဖြစ်ပေါ်လာလေတော့၏။ ခါတိုင်းနေ့များတွင် သူကတောင်ခြေသို့မလိုက်ဟုငြင်းလျှင် ပင်ကုလန်ကသူမ၏အခန်းထဲသို့ဝင်၍စိတ်ကောက်နေလေ့ရှိသည်။ ပင်ကူများဂူမှာကြီးမားကျယ်ဝန်းသော ဂူတစ်ခုဖြစ်သည်။

ယင်းကြောင့် နန်းကုန်းထင်က ဂူထဲတွင် အခန်းများဖွဲ့ထားသည်။ ပင်ကုလန်မှာ သူ့အားစိတ်ကောက်လျှင် သူမ၏အခန်းထဲမှ တော်တော်နှင့်မထွက်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယနေ့တွင်မူ ပင်ကုလနိက စိတ်မကောက်တော့ပေ။ ဖုန်းလွှေအား အစွဲ့တိုက်ရန်ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ပင်ကုလနိသည် သူမ၏အခန်းသို့ပြန်မသွားတော့ချေ။ တောင်ခြေ ရှိရွာကလေးသို့ တစ်ယောက်တည်း ဆင်းခဲ့လေတော့၏။

****

တာစန်းတောင်ခြေရွာကလေး....

ရွာဟုဆိုသော်လည်း အိမ်ခြေမများလှချေ။ အိမ်ခြေငါးဆယ်ခန့်သာရှိသည်။ ထို့ပြင် ရွာထဲတွင် အိမ်ကြီးအိမ်ကောင်းတစ်ခုမျှ မရှိချေ။ အားလုံးသောအိမ်များမှာ ဝါးအိမ်၊ တဲအိမ်များသာဖြစ်သည်။

ထိုရွာကလေးမှာ လွန်စွာခေါင်လွန်းသောအရပ်တွင်တည်ရှိသောကြောင့် နာမည်ပင် မရှိချေ။

ယင်းကြောင့်... တာစန်းတောင်ခြေရွာကလေးဟုသာခေါ်ဝေါ်ကြ၏။ ရွာထိပ်တွင်စားသောက်ဆိုင်တစ်ဆိုင်ရှိသည်။

စားသောက်ဆိုင်ဟုခေါ်သော်လည်း သပ်ရပ်ခန့်ညားခြင်းမရှိပါ။ ဆိုင်ဟုဆိုနိုင်ရုံမျှသာရှိပေသည်။ မြို့ကြီးများမှ လမ်းဘေးဈေးဆိုင်သာသာခန့်သာရှိသည်။



သို့သော် စားသောက်ဆိုင်မှာမူ အတော်ပင်ကျယ်ဝန်း၏။

ရွာကလေးနည်းတူ ယင်းစားသောက်ဆိုင်မှာလည်း နာမည်မရှိချေ။ ဆိုင်ရှင်အဘိုးအို၏အမည်မှာ ဘဘကျန်းဖြစ်သည်။

ထို့ကြောင့်.... အဆိုပါစားသောက်ဆိုင်အား ဘဘကျန်းစားသောက်ဆိုင်ဟု လွယ်လွယ်ပင်ခေါ်ဝေါ်ကြလေသည်။

ထိုစားသောက်ဆိုင်တွင် ကောင်းမွန်သောစားသောက်ဖွယ်ရာများ မရရှိနိုင်ပါ။ ဆန်ကြမ်းနှင့်ချက်ထားသောထမင်း၊ အပေါစားအရက်၊ ကြက်သား၊ ဆိတ်သား၊ သမင်သား၊ မြွေသားကဲ့သို့သော တောကောင် ဟင်းလျာများသာရရှိနိုင်ပေသည်။

သို့သော် ရွာသားမုဆိုးများနှင့်ထင်းခုတ်သမားများက အဖိုးတန်အမဲကောင်၊ (သို့) ရှားပါးဆေးမြစ်များရရှိပြီး မြို့သို့သွားရောင်းပြီး ပြန်လာသောအခါများတွင်ကား ဘဘကျန်းစားသောက်ဆိုင်တွင် ဟင်းလျာကောင်းများ ပေါများစွာတွေ့ရတတ်သည်။

ဆိုင်ရှင်အဘိုးအိုကျန်း ရောင်းခြင်းမဟုတ်ပါချေ။

မြို့သို့ပစ္စည်းတက်ရောင်းပြီး ငွေရွှင်လာသူများကဝယ်ခြမ်းလာကာ ရွာသားများစု၍ပျော်ပွဲစားကြခြင်းဖြစ်သည်။ ယနေ့ညတွင် ဘဘကျန်းစားသောက်ဆိုင်၌ အထူးပင်စည်ကားနေပေသည်။

အကြောင်းကား....

www.burmeseclassic.com

www.burmeseclassic.com



ရွာမှဆိုးများ အဖိုးတန်သစ်နက်နှစ်ကောင်ရရှိခဲ့သလို သစ်ခုတ်သမားများကလည်းအဖိုးတန်သစ်မွှေးများရကာ မြို့တက်ရောင်းချပြီး ရွာသို့ပြန်ရောက်လာကြသောကြောင့်ဖြစ်၏။

ထို့ပြင် ယနေ့ညသည် လပြည့်ညလည်းဖြစ်သည်။

လရောင်က ထိန်ထိန်သာနေ၏။

စားပွဲသောက်ပွဲများမှာ လရောင်ကြောင့် ပို၍မြိုင်ဆိုင်နေလေတော့သည်။

****



ည....

ကောင်းကင်ပေါ်တွင် လမင်းကြီးက ပြည့်ဝစွာသာနေလေသည်။ လမင်းကြီးမှာ ဝိုင်းစက်လှပနေသည်။

လပြည့်ညဖြစ်၏။

လရောင်က တာစန်းတောင်တစ်ဝိုက်သို့ ဖြာကျနေသည်။

တာစန်းတောင်မှာ တိတ်ဆိတ်ငြိမ်သက်နေ၏။

အလားတူပင်.... တာစန်းတောင်ခြေရွာကလေးမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ သို့သော်... တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်နေခြင်းမျိုးတော့မဟုတ်ချေ။

ရွာ၏တစ်နေရာတွင် လူများစည်ကားလျက်ရှိ၏။

ထိုနေရာကား အခြားမဟုတ်ချေ။

ရွာထိပ်ရှိ ဘဘကျန်းစားသောက်ဆိုင်ပင်ဖြစ်သည်။

ဘဘကျန်းစားသောက်ဆိုင်တွင်း၌ ပန်းကန်ခွက်ယောက်သံ၊ စကားပြောသံ၊ ရယ်မောသံများဖြင့် ဆူညံလျက်ရှိနေပေသည်။

ကြည့်လေရာရာတိုင်း၌ အရက်အိုးများကိုတွေ့ရမည်ဖြစ်သည်။ အရက်ဝိုင်းများမှာလည်း စားသောက်ဆိုင်တစ်ခုလုံးပြည့်ကျပ်လျက်ရှိနေ၏။

ဝက်အူချောင်း၊ ဝက်ပေါင်ခြောက်ကြော်၊ အမဲသားကြော်၊

www.burmeseclassic.com

www.burmeseclassic.com



အသားကင်အမျိုးမျိုး စသည့်ဟင်းလျာအဖုံဖုံတို့ဖြင့် စုံလင်လှပေ၏။

ရွာသားများမှာ စားလိုက်ကြ သောက်လိုက်ကြနှင့် ပျော်ရွှင်နေကြကုန်၏။

ထို့ပြင် သီချင်းဆိုသူဆို ကသူကဖြင့်စီစီညံနေသည်။

စားသောက်ဆိုင်တွင်းရှိ အားလုံးသောလူများမှာ အထူးပင်ပျော်ရွှင်မြူးထူးလျက်ရှိနေကြတော့၏။

သို့သော် ရွာသားများအားကြည့်ကာ စိတ်ပျက်နေသူတစ်ဦးသည် ဘဘကျွန်းစားသောက်ဆိုင်ထဲတွင်ရှိနေပေသည်။ ထိုလူမှာ အဖြူရောင်ပိုးသားဝတ်စုံကို သေသပ်ကျနစွာဝတ်ဆင်ထားသည်။

ခေါင်းမှဆံပင်ကိုလည်း အဖြူရောင်ပိုးကြိုးဖြင့် သေသပ်စွာစည်းနှောင်ထားသည်။

ထိုလူ၏ဝတ်စားဆင်ယင်ပုံမှာ တာစန်းတောင်ခြေရွာသားများနှင့်လုံးဝမတူချေ။

အလွန်အချိုးအစားကျပြီး ကြည့်ကောင်းလှသည်။

ယင်းကြောင့် မြို့ကြီးသားတစ်ယောက်ဖြစ်ကြောင်းယုံမှားဖွယ်မရှိပေ။ ထို့ပြင် သူ၏ရုပ်ရည်မှာလည်း အထူးပင်ချောမော၍ သန့်ပြန့်ခန့်ညားလှသည်။ ထိုလူကား.... တာစန်းတောင်ခြေရွာ၏ ဧည့်သည်တစ်ဦးဖြစ်သည်။



သူသည် မြို့တက်၍ ပစ္စည်းရောင်းချသည့်ရွာသားများနှင့် လိုက်ပါလာသူဖြစ်သည်။ သူ၏အမည်မှာ ချောင်စန်းဖြစ်သည်။

သူသည် ထင်းချုန်းဂိုဏ်းသားဖြစ်သည်။

သို့သော် ယခုလက်ရှိတွင်မူ ထင်းချုန်းဂိုဏ်းသားမဟုတ်တော့ချေ။ အကျင့်မကောင်းသောကြောင့် ဂိုဏ်းမှထုတ်ပယ်အပြစ်ပေးခြင်း ခံထားရသူဖြစ်သည်။

သူသည် အကျင့်မကောင်းသော်လည်း ရုပ်ရည်ချောမောပြီး အပြောအဆိုညက်ညောသူဖြစ်သည်။

စကားအရာတွင်လည်း ကြမ်းပိုးကိုလိပ်ဖြစ်အောင်၊ ဝါးလုံးကိုဝါးခြမ်းဖြစ်အောင်ပြောတတ်သူဖြစ်၏။

ထို့ပြင် မာယာပရိယာယ်လည်းအလွန်များလှ၏။

သို့ဖြစ်ရာ သူ့အားရုတ်တရက်ကြည့်မည်ဆိုလျှင် ကောက်ကျစ်ယုတ်မာသူတစ်ယောက်ဟု မည်သူကမျှထင်ကြမည်မဟုတ်ပေ။ လူချောလူခန့် သိုင်းသမားကောင်းတစ်ယောက်ဟုပင် ထင်မှတ်ကြမည်သာဖြစ်သည်။

သို့သော် ....

သူ့အကြောင်းကိုကောင်းကောင်းသိသွားပါက အဝေးမှပင်ရှောင်ရှားသွားကြမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထင်းချန်းဂိုဏ်း၏အရေးယူအပြစ်ပေးခြင်းခံရပြီး နောက် အသာငြိမ်နေခဲ့၏။ သူ့ကိုယ်သူ နောင်တရ၍ မဟုတ်ချေ။

အကြောင်းကား မိမိသာ မဆင်မခြင်ထပ်မံ၍မကောင်းမှု ပြုခဲ့လျှင် ထင်းချန်းဂိုဏ်းမှလက်ပိုက်ကြည့်နေမည်မဟုတ်ဘဲ ပြင်း ပြင်းထန်ထန်အရေးယူအပြစ်ပေးမည်ကို ကြောက်သောကြောင့် ဖြစ်ပေသည်။

သို့ဖြင့်... သူသည် စိတ်ပျက်စွာဖြင့် ခြေဦးတည့်ရာလျှောက် သွားနေခဲ့၏။ ထိုအချိန်တွင် မြို့တက်ပြီးပစ္စည်းလာရောင်းကြသော တာစန်းတောင်ခြေရွာသားများနှင့်ဆုံခဲ့သည်။

ရွာသားများနှင့်စကားပြောဆိုမိကြရင်း တာစန်းတောင်ခြေ ရွာလေးသည် လူသူကင်းဝေးသောအရပ်တွင်တည်ရှိကြောင်း သိရှိခဲ့ရ သည်။

ထိုအခါ သူ၏ခေါင်းထဲသို့ အကြံတစ်ခုဝင်ရောက်လာသည်။

ယင်းအကြံမှာ လူသူကင်းဝေးသောထိုရွာကလေးတွင် မိမိစိတ်ထင်တိုင်း ရမ်းကားနိုင်မည်ဟူသောအကြံဖြစ်သည်။

ထို့ကြောင့် သူသည် ရွာသားများအပြန်တွင် လိုက်ပါလာခဲ့ ခြင်းဖြစ်သည်။ သို့သော် တာစန်းတောင်ခြေရွာသို့ရောက်သောအခါ တွင်မူ သူအတော်ပင်စိတ်ပျက်သွားလေသည်။



အကြောင်းမှာ ထိုရွာငယ်လေးတွင် သူလိုလူတစ်ယောက် မျက်စိကျစရာဆို၍ ဘာမျှမရှိသောကြောင့်ပင်ဖြစ်သည်။

ရွာကလေးမှာ အလွန်ခေါင်လွန်းလှသည်။ ထို့ကြောင့် စား သောက်စရာပင် ကောင်းကောင်းမွန်မွန်မရှိပေ။

ထို့ပြင်... ရွာသူများမှာလည်း ချောမောလှပသူဟူ၍ တစ်ဦး တစ်ယောက်မျှ မရှိချေ။

၎င်းတို့ဝတ်ဆင်ထားသည့်အဝတ်အစားများမှာ စုတ်ချာပြီး ညစ်ပတ်ပေရေနေသည်။ ရုပ်ရည်မှာလည်း ချောမောလှပရန်မဆို ထားနှင့် ကြည့်ပျော်ရှုပျော်ရှိသူပင် တစ်ဦးမျှမရှိချေ။

ချောင်စန်းမှာ အလွန်ပင်စိတ်ပျက်သွားမိတော့သည်။

အထင်တကြီးလိုက်လာခဲ့သည်မှာ မှားလေပြီဟု နောင်တ ရမိသည်။ သူသည် ချက်ချင်းပင် ဤရွာမှထွက်သွားချင်စိတ်ပေါ်လာ မိသည်။ မကောင်းတတ်လွန်း၍သာ အောင့်အည်းသည်းခံနေရခြင်း ဖြစ်လေသည်။

နောက်တစ်နေ့နံနက်တွင်တော့... မဖြစ်မနေထွက်ခွာသွား တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

သို့သော် တကယ်တမ်းတွင် ချောင်စန်းသည် သူ့ဆုံးဖြတ် ချက်အတိုင်း ရွာမှထွက်မသွားဖြစ်ခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထွက်မသွားဖြစ်သည့်အပြင် တာစန်းတောင်ခြေရွာလေး၌ ရက်ပေါင်းများစွာကြာအောင်ပင် နေထိုင်ဖြစ်ခဲ့လေတော့သည်။

အကြောင်းကား သူ့အဖို့ မျက်စိကျမက်မောစရာတစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ရသောကြောင့်ဖြစ်ပေသတည်း။

****

တောင်ခြေလမ်းကလေး....

လရောင်မှာ တောင်ခြေလမ်းကလေးပေါ်သို့ဖြာကျနေလေသည်။ ယင်းကြောင့် ထိုလမ်းကလေးမှာ ကွေ့ကွေ့ကောက်ကောက် တည်ရှိနေသည်ကိုတွေ့မြင်နိုင်သည်။

သားရဲတိရစ္ဆာန်များ ပေါများသောကြောင့် ယင်းတောင်ခြေလမ်းလေးပေါ်မှ ညအခါတွင် မည်သူမျှဖြတ်သန်းသွားလာခြင်း မပြုကြချေ။

သို့သော်... ယခုမူ လူတစ်ယောက်မှာ တောလမ်းကလေးအတိုင်း အေးဆေးစွာလျှောက်လှမ်းလာနေသည်ကို တွေ့ရမည်ဖြစ်၏။ လရောင်မှာ ကြည်ကြည်လင်လင်ထွန်းလင်းတောက်ပနေလေသည်။

ယနေ့သည် လပြည့်ညပင် မဟုတ်ပါလား။



လရောင်ကြောင့် လျှောက်လှမ်းလာသောလူကို သဲကွဲစွာမြင်နိုင်သည်။ ထိုလူသည် အနီရောင်ဝတ်စုံကိုဝတ်ဆင်ထား၏။

သူ၏ခန္ဓာကိုယ်မှ အမို့အမောက်အချိုင့်အဝှမ်းတို့မှာ အနီရောင်ဝတ်စုံအောက်မှ ရုန်းကြွလှုပ်ရှားနေ၏။

ယင်းကြောင့်..., ထိုလူမှာ ယောကျ်ားတစ်ယောက်မဟုတ်ကြောင်းသိသာနိုင်ပေသည်။

တိတိကျကျဆိုရပါမူ ရုပ်ရည်ချောမော၍ ခန္ဓာအချိုးအဆစ်ကျနလှပပြေပြစ်သောမိန်းကလေးတစ်ယောက်သာဖြစ်ပေသည်။

ယင်းမိန်းကလေးမှာ အခြားသူမဟုတ်ပါ။

ပတ္တမြားဂူမှ ပင်ကုလန်ပင်ဖြစ်ပေတော့၏။

သူမသည် ဖုန်းလွေကိုအစွဲတိုက်လိုဇောဖြင့် တစ်ယောက်တည်းထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

သူမမှာ လမ်းလျှောက်နေရင်းမှ ဖုန်းလွေအား မကျေနပ်သည့်စိတ်များ ပိုမိုပြင်းထန်လာသည်။

သူမသည် ကွေ့ကောက်သောလမ်းလေးအတိုင်းလျှောက်လှမ်းလာခဲ့ရာ မကြာမီ တောင်ခြေရွာလေးသို့ရောက်ရှိလာခဲ့၏။

ရွာကလေးတစ်ခုလုံး တိတ်ဆိတ်ငြိမ်နေ၏။

သို့သော် ....

www.burmeseclassic.com

www.burmeseclassic.com



ရွာထိပ်ရှိ ဘဘကျန်းဆိုင်တွင်မူ လူသံမျိုးစုံကိုကြားနေရလေသည်။

သူမ သဘောကျစွာပြုံးလိုက်၏။

စိတ်ထဲတွင်လည်း ပျော်ရွှင်သွားသည်။

အကြောင်းကား .... ဘဘကျန်းစားသောက်ဆိုင်တွင် စားသောက်ပွဲကျင်းပနေကြောင်းသိရှိလိုက်ခြင်းကြောင့်ဖြစ်၏။

ပင်ကုလန်သည် အသက်ဆယ့်ရှစ်နှစ်ခန့်သာရှိသေးသော မိန်းမပျိုတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် သူမသည် အရာရာကိုသိမြင်လိုစိတ်ရှိနေ၏။ စပ်စပ်စုစုနှင့်ရူးစမ်းချင်၏။

သူမသည် ဘဘကျန်းစားသောက်ဆိုင်တွင် ကျင်းပသောစားသောက်ပွဲများအကြောင်းကို ကြားဖူးနားဝရှိခဲ့သည်။ လွန်စွာပျော်စရာကောင်းသည်ဟုသိရ၏။

ထို့ကြောင့် သူမသည် စားသောက်ပွဲ၌ ပါဝင်ဆင်နွှဲလိုစိတ်ဖြစ်ပေါ်လာခဲ့၏။

သို့သော် သူမအဖို့ ထိုပွဲများကိုကြားဖူးရုံသာကြားခဲ့၏။

ပါဝင်နွှဲဖို့နေနေသာသာ တွေ့ခွင့်မြင်ခွင့်ပင် မကြုံခဲ့ရပါ။

အကြောင်းကား ထိုစားသောက်ပွဲမျိုးသည် တစ်ကြိမ်တစ်ခါဖြစ်ရန် အလွန်ပင်ခက်ခဲခြင်းကြောင့်ဖြစ်သည်။



ယခုမူ သူမ တောင်ခြေရွာကလေးသို့ရောက်ရှိလာချိန်တွင် စားသောက်ပွဲကျင်းပနေသည်နှင့် တိုက်ဆိုင်နေချေပြီ။

ယင်းကြောင့် သူမ ကံကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။

ထို့ပြင် ယနေ့ညမှာလည်း လပြည့်ညဖြစ်နေသည်။

လရောင်မှာ လင်းထိန်နေသည်။

လရောင်ကြောင့် မြင်ကွင်းများကိုရှင်းရှင်းလင်းလင်း မြင်နိုင်မည်ဖြစ်သည်။

ပင်ကုလန်သည် မိမိ မြင်လိုတွေ့လိုသော ကြုံတောင့်ကြုံခဲစားသောက်ပွဲကို အားရအောင်ကြည့်သွားမည်ဟုဆုံးဖြတ်လိုက်သည်။ သို့ဖြင့် သူမသည် ဘဘကျန်း စားသောက်ဆိုင်ဘက်သို့ ထွက်လာခဲ့လေတော့၏။

တာစန်းတောင်အနီးတစ်ဝိုက်တွင် သူမအတွက် ဘာကိုမျှကြောက်စရာမလိုပေ။

အကြောင်းကား... ဤရွာမှလူများသည် ပတ္တမြားဂူမှလူများကို အန္တရာယ်မပြုဝံ့ကြခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့် သူမသည် ဘဘကျန်းစားသောက်ဆိုင်ရှိရာသို့ ရဲဝံ့စွာပင်လျှောက်လှမ်းလာခဲ့လေသည်။

မကြာမီ ပင်ကုလန် ရွာထိပ်သို့ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဘာကျုန်းစားသောက်ဆိုင်မှ ဆူညံစွာအော်ဟစ်ကခုန်နေသံများကို အဝေးမှပင်ကြားနေရသည်။

ပင်ကုလန် ပြုံးလိုက်၏။ ထို့နောက်.... ခြေလှမ်းသွက်သွက် လှမ်းကာလျှောက်သွားလေတော့သည်။

ဘာဘာကျုန်းစားသောက်ဆိုင်ရှေ့သို့အရောက်တွင် သူမသည် ခြေလှမ်းကိုတုံ့ခနဲရပ်လိုက်မိ၏။

အကြောင်းကား စားသောက်ဆိုင်ထဲမှလူတစ်ယောက်က သူမအား စူးစူးစိုက်စိုက်ကြည့်နေခြင်းကြောင့်ဖြစ်သည်။

သူမကလည်း ထိုလူကိုပြန်စိုက်ကြည့်လိုက်၏။ ထိုလူမှာ တောင်ခြေရွာသားမဟုတ်ကြောင်း ပင်ကုလန်ချက်ချင်းပင် ရိပ်မိလိုက်သည်။ ထိုလူစိမ်း၏မျက်လုံးများက သူမထံမှရွေ့လျားသွားခြင်း မရှိချေ။ စူးစူးရဲရဲကြည့်လျက်ရှိ၏။

ထို့အတူပင် ပင်ကုလန်ကလည်း သူ့ကို ပြန်လည်၍စူးစိုက်ကြည့်သည်။ ဤသည်မှာလည်း မဆန်းပေ။

သူတို့နှစ်ယောက်၏အသွင်အပြင်က အခြားသူများနှင့်မတူ တစ်မူကွဲပြားခြားနားနေသည်မဟုတ်ပါလား။

တာစန်းတောင်ခြေမှရွာသားများမှာ အသားအရေမွဲခြောက်ခြောက် အဝတ်အစားညစ်ထပ်ထပ်နှင့်လူများသာဖြစ်၏။



ရွာသားများ၏အလယ်တွင် အဖြူရောင်ပိုးသားဝတ်စုံကို ကျကျနနဝတ်ဆင်ကာ ခေါင်းမှဆံပင်များကိုငွေရောင်ပိုးကြိုးဖြင့် သေသပ်စွာစည်းနှောင်ထားသောလူစိမ်း၏အသွင်က အထူးထင်ရှားပေါ်လွင်နေပေသည်။

အလားတူပင် မှုစ်စို့ပေါက်ကြီးလို တောင့်တင်းဖွံ့ဖြိုးသည့် ခန္ဓာကိုယ်ပေါ်တွင် ချပ်ချပ်ရပ်ရပ်ရှိသော အနီရောင်သိုင်းဝတ်စုံကို ဝတ်ဆင်ထားသောမိန်းမချောလေးပင်ကုလန်၏အလှမှာလည်း ဤ ပတ်ဝန်းကျင်တွင် ပေါ်လွင်တောက်ပနေသည်မဟုတ်ပါလား။

ထို့ကြောင့်ပင် အများနှင့်မတူ တစ်မူထူးခြားနေကြသော သူတို့နှစ်ဦးသည် တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားသွားကြသည်မှာ ထူးဆန်းသည်ဟုမဆိုသာချေ။

သို့သော် စိတ်ဝင်စားပုံချင်းမှာမူ မတူညီကြချေ။

ပင်ကုလန်က ဤမျှခေါင်လွန်းသောရွာကလေးသို့ မရောက်စဖူး အရောက်ထူးလာသည့်ဧည့်သည်ကို မည်သူမည်ဝါများဖြစ်မည်နည်းဟုစူးစမ်းလိုသည့်စိတ်ဖြင့် စိတ်ဝင်စားမိခြင်းဖြစ်၏။

လူစိမ်းကမူ ပင်ကုလန်၏လှပသောရုပ်ရည်၊ တောင့်တင်းသောကိုယ်ခန္ဓာအဆက်အပေါက်တို့ကို စိတ်ဝင်စားခြင်းဖြစ်သည်။

ထိုလူစိမ်းမှာ ထင်းချွန်းဂိုဏ်းမှထုတ်ပယ်ထားခြင်းခံရသော

www.burmeseclassic.com

www.burmeseclassic.com



ချောင်စန်းပင်ဖြစ်၏။ ချောင်စန်းမှာ မိန်းမမူတွင် ကျားတစ်ကောင်ဖြစ်သည်။ ယခုလည်း သူသည် ပင်ကုလန်အားတွေ့သည်နှင့် အငမ်းမရဖြစ်သွား၏။ ကျားဘုရင်နှင့်သားသမင်တို့ ဆုံမိကြပြီဖြစ်သည်။

****

ပင်ကုလန်ကိုမြင်လိုက်သည်နှင့် ရွာသူကြီးမှာ ပျာပျာသလဲဖြစ်သွား၏။ သူကြီးက ပျူပျူငှာငှာဖိတ်ခေါ်လိုက်သည်။

"ဟင်... သခင်မလေးပါလား၊ ကြွပါ... ကြွပါ"

ဤရွာသူရွာသားများက ပင်ကုလန်အား သခင်မလေးဟုခေါ်လေ့ရှိကြသည်။ သူတို့သည် နန်းကုန်းထင်တို့ ဇနီးမောင်နှံအားသခင်ကြီးနှင့်သခင်မကြီးဟုခေါ်ဝေါ်ကြသည်မဟုတ်ပါလား။

ဖုန်းလှေ့ကိုလည်း သခင်လေးဟုခေါ်ဝေါ်ကြပေသည်။

တောင်ခြေရွာကလေးရှိ အားလုံးသောရွာသူရွာသားတို့သည် ပတ္တမြားဂူမိသားစုအား လေးစားရှိသေကြ၏။

သူကြီးမင်းကိုယ်တိုင်က ပင်ကုလန်အား တလေးတစားဆက်ဆံသည့်အခါ ကျန်လူများလည်း အလိုအလျောက်ပင် တလေးတစားဆက်ဆံကြရတော့သည်။

သူကြီးက ပင်ကုလန်အားကြည့်ကာမေးမြန်းလိုက်သည်။



"သခင်မလေး တစ်ယောက်တည်းပါလား... ကိစ္စရှိလို့လား"

ပင်ကုလန်က ပြုံးကာပြောလိုက်သည်။

"ကျွန်မ အပျင်းပြေလမ်းလျှောက်ရင်း တောင်အောက်ကိုဆင်းလာတာပါ၊ ဒါနဲ့ သူကြီးမင်းတို့က ဒီနေ့ တယ်ဟုတ်နေပါလား"

သူကြီးကရယ်မောလိုက်၏။

"မြို့တက်သွားကြတဲ့လူတွေ ဒီနေ့ပြန်ရောက်ကြတယ်လေ၊ ဒါကြောင့် စားသောက်ပွဲကျင်းပနေတာပါ"

ထို့နောက်.... သူကြီးသည် ပင်ကုလန်နှင့် ချောင်စန်းအားမိတ်ဆက်ပေးလိုက်လေသည်။

"သခင်မလေးနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါ မြို့ကအလည်လိုက်လာတဲ့ ထင်းချုန်းဂိုဏ်းသိုင်းသမားလူစွမ်းကောင်းလေးချောင်စန်းပါ"

တစ်ဆက်တည်းမှာပင် ....

"ဒါကတော့ တာစန်းတောင်ပေါ်က ပတ္တမြားဂူပိုင်ရှင် နန်းကုန်းထင်ရဲ့သမီး သခင်မလေးပင်ကုလန်ပါ"

ချောင်စန်းနှင့်မိတ်ဆက်ပေးလိုက်သည်။

ချောင်စန်း စိတ်ထဲတွင် အတော်ပင် အားရကျေနပ်ဖြစ်သွားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပဒ္မာမြားဂူပိုင်ရှင် နန်းကုန်းထင်၏အကြောင်းကို ချောင်စန်း ကောင်းစွာကြားဖူးခဲ့သည်။ ပဒ္မာမြားဂူမှ စကြာဓားသိုင်းနှင့်ယပ်တောင်ဓားသိုင်း၏အစွမ်းထက်ပုံကို သိရှိခဲ့ရသည်။

မိမိကျွမ်းကျင်စွာကိုင်တွယ်လုပ်ဆောင်နိုင်လျှင် မိန်းမချောလေး ပင်ကုလန်ကိုသာမက အလွန်အဆင့်မြင့်သောဂူနီသိုင်းပညာကိုပါရနိုင်ကြောင်းတွေးမိလိုက်သည်။

ထို့ကြောင့် ချောင်စန်းသည် ပင်ကုလန်အား မရရအောင်အပိုင်ကြံရန်ဆုံးဖြတ်လိုက်လေတော့၏။

သူသည် ပင်ကုလန်အား အသာဦးညွှတ်လိုက်သည်။

"ပဒ္မာမြားဂူပိုင်ရှင် နန်းကုန်းထင်ရဲ့အကြောင်းကို ကျွန်တော်ကြားဖူးထားလို့ သိပ်ကိုလေးစားမိပါတယ်၊ အခု သူ့ရဲ့သမီးကိုတွေ့ဆုံသိကျွမ်းရတာဟာ ကျွန်တော့်အတွက်ဂုဏ်ယူစရာပါပဲ"

ချောင်စန်း၏အမူအရာမှာ မြို့ကြီးသားပီပီ သိမ်မွေ့ညင်သာလှ၏။ ထို့ပြင် အပြောအဆိုမှာလည်းချိုသာယဉ်ကျေးလှ၏။

ယင်းကြောင့်....

ပင်ကုလန်မှာ ချောင်စန်းအား အထင်ကြီးသွားမိလေတော့၏။ ထို့ပြင် ခင်မင်ရင်းနှီးလိုစိတ်လည်း ဖြစ်ပေါ်လာသည်။ သူမက ချောင်စန်းအားပြုံး၍ကြည့်ကာပြန်ပြောလိုက်သည်။



"ကျွန်မကလဲ ရှင့်လို သိုင်းသမားတစ်ယောက်နဲ့တွေ့ရတာ ဝမ်းသာပါတယ်"

ချောင်စန်း သဘောကျကျေနပ်သွားသည်။

သူ့အနေဖြင့် ပင်ကုလန်အား သိမ်းသွင်းရန် မခက်ခဲကြောင်း သိရှိလိုက်သည်။ ပင်ကုလန်မှာ ရိုးသားဖြူစင်သူတစ်ယောက်ဖြစ်ကြောင်း အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော ချောင်စန်းက အကဲခတ်လိုက်မိသည်မဟုတ်ပါလား။

ချောင်စန်းက ပင်ကုလန်အား ပြုံးကာပြောလိုက်သည်။

"ပဒ္မာမြားဂူ သခင်မလေးဟာ တော်တော်ချောမောလှပတာပဲ၊ ကျွန်တော့်တစ်သက်တစ်ကိုယ် သခင်မလေးလောက်လှပတဲ့ မိန်းကလေးကိုမတွေ့ဖူးသေးဘူး"

ပင်ကုလန် အနည်းငယ်ရှက်သွားပုံရသည်။

သူမ၏ပါးပြင်မှာ နီရဲသွားသည်။

သို့သော်.... သူမ၏စိတ်ထဲတွင် အတော်ပင် ကျေနပ်သွားမိလေသည်။ ပင်ကုလန်က ရှက်ပြုံးပြုံးကာပြောလိုက်သည်။

"အို... ရှင်ကလဲ အလကားမြှောက်နေပြန်ပါပြီ"

ချောင်စန်းက ခေါင်းခါယမ်းလိုက်သည်။

"မြှောက်တာမဟုတ်ပါဘူးသခင်မလေးရယ်၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပြောနေတာပါ”

ပင်ကုလန် မျက်မှောင်ကုပ်သွားသည်။

“ကျွန်မကို သခင်မလေးလို့မခေါ်ပါနဲ့၊ ရင်းရင်းနှီးနှီး ညီမလို့ပဲခေါ်ပေါ့”

ချောင်စန်း သဘောခွေ့သွားသည်။

သူကခေါင်းညိတ်လိုက်သည်။

“ကောင်းပါပြီညီမရယ်”

ယင်းအခိုက် သူကြီး၏စကားသံထွက်ပေါ်လာသည်။

“ကဲ... ကဲ... စကားပဲပြောမနေကြနဲ့ဦး၊ ပျော်ပျော်ပါးပါး စားကြသောက်ကြရအောင်”

ပြောပြောဆိုဆိုဖြင့်ပင် သူကြီးက သူတို့အားသီးသန့်စားပွဲတစ်လုံးသို့ခေါ်ဆောင်သွားသည်။ ထိုစားပွဲပေါ်တွင် အရက်နှင့်စားသောက်ဖွယ်ရာများပြည့်နှက်နေသည်။

သူကြီးက ပင်ကုလန်တို့အားနေရာပေးပြီးသည်နှင့်ထွက်ခွာသွားသည်။ ချောင်စန်းက အရက်ခွက်နှစ်ခွက်ထဲသို့ အရက်များထည့်လိုက်သည်။ ထို့နောက် အရက်တစ်ခွက်အား ပင်ကုလန်ထံသို့ကမ်းပေးလိုက်သည်။

“ရော့... ညီမ”



သူမက လက်ကာပြလိုက်သည်။

“ဟာ... နေပါစေ၊ ကျွန်မ မသောက်တတ်ပါဘူး”

ချောင်စန်းက ပြုံးလိုက်သည်။

“ညီမဟာ တစ်ချိန်မှာ သိုင်းလောကသားဖြစ်လာမှာပဲမဟုတ်လား၊ သိုင်းလောကသားဆိုတာ အရက်သောက်တတ်ရမယ်”

ထိုစကားကြောင့် ပင်ကုလန်အံ့ဩသွားသည်။

“ဟုတ်လား”

ချောင်စန်းခေါင်းညိတ်ပြလိုက်သည်။

“ဟုတ်တယ်ညီမ... သိုင်းလောကသားတွေဟာ အရက်နဲ့ကင်းလို့မရဘူး”

ကင်ကုလန် သဘောကျသွားသည်။

“ဒါဖြင့်ရင်ပေး... သောက်ကြည့်ရအောင်”

ပြောပြောဆိုဆိုဖြင့် ချောင်စန်း၏လက်ထဲမှအရက်ခွက်ကိုလှမ်းယူလိုက်သည်။ ထို့နောက် တစ်ရှိန်ထိုး မော့သောက်လိုက်လေသည်။ ချောင်စန်း သဘောကျစွာပြုံးလိုက်သည်။

“ညီမက ဘယ်ဆိုးလို့လဲ”

ပင်ကုလန်၏မျက်နှာမှာ အနည်းငယ်နီရဲသွားသည်။

သူမ၏ဦးခေါင်းထဲတွင် ရီဝေဝေဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပင်ကုလန်မှာ သူမ၏စိတ်ဓာတ်များ ပေါ့ပါးလန်းဆန်းသွားသည်ဟုခံစားလိုက်ရသည်။

စောစောက ခံပြင်းစိတ်၊ မကျေနပ်စိတ်၊ ဒေါသစိတ်များလည်းပျောက်ကွယ်သွားသည်။

သူမမှာ နှုတ်သွက်အာသွက်ဖြစ်လာသည်။

ပင်ကုလန်သည် သူမ စိတ်ဝင်စားသောသိုင်းလောက အကြောင်းများကို ချောင်စန်းအား မေးမြန်းသည်။ ချောင်စန်းကလည်း စိတ်ရှည်လက်ရှည်ပင် ရှင်းလင်းပြောပြသည်။

ဟုတ်သည်မဟုတ်သည် မသိရသော်လည်း ပင်ကုလန်မှာ ချောင်စန်းအားဗဟုသုတကြွယ်ဝသူအဖြစ် အထင်ကြီးလေးစားသွားမိလေသည်။

ထို့ပြင်.... ချောင်စန်းနှင့်စကားပြောရသည်မှာ ပျော်စရာကောင်းသည်ဟုထင်မှတ်လာမိသည်။ ထိုညက သူမသည် သန်းခေါင်ကျော်မှပင် တောင်ပေါ်သို့ပြန်တက်ခဲ့လေသည်။

****



ချောင်စန်းသည် ပထမက တောင်ခြေရွာကလေးမှပြန်ရန်ဆုံးဖြတ်ခဲ့သည်။ သို့သော် ပင်ကုလန်ကိုတွေ့ဆုံပြီးသည့်နောက်တွင် သူ၏ဆုံးဖြတ်ချက်သည် ပြောင်းလဲသွားခဲ့လေသည်။

ချောင်စန်းတစ်ယောက် တာစန်းတောင်ခြေရွာကလေးမှ မခွာနိုင်တော့ချေ။ ပင်ကုလန်သည်လည်း ထိုရွာကလေးသို့ ညစဉ်လိုလိုပင် အလည်အပတ်ရောက်လာလေ့ရှိသည်။

ထိုရွာကလေးသို့ သူမရောက်ရှိလာသည့်အခါတိုင်း ဘာဘာကျန်းစားသောက်ဆိုင်တွင် ချောင်စန်းနှင့်တွေ့ဆုံကာ စကားအတူပြောဆိုစားသောက်လေ့ရှိကြသည်။

ယခုညလည်း ဘာဘာကျန်းစားသောက်ဆိုင်သို့ ပင်ကုလန်ရောက်ရှိလာပြန်လေသည်။

သူမသည် အသင့်ရောက်ရှိစောင့်ကြိုနေသောချောင်စန်း၏စားပွဲတွင် ဝင်ထိုင်လိုက်သည်။

အမှန်တွင် ပင်ကုလန်မှာ ချောင်စန်းကိုမေတ္တာသက်ဝင်တိမ်းညွတ်နေသည်မဟုတ်ပါ။ သူမ၏စိတ်ထဲ အမှန်တကယ် မေတ္တာထားရှိသည်မှာဖုန်းလွေပင်ဖြစ်သည်။

သို့သော် ဖုန်းလွေက သူမ၏မေတ္တာစိတ်ကိုလျစ်လျူရှုထားသဖြင့် သူမသည် ဖုန်းလွေအပေါ် မကျေမနပ်ဖြစ်ခဲ့မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်သည့်စိတ်ကြောင့်ပင် ဖုန်းလွှေအား အရွဲ့တိုက်လိုစိတ်များဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့်.... အရွဲ့တိုက်သည့်သဘောဖြင့် ချောင်စန်းရှိရာတောင်ခြေရွာကလေးသို့ ညစဉ်ညတိုင်းဆင်းလာခဲ့ခြင်းပင်ဖြစ်လေတော့သည်။

ပင်ကုလန်သည် ချောင်စန်းနှင့်တွေ့ဆုံနေစဉ်အချိန်များတွင် ဖုန်းလွှေအပေါ်မကျေနပ်စိတ်များပြေပျောက်သွားရသည်။

ချောင်စန်းမှာ မိန်းမသားများကျလောက်အောင် ပြောဆိုစည်းရုံးနိုင်သူမဟုတ်ပါလား။

ပင်ကုလန် စားသောက်နေရင်းမှ ချောင်စန်းဘက်သို့လှည့်ကာပြောလိုက်သည်။

"အစ်ကို.... ညီမပြန်ရင် ပတ္တမြားဂူကို လိုက်လည်ပါလား။ ဖေဖေတို့နဲ့တွေ့ရတာပေါ့"

ချောင်စန်းခေါင်းခါယမ်းလိုက်သည်။

"အစ်ကိုလိုက်လို့မဖြစ်သေးပါဘူးညီမရယ်"

သူမ နှုတ်ခမ်းစူလိုက်သည်။

"အစ်ကိုကလဲ ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ"

မှန်ပေသည်။



ပင်ကုလန်က ချောင်စန်းအား တာစန်းတောင်ပေါ်သို့ လိုက်လည်ရန် မကြာခဏဖိတ်ခေါ်ခဲ့၏။

သို့သော် ချောင်စန်းက တစ်ကြိမ်တစ်ခါမျှ လိုက်လည်ခြင်းမရှိပေ။ အကြောင်းအမျိုးမျိုးပြကာငြင်းဆန်နေမြဲဖြစ်သည်။

သူ့အနေဖြင့် ပတ္တမြားဂူသို့မလိုက်ရဲပါချေ။

အကြောင်းမှာ ပတ္တမြားဂူပိုင်ရှင် နန်းကုန်းထင်ကို ကြောက်ရွံ့သောကြောင့် ဖြစ်၏။ ချောင်စန်းက ပင်ကုလန်အား ဆင်ခြေပေးလိုက်သည်။

"တစ်နေ့ကျရင်တော့ ပတ္တမြားဂူကို အစ်ကိုလိုက်လည်မှာပါ ညီမရယ်၊ အခုလောလောဆယ်တော့ လိုက်လည်ဖို့မသင့်သေးဘူးလို့ အစ်ကိုထင်တယ်"

သူမ မျက်မှောင်ကြုတ်လိုက်၏။

"ဘာဖြစ်လို့လဲ"

ချောင်စန်းက သူမအား စိုက်ကြည့်ကာပြောလိုက်သည်။

"ညီမရဲ့ဖေဖေက အစ်ကိုနဲ့ညီမကို တစ်မျိုးထင်သွားရင် မကောင်းဘူးမဟုတ်လား"

ပင်ကုလန် ရှက်သွား၏။

"အို... ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ချောင်စနီးက သဘောကျစွာရယ်မောလိုက်၏။

ထို့နောက် လက်ဝှေ့ယမ်းကာပြောလိုက်၏။

"ကဲ... ကဲ... ဆက်ပြီးစားသောက်လိုက်ကြရအောင်"

ပြောပြောဆိုဆိုဖြင့် ပင်ကုလန်၏ပန်းကန်ထဲသို့ဟင်းလျာများထည့်ပေးလိုက်သည်။ ထိုအခါ သူ၏လက်သည်းကြားမှ အဖြူရောင်အမှုန့်ကလေးများ ပင်ကုလန်၏ပန်းကန်ထဲသို့ကျရောက်သွား၏။

သို့သော် ရိုးသားသော ပင်ကုလန်မှာ သိရှိလိုက်ခြင်းမရှိချေ။ သူမ၏ပန်းကန်တွင်းရှိ စားသောက်ဖွယ်ရာများအား အားရပါးရ စားသောက်လိုက်သည်။

ချောင်စနီးက ကောက်ကျစ်စွာ ပြုံးလိုက်၏။

သူသည် ပင်ကုလန်စားသောက်သောအရက်နှင့် အစားအစာများထဲတွင် အဆိပ်များတစ်နေ့တစ်မျိုးထည့်ကာကျွေးမွေးခဲ့သည်။

သို့သော် အဆိပ်မှာအပြင်းစားအဆိပ်မဟုတ်ချေ။

အဆိပ်အပျော့စားများသာဖြစ်၏။

ယင်းအဆိပ်ကို ချောင်စနီးက ထပ်ဆင့် အဆိပ်ဖြေဆေးဟု အမည်ပေးထား၏။

ပထမနေ့သောက်လိုက်သောအဆိပ်ကို ....



နောက်တစ်နေ့တွင်သောက်လိုက်သောအဆိပ်က ပြန်လည်၍ပြေပျောက်သွားစေသောကြောင့်ဖြစ်၏။

သို့ရာတွင် ဒုတိယနေ့သောက်လိုက်သောအဆိပ် အာနိသင်ကဆက်လက်တည်မြဲကျန်ရှိနေခဲ့သည်။

ပထမအဆိပ်ကို ဒုတိယအဆိပ်ကဖြေလိုက်သော်လည်း ဒုတိယအဆိပ်၏အာနိက ကျန်နေခဲ့သည်။

ထို့အတူ ဒုတိယအဆိပ်ကို တတိယအဆိပ်ကဖြေလိုက်သော်လည်း တတိယအဆိပ်၏အာနိသင်သည် ဆက်လက်ကျန်ရစ်ခဲ့၏။ သို့ဖြစ်ရာ အဆိပ်ခတ်ခံရသူတွင် နောက်ဆုံးအဆိပ်၏အာနိသင်သည် ရှိမြဲရှိနေမည်သာဖြစ်ပေတော့သည်။

အကယ်၍.... နောက်တစ်ကြိမ် ထပ်ဆင့်အဆိပ်ဖြေဆေးကို ဆက်လက်မသောက်ရလျှင် ခန္ဓာကိုယ်တွင်းတွင်ရှိနေသောအဆိပ်က တန်ခိုးပြလာမည်ဖြစ်သည်။

အဆိပ်သင့်သူမှာ မနေတတ်မထိုင်တတ်ဖြစ်လာပေမည်။

ကိုယ်ခန္ဓာတွင် ဟိုနေရာကယားသလိုလို သည်နေရာကယားသလိုလိုခံစားရမည်ဖြစ်၏။

တစ်ရက်....

နှစ်ရက်....

www.burmeseclassic.com

www.burmeseclassic.com



သုံးရက်မျှကျော်လွန်လျှင်မူ အရက်သမားများ အရက်နာကျသလို မူးယစ်ဆေးဝါးစွဲသူတစ်ယောက် မူးယစ်ဆေးမသောက်ရလျှင် ခံစားရသလို အလွန်ပင်ခံရခက်သောဝေဒနာကိုခံစားရမည်ဖြစ်သည်။

ထပ်ဆင့်အဆိပ်ဖြေဆေး ထည့်ထားသည့်အရက်နှင့်စားသောက်ဖွယ်ရာများကိုစားသောက်လိုက်ရမှ နေသာထိုင်သာရှိသွားမည်ဖြစ်၏။

မိန်းကလေးများအား မိမိဆန္ဒသို့လိုက်လျောကာ မိမိကြိုးဆွဲရာလိုက်ပါစေရန်အတွက် ချောင်စန်းသည်ထပ်ဆင့်အဆိပ်ဖြေဆေးကိုလက်နက်သဘောမျိုးဖြင့်အသုံးချလေ့ရှိသည်။

ယခု.... ပင်ကုလန်မှာလည်း ထပ်ဆင့်အဆိပ်ဖြေဆေး၏သားကောင်ဖြစ်ခဲ့ရပြီမို့ ချောင်စန်း၏ပိုက်ကွန်ထဲသို့ဝင်ရောက်နေပြီဟု ဆိုနိုင်ပေသည်။

သူမသည် တောင်ခြေရွာကလေးသို့ ညစဉ်ဝင်ရောက်ရှိလာခဲ့လေသည်။ ချောင်စန်းကျွေးမွေးသော ထပ်ဆင့်အဆိပ်ဆေးထည့်ထားသည့်အရက်နှင့်စားသောက်ဖွယ်ရာများကို စားသောက်သည်။

သူမမှာ မိမိကိုယ်မိမိ မည်သို့ဖြစ်နေမှန်းမသိရှာပေ။

တောင်ခြေရွာကလေးသို့ တစ်ညမလာရလျှင် နေမထိထိုင်မသာဖြစ်လာရလေသည်။



ထို့ကြောင့် ချောင်စန်းထံသို့ ညစဉ်ညတိုင်း ရောက်ရှိလာခဲ့ရတော့၏။ သို့သော် ပင်ကုလန်အနေဖြင့် ချောင်စန်းကို တမ်းတမ်းစွဲနေခြင်းကြောင့်မဟုတ်ချေ။

ထပ်ဆင့်အဆိပ်ဖြေဆေး၏ကွန်ယက်အတွင်းမှ ရုန်းမထွက်နိုင်သောကြောင့်ဖြစ်သည်။

ထိုအခါ စားနေကျကြောင်ပါးကြီးချောင်စန်းအဖို့ ထပ်ဆင့်အဆိပ်ဖြေဆေး၏ကွန်ယက်ထဲသို့ကျရောက်နေသော ပင်ကုလန်အားမိမိ၏ရဲမှုက်ကွန်ခြာထဲသို့သိမ်းသွင်းရန် မခက်တော့ချေ။

ဤသို့ဖြင့် ပင်ကုလန်၏ဘဝပန်းမှာညစ်နွမ်းခဲ့ရရှာသည်။

နောက်သုံးလခန့်အကြာတွင်.... ချောင်စန်းသည် တာစန်းတောင် ခြေရွာကလေးမှထွက်ခွာသွား၏။ ထိုအခါ ပင်ကုလန်လည်း ချောင်စန်းနောက်သို့ကောက်ကောက်ပါအောင် လိုက်ပါသွားရလေတော့သည်။

****

www.burmeseclassic.com

www.burmeseclassic.com



တာစန်းတောင်တစ်ပိုက်တွင် တိတ်ဆိတ်ငြိမ်သက်နေ၏။

တာစန်းတောင်ခြေမှာ ပို၍သာယာအေးချမ်းနေပေသည်။

သို့သော် တာစန်းတောင်ပေါ်ရှိ ပတ္တမြားဂူတွင်ကား ပြင်းထန်သောမုန်တိုင်းကျရောက်လျက်ရှိသည်။ ထိုမုန်တိုင်းကား လေမုန်တိုင်း မဟုတ်ချေ။

ဒေါသမုန်တိုင်း ဖြစ်သည်။

ပတ္တမြားဂူပိုင်ရှင်နန်းကုန်းထင်တို့မှာ သမီးဖြစ်သူ ပင်ကုလန် ပြန်မရောက်သည့်အတွက် ခေါင်းမီးတောက်သွားကြသည်။

ရင်ထဲတွင်လည်း သမီးအတွက် စိုးရိမ်ပူပန်စိတ်များကြောင့် ပူလောင်နေကြပေသည်။

နန်းကုန်းထင်သည် ဖုန်းလွေအား ပင်ကုလန်ကိုလိုက်လံရှာဖွေခိုင်းလိုက်၏။ ဖုန်းလွေက တာစန်းတောင်အနီးဝန်းကျင်မြို့ရွာများတွင် စုံစမ်းရှာဖွေခဲ့သည်။

သို့သော် ပင်ကုလန်အား လုံးဝရှာမတွေ့ချေ။

သူသည် ထင်းချန်းဂိုဏ်းသားချောင်စန်းနှင့်လိုက်ပါသွားသည့်သတင်းကိုသာ သိခဲ့ရ၏။ ထိုအခါ ဖုန်းလွေက ပတ္တမြားဂူသို့ ပြန်လာကာ နန်းကုန်းထင်အား သူသိရှိလာသည့်သတင်းကို ပြောပြလိုက်လေသည်။



"တောက်"

ဇနီးဖြစ်သူဟိုစွေနှင့်ဖုန်းလွေတို့က သူ့အား အထိတ်တလန့်ဖြင့် ကြည့်လိုက်ကြသည်။ နန်းကုန်းထင်မျက်နှာနီရဲခက်ထန်နေသည်။ သူကအံကြိတ်ကာပြောလိုက်၏။

"ခွေးမ… မွေးရကျိုးမနပ်တဲ့ကောင်မ၊ သင်းလုပ်သွားပုံက ကောင်းသေးရဲ့လား"

ဟိုစွေ့ကနှုတ်သိမ့်လိုက်သည်။

"သိပ်လဲ ဒေါသမကြီးပါနဲ့ရှင်၊ ဒါဟာ သဘာဝတစ်ခုပါ"

ခင်ပွန်းဖြစ်သူအား ပြေရာပြေကြောင်းပြောလိုက်ရသည်။

သူမမှာလည်း ပင်ကုလန်အပေါ်စိတ်ဆိုးနေမိသည်။

နန်းကုန်းထင်က ဟိုစွေ့အား စိုက်ကြည့်ကာပြောလိုက်လေသည်။

"ဒါဆို ငါတို့စီစဉ်ထားတဲ့ကိစ္စ ဘယ်လိုလုပ်ကြမလဲ"

ဟိုစွေ့ မျက်နှာပျက်သွား၏။

သူမက ဘာမှပြန်မပြောတော့ဘဲခေါင်းငုံ့လိုက်သည်။

မှန်ပေသည်။ နန်းကုန်းထင်တို့ဇနီးမောင်နှံတွင် အထူးကြံစည်ထားသောအစီအစဉ်တစ်ခုရှိ၏။

ယင်းအစီအစဉ်မှာ ဖုန်းလွေနှင့်ပင်ကုလန်တို့နှစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပေးရန်အကြံအစည်ပင်ဖြစ်သည်။

သို့သော်... လူငယ်နှစ်ယောက်ကို ဖွင့်ဟပြောဆိုထားခြင်း မရှိသေးပေ။

ယခုတွင်မူ ပင်ကုလန်မှာ ချောင်စန်းနှင့်လိုက်ပါသွားပြီဖြစ်လေသည်။ သို့ဖြစ်ရာ.... နန်းကုန်းထင်တို့၏အကြံအစည်မှာလည်း အလိုလိုပျက်ပြယ်သွားရပြီဖြစ်ပေသည်။

ထို့ကြောင့် နန်းကုန်းထင်မှာဒေါသအလွန်ထွက်သွားလေသည်။ ရှက်လည်း အလွန်ရှက်မိလေ၏။ ထိုအခါ သူ၏ရှက်ဒေါသသည် ထင်းချန်းဂိုဏ်းအပေါ် ပုံကျသွားလေတော့၏။

နန်းကုန်းထင်က ဟိုစွေ့ဘက်သို့လှည့်ကာပြောလိုက်၏။

"ငါ ထင်းချန်းဂိုဏ်းကိုလိုက်သွားမယ်"

ဟိုစွေ့မျက်မှောင်ကုပ်သွားသည်။

သူမက နားမလည်နိုင်သောလေသံဖြင့်မေးလိုက်သည်။

"ဘာသွားလုပ်မလို့လဲရှင့်"

နန်းကုန်းထင်က ပြတ်သားသောလေသံဖြင့်ပြောလိုက်လေသည်။

"ဂိုဏ်းသားတစ်ယောက်ရဲ့ အပြစ်အတွက် ဂိုဏ်းချုပ်မှာ တာဝန်ရှိတယ်၊ ဒါကြောင့် ထင်းချန်းဂိုဏ်းချုပ်ကိုပြတ်ပြတ်သားသား အရေးဆိုတိုက်ခိုက်မလို့"



ဟိုစွေ့ မျက်လုံးပြူးသွား၏။ နန်းကုန်းထင်သည် နွားသိုးကြိုးပြတ် ထင်ရာလျှောက်လုပ်တော့မည်မဟုတ်ပါလား။

ဟိုစွေ့က ကမန်းကတန်းဖျောင်းဖျလိုက်ရသည်။

"ဒေါသရှေ့ထားပြီးအရမ်းမလုပ်ပါနဲ့ရှင်.... ရှင်ပဲ စဉ်းစားကြည့်စမ်းပါ၊ သမီးမိန်းကလေးဆိုတာ အချိန်တန်အရွယ်ရောက်ရင် သူများနောက်ကိုလိုက်သွားရတာချည်းပဲ မဟုတ်လား၊ ဖြစ်ပြီးတဲ့ကိစ္စ ပြန်ပြင်ခိုင်းလို့ ရတော့တာမှမဟုတ်ဘဲ၊ ဘာကြောင့် ထင်းချန်းဂိုဏ်းနဲ့ ပြဿနာဖြစ်ချင်ရတာလဲ"

နန်းကုန်းထင်က မကျေမနပ်ပြန်ပြောလိုက်၏။

"သူ့ဂိုဏ်းဝင်တစ်ယောက်က မိကောင်းဖခင်သားသမီးပီပီ မလုပ်ဘဲ နာမည်ပျက်အောင်လုပ်သွားတာကို ဒီအတိုင်း လက်ပိုက်ကြည့်ငြိမ်ခံနေရမှာလား"

ဟိုစွေ့ကပြုံးလိုက်သည်။

"ဒီလိုတော့မဟုတ်ပါဘူး၊ ကျွန်မမှာအကြံတစ်ခုရှိပါတယ်"

နန်းကုန်းထင်မျက်မှောင်ကုပ်သွားသည်။

"ဘာအကြံလဲ၊ ပြောစမ်းပါဦး"

ဟိုစွေ့က လေးနက်တည်ကြည်သောမျက်နှာထားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လေသည်။

"ထင်းချုန်းဂိုဏ်းက ဒီလိုကိစ္စမျိုးအတွက် သူတို့လူကို အရေးယူပေးဖို့တော့သင့်တယ်၊ ဒီတော့ ထင်ချုန်းတောင်ကိုလူလွှတ်ပြီး အကျိုးအကြောင်း သေသေချာချာပြောဆိုနိုင်းရင် မကောင်းဘူးလား"

နန်းကုန်းထင်က ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

ထို့နောက် အနည်းငယ်စဉ်းစားကာပြောလိုက်သည်။

"မင်း အကြံမဆိုးပါဘူး၊ ဒါပေမယ့် တို့လွှတ်လိုက်တဲ့လူက သိုင်းပညာထက်မြက်ပြီး ပြောရေးဆိုရေးလဲ လိမ္မာပါးနပ်တဲ့လူမှဖြစ်မှာ၊ ဒီတော့ ဘယ်သူ့ကိုလွှတ်မလဲ"

ဟိုဖွေ့ကရယ်မောလိုက်သည်။

"အမယ်လေး... အဲဒီလူကို ရှာရှာဝေးဝေးရှာနေစရာမလိုပါဘူး၊ ရှင့်အနားမှာပဲရှိပါတယ်"

နန်းကုန်းထင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူက အနီးတစ်ဝိုက်သို့ဝေ့ကြည့်လိုက်သည်။

ထိုအခါ ဖုန်းလွေ့ကိုတွေ့လိုက်ရသည်။

နန်းကုန်းထင် ဝမ်းသာအားရဖြစ်သွားသည်။

နန်းကုန်းထင်က ဖုန်းလွေ့အားကြည့်ကာပြောလိုက်သည်။

"ဟာ... ဟုတ်သားပဲ၊ ဖုန်းလွေ့ကသိုင်းပညာအမွေတွေ



အများကြီးရထားတာပဲ၊ ပြီးတော့ စိတ်ထားလဲဖြောင့်မတ်တည်ကြည်တယ် ပြောရဲဆိုရဲလဲရှိတယ် ရည်ရည်မွန်မွန်လဲရှိတယ် ဒါကြောင့် သူဟာ ထင်းချုန်းဂိုဏ်းကိုစေလွှတ်ဖို့ အသင့်တော်ဆုံးလူပဲ၊ ဘယ်နှယ့်လဲ.... မင်းသွားနိုင်မယ်မဟုတ်လား"

ဖုန်းလွေ့ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ဆရာ... ကျွန်တော်သွားနိုင်ပါတယ်"

နန်းကုန်းထင်က တည်ကြည်သောအသံဖြင့်ပြောလိုက်၏။

"မင်းအစ်မတော်ဟာ ကျေးဇူးကန်းတယ်၊ ဆင်ခြင်စဉ်းစားဉာဏ်မရှိဘဲ သူများသွေးဆောင်ရာနောက်ကိုလိုက်ပါသွားတာမို့ ငါအနေနဲ့ သူ့ကို လှည့်ကြည့်စရာတောင်မလိုတော့ဘူး၊ ဒါပေမယ့် ဒီကိစ္စမှာ ထင်းချုန်းဂိုဏ်းက ငါတို့ကို လာစောင်းပန်ဖို့ကောင်းတယ်၊ ဒါကို ဒီအတိုင်းငြိမ်ခံနေရင် ငါတို့ပတ္တမြားဂူးရဲ့သိက္ခာကျဆင်းသွားနိုင်တယ်"

နန်းကုန်းထင်ကစကားကိုရပ်ကာ ဖုန်းလွေ့အား စိုက်ကြည့်လိုက်သည်။ ပြီးမှ စကားဆက်လိုက်သည်။

"မင်း... အခုသွားရမှာက ရန်ငြိုးနဲ့လက်တုံ့ပြန်ဖို့မဟုတ်ဘူး၊ ထင်းချုန်းဂိုဏ်းကိုအပြစ်တင်တိုက်ခိုက်ဖို့လဲမဟုတ်ဘူး၊ ဖြစ်ပျက်တဲ့ကိစ္စကို အကျိုးအကြောင်းသွားရောက်ပြောဆိုမေးမြန်းဖို့ပဲဖြစ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သိပ်လဲမထောင်လွှားရဘူး၊ သိပ်လဲအောက်ကျို့စရာမလိုဘူး၊ သာမန်ရှိသေမှုနဲ့သွားပြီး ပြောဆိုရမယ်၊ ပတ္တမြားဂူရဲ့ဂုဏ်သိက္ခာကို မင်းထိန်းနိုင်လိမ့်မယ်လို့ ငါတို့ယုံကြည်တယ်”

ဖုန်းရွှေလွှက လက်နှစ်ဖက်ဆုပ်ကာဦးညွတ်လိုက်သည်။

“အစစအရာရာစိတ်ချပါဆရာ၊ ကျွန်တော်တို့ပတ္တမြားဂူရဲ့ ဂုဏ်သိက္ခာအတွက် ကျွန်တော်အစွမ်းကုန်ကြိုးစားဆောင်ရွက်ခဲ့မယ်လို့ ကတိပြုပါတယ်”

နန်းကုန်းထင် ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

“အေး… အေး… ကောင်းတယ်… ကောင်းတယ်”

တစ်ဆက်တည်းမှာပင် ဟိုဖွေ့ဘက်သို့လှည့်ကာ ….

“ကဲ… ညီမက ခရီးသွားဖို့အတွက် လိုအပ်တာလေးတွေ ပြင်ဆင်ပေးလိုက်ပါကွယ်”

ဟိုဖွေ့ကခေါင်းညိတ်ပြီး အခန်းထဲသို့ဝင်သွားသည်။

မကြာမီ သူမသည် ခရီးထွက်ရန်လိုအပ်သည့်ပစ္စည်းများကို ပြင်ဆင်ပြီး ပြန်ထွက်လာသည်။ ဖုန်းလွှေက ဆရာတို့ဇနီးမောင်နှံကို ကန်တော့လိုက်သည်။

ထို့နောက် ချက်ချင်းပင် ခရီးထွက်ခဲ့လေတော့၏။

****



## အခန်း (၁၀)

## လောကငရဲ

နှောင်းအတိတ်မှအရိပ်များသည် ပျက်ပြယ်လွင့်ပါးသွားပြီ ဖြစ်သည်။ ဖုန်းလွှေသည် ရေနဂါးဒေဝီအားကြည့်ကာ ငေးငိုင်တွေဝေသွားလေသည်။

သူ့အနေနှင့်…. ကြုံဆုံနေရသည့်အဖြစ်အပျက်များကို မယုံကြည်နိုင်အောင်ဖြစ်နေရသည်။ အိပ်မက်မက်နေသကဲ့သို့ပင် ထင်မိသည်။

သူက ရေနဂါးဒေဝီကို အထစ်ထစ်အငေါ့ငေါ့ဖြင့် မေးမြန်းလိုက်သည်။

“ဒါဖြင့်… ဒါဖြင့် ခင်ဗျားရုပ်က ငယ်ငယ်ကရုပ်နဲ့ ဘာဖြစ်လို့ မတူတော့တာလဲ”

ရေနဂါးဒေဝီထံမှ မည်သည့်စကားသံမျှထွက်မလာသေးမီ

www.burmeseclassic.com

www.burmeseclassic.com



မှာပင် ဖုန်းလွေကဆက်တိုက်မေးလိုက်ပြန်သည်။

"ခင်ဗျားက ဘယ်ကိုထွက်သွားတာလဲ၊ ဘယ်လိုလုပ်ပြီး ရေနဂါးဂိုဏ်းမှာ ခေါင်းဆောင်လာဖြစ်နေတာလဲ"

ဖုန်းလွေသည် သိချင်စိတ်ကများနေသဖြင့် ဆက်တိုက်ပင် မေးချလိုက်မိလေသည်။ ရေနဂါးဒေဝီ၏မျက်နှာမှာ မှိုင်းမှုန်ရီဝေသွားလေသည်။

သူမက ဆို့နင့်သည့်အသံဖြင့်ပြောလိုက်သည်။

"ကျွန်မပြောပါ့မယ်...ဒီအကြောင်းတွေကို ကျွန်မအနေနဲ့ ရှင်းပြချင်နေတာကြာပါပြီ"

ဖုန်းလွေ သက်ပြင်းချလိုက်သည်။ သူသည် ရေနဂါးဒေဝီကို ကရုဏာသက်စွာကြည့်ကာပြောလိုက်သည်။

"ကျွန်တော်ကလဲ ဒီအကြောင်းတွေကို သိပ်ပြီးသိချင်နေတာပါဗျာ"

ရေနဂါးဒေဝီက ပြုံးလိုက်သည်။ သို့သော် သူမ၏မျက်လုံးထဲတွင် ကြေကွဲဝမ်းနည်းရိပ်များက ပေါ်လွင်ထင်ဟပ်နေဆဲပင်။

သူမက အက်ကွဲသည့်အသံဖြင့် ရှင်းပြလိုက်သည်။

"ကျွန်မဟာ တောင်ခြေရွာလေးမှာ ချောင်စန်းဆိုတဲ့လူတစ်ယောက်နဲ့ မမျှော်လင့်ဘဲဆုံတွေ့မိခဲ့တယ်၊ သူကျွေးမွေးတဲ့အစား



အစာကိုစားသောက်ပြီးတဲ့နောက်မှာ ...."

ပင်ကုလန်မှာ ချောင်စန်းအား လေးစားခင်မင်မိခဲ့၏။

ထို့ကြောင့် ချောင်စန်းကျွေးသမျှအစားအစာကို ယုံကြည်စွာစားသောက်ခဲ့မိသည်။

ထိုအခါ ပင်ကုလန်သည် ချောင်စန်း၏ထပ်ဆင့်အဆိပ်ဟူသောအဆိပ်တစ်မျိုးမိခဲ့သည်။ ထိုအဆိပ်မိပြီးနောက်... သူမသည် ချောင်စန်းကြိုးဆွဲရာက,ရသော ရုပ်သေးရုပ်ဖြစ်ခဲ့သည်။

အစစအရာရာ ချောင်စန်းအလိုကျလိုက်လျောခဲ့ရ၏။

နောက်ဆုံး ချောင်စန်းခေါ်ဆောင်ရာနောက်သို့ ပင်ကုလန်လိုက်ခဲ့ရ၏။ သူတို့သည် နန်းကုန်းထင်၏ရန်ကိုကြောက်သောကြောင့် မြောင်ကျွမ်းနယ်မှထွက်ပြေးလာခဲ့ကြသည်။

ထို့နောက် စန့်ရှန်းနယ်ကျန့်ဆန့်မြို့တွင်နေထိုင်ခဲ့ကြ၏။

ချောင်စန်းက ပင်ကုလန်တွင်ပါ လာသောရွှေငွေများကို သိမ်းယူလိုက်သည်။ ထို့နောက် သူသည်အရက်သောက်ခြင်း၊ လောင်းကစားခြင်းတို့ဖြင့်သာပျော်မွေ့နေခဲ့တော့၏။

ပင်ကုလန်ကိုလည်း ဂရုမစိုက်တော့ချေ။

ပင်ကုလန်မှာ သူမ၏အမှားကို တဖြည်းဖြည်းသိရှိလာသော နောင်တရလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထပ်ဆင့်အဆိပ်ဖြေဆေး၏သားကောင်ဖြစ်ခဲ့ရပြီမို့ မည်သို့မျှမတတ်နိုင်တော့ပေ။

ချောင်စန်း လက်ခုပ်ထဲမှရေဖြစ်ခဲ့ရ၏။

သုံးလခန့်ကြာပြီးနောက် ပင်ကုလန်တွင်ပါလာသောရွှေငွေများကုန်သွားလေသည်။ ထိုအခါ ချောင်စန်းက ပင်ကုလန်အား ငွေရှာခိုင်းခဲ့၏။ သူမသည် ငယ်စဉ်ကတည်းကပဏ္ဍာမြားဂူတွင် နေထိုင်လာခဲ့သူဖြစ်သည်။

ယင်းကြောင့် ငွေကို မည်သို့ရှာရမှန်းမသိဖြစ်ခဲ့ရသည်။

ထိုအခါ ချောင်စန်းက သူမအားလုယက်တိုက်ခိုက်ကာ ငွေရှာခိုင်းသည်။ ပင်ကုလန်က ခါးခါးသီးသီးငြင်းဆန်ခဲ့သည်။

သို့သော် ချောင်စန်းက ထပ်ဆင့်အဆိပ်ဖြေဆေးနှင့်ခြိမ်းခြောက်သောအခါ ပင်ကုလန်မှာမည်သို့မျှမတတ်နိုင်တော့ချေ။

ချောင်စန်းခိုင်းသမျှသာ လုပ်ဆောင်ခဲ့ရသည်။

ဤသို့ဖြင့် ပင်ကုလန်သည် တစ်ကိုယ်တော်ဓားပြမယ်ဘဝသို့ရောက်ရှိခဲ့ရတော့၏။

ချောင်စန်းမှာမူ သူမတိုက်ခိုက်လုယက်လာသောရွှေငွေများကိုသုံးဖြုန်းကာ စည်းစိမ်တွေ့နေခဲ့သည်။

ပင်ကုလန်မှာ တစ်စထက်တစ်စ ရဲတင်းလာခဲ့၏။



ထိုအခါ အာဏာပိုင်များက သူမအား ချေမှုန်းရန် လိုက်လံရှာဖွေကြတော့သည်။

ယင်းကြောင့် ချောင်စန်းနှင့်ပင်ကုလန်တို့မှာ စန်းရှန့်နယ်မှ ထွက်ပြေးခဲ့ရလေသည်။ ထိုသို့ထွက်ပြေးလာရင်းမှ ကူကျင်းမြို့သို့ ရောက်ရှိလာကြသည်။ ကူကျင်းမြို့အရောက်တွင် ချောင်စန်းသည် အမျိုးသမီးတစ်ယောက်နှင့်တွေ့ဆုံမိ၏။ ထိုအမျိုးသမီးမှာ အိဟုန် ဆိုသူဖြစ်သည်။ အိဟုန်မှာ အသက်သုံးဆယ်ခန့်ရှိသော မိန်းမဆိုး မိန်းမရိုင်းတစ်ယောက်ဖြစ်၏။

ခုစရိုက် ကေရိဟုဆိုလျှင်မမှားပေ။

အိဟုန်သည် အဆိပ်ပညာ၌ကျွမ်းကျင်သူဖြစ်သည်။

ထို့ပြင် သူမသည် ရက်စက်ကြမ်းကြုတ်ပြီး အလိုရမ္မက်ကြီးလှ၏။ အိဟုန်သည်လည်း ချောင်စန်းနည်းတူ အဆိပ်ပညာကိုသုံးကာ ယောကျ်ားအများပြားကို သောကစားနေခဲ့သူဖြစ်သည်။

ချောင်စန်းနှင့်အိဟုန်တို့သည် သူတော်ချင်းချင်း သိတင်းလွှဲလွှဲ ပေါင်းဖက်မိခဲ့ကြ၏။ အိဟုန်က ချောင်စန်းတို့အား သူမ၏ စခန်းတွင်နေခွင့်ပေးခဲ့သည်။ မကြာမီ ချောင်စန်းနှင့်အိဟုန်တို့ တရားဝင်ပေါင်းသင်းခဲ့ကြ၏။

ထိုအခါ ပင်ကုလန်မှာ သူတို့၏အစေခံဘဝသို့ရောက်ရှိသွား

www.burmeseclassic.com

www.burmeseclassic.com



ရလေတော့သည်။ အိဟုန်က ပင်ကုလန်ကိုအမျိုးမျိုးခိုင်းစေ၏။

ထို့ပြင် စိတ်တိုင်းမကျလျှင် ရိုက်နှက်နှိပ်စက်တတ်သည်။ ပင်ကုလန်က လက်မခံနိုင်တော့သောအခါ ချောင်စန်းအား တိုင်တန်း၏။ သို့သော် ချောင်စန်းက သူမအားဂရုမစိုက်ချေ။

အိဟုန်ထက်ပင် ပို၍နှိပ်စက်ညှဉ်းပန်းသေးသည်။

ချောင်စန်းနှင့်အိဟုန်က ပင်ကုလန်အား မည်သည့်နေရာမျှ မျက်နှာသာမပေးချေ။ သို့ဖြင့် ပင်ကုလန်သည် ချောင်စန်းအား နာကြည်းလာလေသည်။ သူမသည် သိုင်းပညာဖွမ်းရည်ထက်မြက်သူ တစ်ယောက်ဖြစ်သည်။ ယင်းကြောင့် ချောင်စန်းတို့အား တိုက်ခိုက်သုတ်သင်ပစ်ရန် စိတ်ကူးပေါ်ပေါက်လာ၏။

သို့သော် ပင်ကုလန်မှာ သူမ၏အကြံအစည်များအား လက်လျှော့လိုက်ရသည်။ အကြောင်းကား သူမ၏အသက် သေရေးရှင်ရေးမှာချောင်စန်း၏လက်ထဲတွင် ရှိနေခြင်းကြောင့်ဖြစ်ပေသည်။

****



ပင်ကုလန်မှာ နေ့စဉ်နှင့်အမျှစိတ်ဆင်းရဲနေရ၏။

ထိုအခါ သူမသည် မျက်ရည်များကိုသာ အဖော်ပြုခဲ့ရလေသည်။ သူမ၏ဘဝမှာဒုစရိုက်ညွန်ထဲ နစ်မွန်းခဲ့ရပြီဖြစ်သည်။

ထို့ပြင် ကုန္ဒြေသိက္ခာများလည်း ပျက်စီးဆုံးရှုံးသွားပြီဖြစ်လေသည်။ ပင်ကုလန်မှာ အသက်ဆက်လက်ရှင်သန်လိုစိတ်ပင် မရှိတော့ပေ။ သို့သော် သူမအနေဖြင့် သေ၍လည်းမဖြစ်သေးပေ။

ထို့ကြောင့် သူမသည် ဆင်းရဲဒုက္ခအမျိုးမျိုးကိုအံကြိတ်တင်းခံခဲ့ရလေသည်။ မိမိ၏မိုက်မဲမှုများအတွက် ပင်ကုလန်နောင်တရမိ၏။ မိမိ၏မိုက်ပြစ်ကြောင့် ယခုလိုအဖြစ်မျိုးကြုံရသည်ဟု မိမိကိုယ်မိမိမုန်းတီးမိလေသည်။ ပင်ကုလန်မှာ စိတ်မာသောမိန်းကလေး ဖြစ်သည်။ သူမသည်ဇွဲရှိပြီး အရှက်သညာကြီးလှသည်။

ပင်ကုလန်အနေဖြင့် မိမိအပေါ်ဆိုးရွားရက်စက်လှသော ချောင်စန်းနှင့်အိဟုန်တို့အား ကောင်းကောင်းလက်စားချေရန် တေးမှတ်ထားခဲ့၏။,တစ်နေ့တွင် လက်စားချေနိုင်မည်ဟုလည်း မိမိကိုယ်မိမိ ယုံကြည်ထားသည်။

ယင်းကြောင့် ပင်ကုလန်မှာ မိမိကိုယ်မိမိသတ်သေခြင်းမပြုခဲ့ခြင်းဖြစ်လေသည်။

အခွင့်အခါကောင်းကိုသာ စောင့်မျှော်နေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်.... ပင်ကုလန်အဖို့ အခါကောင်းနှင့်ကြုံဆုံရန်မှာ အလွန်ပင်ခက်ခဲလှပေသည်။ သူမ မိထားသောအဆိပ်မှာ အလွန်ကြောက်စရာကောင်းသောအဆိပ်ဖြစ်၏။ ယင်းအဆိပ်သင့်နေသောသူမအနေဖြင့်.... ချောင်စန်းနှင့်အိဟုန်တို့အား လက်စားချေရန်မှာ အလွန်ပင်ခက်ခဲလှတော့သည်။

သို့သော် သူမသည် စိတ်ပျက်အားလျှော့ခြင်းမရှိချေ။

အခွင့်အခါကောင်းနှင့်ကြုံဆုံရန် စိတ်ရှည်ရှည်ဖြင့် သည်းခံကာစောင့်ဆိုင်းနေခဲ့ရ၏။ ပင်ကုလန်၏ဇွဲနှင့်စိတ်ရှည်သည်းခံမှုမှာ အချည်းနှီးမဖြစ်ခဲ့ချေ။ နောက်ဆုံးတွင် ပင်ကုလန်အတွက် အခွင့်အခါကောင်းပေါ်လာလေတော့သည်။

****



ပင်ကုလန် ချောင်စန်းနောက်သို့လိုက်ပါခဲ့သည်မှာ နှစ်နှစ်ကျော်ကြာပြီဖြစ်၏။ ယင်းနှစ်နှစ်ကျော်ကာလအတွင်း ပင်ကုလန်မှာ ဆင်းရဲဒုက္ခမျိုးစုံနှင့်ကြုံတွေ့ခဲ့ရသည်။

သို့သော်.... တစ်နေ့တွင် သူမအတွက် ကံကောင်းစေမည့်အကြောင်းတစ်ရပ်ဖန်လာ၏။ သူမအနေဖြင့် ထိုနေ့အား သူမအတွက် ကောင်းကင်ဘုံမှတမင်သက်သက် ဖန်ဆင်းပေးခဲ့လေသလားဟုပင် ထင်မှတ်မိလေသည်။

တစ်ခုသောနေ့တစ်နေ့တွင်ဖြစ်သည်။ ထိုနေ့က ချောင်စန်းနှင့်အိဟုန်တို့သည် လူနှစ်ယောက်အား စခန်းသို့ဖမ်းခေါ်လာကြ၏။ ယောကျ်ားပျိုတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်ဖြစ်သည်။

သူတို့တွင် မည်သည့်အပြစ်ရှိမှန်းတော့မသိချေ။

ချောင်စန်းနှင့်အိဟုန်တို့က ထိုနှစ်ယောက်လုံးအားသုတ်သင်ပစ်လိုက်ကြသည်။ ထို့နောက် ပင်ကုလန်က အလောင်းများအား ယူဆောင်ကာတောထဲသို့ဝင်လာခဲ့၏။

ငယ်ငယ်ရွယ်ရွယ်နှင့် အဖြစ်ဆိုးကြုံရသူနှစ်ယောက်ကို သူမ သနားမိသည်။ ကိုယ်ချင်းလည်းစာနာမိသည်။ ထို့ကြောင့် အလောင်းများကို တောထဲတွင် သည်အတိုင်းပစ်မထားရက်ပေ။

ကောင်းမွန်စွာမြေမြှုပ်သင်္ဂြိုဟ်ပေးရန် ဆုံးဖြတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမထံတွင် မြေတူးရန်ဓားမပါလာချေ။

အကြောင်းကား.... ချောင်စန်းတို့က အလောင်းများအား တောထဲတွင် ဒီအတိုင်းပစ်ထားခိုင်းခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။

သူမ မည်သို့လုပ်ရမည်မှန်းမသိဖြစ်နေစဉ် ဂူဝတစ်ခုအား မမျှော်လင့်ဘဲတွေ့လိုက်ရသည်။ သူမ စိတ်ဝင်စားလာပြီး ကျောက်ဂူထဲသို့ဝင်ကြည့်မိလိုက်သည်။ ကျောက်ဂူမှာ အဝကျဉ်းသော်လည်း အထဲတွင်အတော်ပင်ရှည်လျားလှသည်။

ဂူ၏အတွင်းဘက်တစ်နေရာတွင် ဓားတစ်ချောင်းနှင့်လူအရိုးစုတစ်ခုကို ပင်ကုလန်တွေ့လိုက်ရ၏။

သူမ ဝမ်းသာအားရဖြစ်သွားပြီး အလောင်းများကိုကျောက်ဂူထဲသို့ယူလာခဲ့သည်။ ထို့နောက် အလောင်းများနှင့်အရိုးစုကို မြှုပ်နှံရန် ဓားဖြင့်ကျင်းနက်နက်တူးလိုက်၏။

ထိုသို့တူးရင်းနှင့်ဓားမှာ မြေကြီးထဲမှမာကျောသောအရာတစ်ခုနှင့်ထိမိသည်ကိုသိရှိလိုက်သည်။ ပင်ကုလန် အံ့သြသွားပြီး ထိုအရာကိုတူးဖော်ကြည့်လိုက်သည်။

ထိုအခါ မြေကြီးထဲမှ ကျောက်သေတ္တာတစ်လုံးထွက်ပေါ်လာသည်ကိုတွေ့ရလေသည်။ သူမက ကျောက်သေတ္တာကိုအသာထားပြီး အလောင်းများနှင့်အရိုးစုကိုကောင်းမွန်စွာမြှုပ်နှံလိုက်၏။



ပြီးမှ.... ကျောက်သေတ္တာအားဖွင့်ကြည့်လိုက်သည်။

ကျောက်သေတ္တာထဲတွင် ရွှေငွေကျောက် မျက်ရတနာများနှင့်စာအုပ်တစ်အုပ်ကိုတွေ့ရ၏။

ယင်းစာအုပ်မှာ အဆိပ်ပဒေသာကျမ်းဖြစ်သည်။ အဆိပ်ပဒေသာကျမ်းတွင် အဆိပ်မျိုးစုံပြုလုပ်နည်းများသာမက ဖြေဆေးဖော်စပ်နည်း၊ အဆိပ်ဖြေကုသနည်းများပါဝင်၏။

စာအုပ်၏နောက်ဆုံးစာမျက်နှာအရောက်တွင် ပင်ကုလန်၏မျက်လုံးအစုံမှာ အရောင်တောက်ပလာသည်။

အကြောင်းကား သူမကို ဒုက္ခတွင်းမှရုန်းမထွက်နိုင်အောင် ချုပ်ကိုင်ထားသည့်ထပ်ဆင့်အဆိပ်ဖြေဆေးအား အပြီးအပြတ်ချေဖျက်နည်းကိုမြင်လိုက်ရခြင်းကြောင့်ဖြစ်သည်။

ပင်ကုလန်မှာ ဝမ်းသာလွန်းမကဝမ်းသာသွား၏။

သူမသည် ရတနာသေတ္တာကို ထိုဂူထဲ၌ပင် မြှုပ်နှံထားလိုက်ပြီး အဆိပ်ပဒေသာကျမ်းစာအုပ်ကို သူ၏ခန္ဓာကိုယ်၌ဝှက်လိုက်သည်။ သူမအဖို့ ရတနာထက် အဆိပ်ပဒေသာကျမ်းက ပို၍အဖိုးတန်သည် မဟုတ်ပါလား။

ပင်ကုလန်သည် အဆိပ်ပဒေသာကျမ်းကို ကိုယ်နှင့်မကွာဆောင်ထား၏။ အချိန်ရတိုင်း တိတ်တဆိတ်လေ့လာလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် သိုင်းပညာအခြေကောင်းသူတစ်ယောက်ဖြစ်၏။ ဦးနှောက်ကောင်းပြီး ဉာဏ်ထက်မြက်သူလည်းဖြစ်သည်။

ထို့ပြင် ဓွဲလုံ့လဝီရိယလည်းရှိသည်။ ထို့ကြောင့် ခြောက်လမျှကြိုးစားလေ့လာပြီးသည့်အခါတွင် မိမိကိုယ်တွင် သင့်နေသည့်ထပ်ဆင့်အဆိပ်ဖြေဆေးကို လုံးဝပြေပျောက်သွားအောင် ကုသနိုင်ခဲ့လေတော့သည်။

ဤတွင် ပင်ကုလန်အဖို့ အချိန်ကြာမြင့်စွာကြိတ်မှိတ်စောင့်စားနေခဲ့ရသည့်အလုပ်များကို စတင်လုပ်ဆောင်တော့သည်။

ပင်ကုလန်သည် ချောင်စန်းနှင့်အိဟုန်တို့အားပြန်လည်တိုက်ခိုက်သည်။ သူမ၏သိုင်းပညာစွမ်းမှာ အတော်ပင်ထက်မြက်သည်။ ထို့ပြင် နာကြည်းစိတ်ဒေါသစိတ်တို့ဖြင့် အပြင်းအထန်တိုက်ခိုက်သဖြင့် ကြောက်စရာကောင်းလှသည်။

ချောင်စန်းနှင့် အိဟုန်တို့၏သိုင်းပညာမှာ ပင်ကုလန်ကိုမမီချေ။ ထို့ကြောင့် နောက်ဆုံးတွင် ချောင်စန်းနှင့်အိဟုန်တို့ အရေးနိမ့်သွားကြရတော့သည်။

ပြင်းထန်ရက်စက်သောတိုက်ပွဲအပြီးတွင် ချောင်စန်းနှင့်အိဟုန်တို့မိုက်ဇာတ်သိမ်းသွားခဲ့ရလေသည်။ ပင်ကုလန်မှာ နာကြည်းသည့်ချောင်စန်းတို့ကို ကောင်းစွာလက်စားချေလိုက်ရပြီဖြစ်သည်။



သို့သော်... သူမမှာလည်း ကြီးမားသောဆုံးရှုံးမှုတစ်ရပ်နှင့်ရင်ဆိုင်လိုက်ရသည်။

အကြောင်းကား ပင်ကုလန်၏မျက်နှာမှာ အိဟုန်၏အဆိပ်လက်နက်တစ်ခုထိမှန်ခံရပြီး လောင်ကျွမ်းပျက်စီးသွားသောကြောင့်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပင်ကုလန်သည် အချုပ်အနှောင်ဒုက္ခတွင်းမှလွတ်မြောက်သွားခဲ့ရပြီဖြစ်သည်။

ယင်းကြောင့် ပတ္တမြားဂူသို့ပြန်လိုလျှင်လည်း ပြန်နိုင်ပြီဖြစ်သည်။ သို့သော်... ပင်ကုလန်မှာ မွေးစားမိဘများထံ ပြန်မသွားလိုတော့ချေ။ မိမိ၏မိုက်ပြစ်များကြောင့် မွေးစားမိဘများကိုမျက်နှာပြရန်ရှက်နေမိသည်။

ထို့ပြင် အချိန်ကြာမြင့်စွာဖိနှိပ်မှုကိုခံခဲ့ရသည့်အတွက် သူမ၏စိတ်ဓာတ်များမှာလည်း ပြောင်းလဲနေပြီဖြစ်သည်။

ပင်ကုလန်၏စိတ်ဓာတ်များမှာ ခက်ထန်နေသည်။

မာကျောနေ၏။ ကြမ်းကြုတ်နေ၏။ ဤသို့ဖြင့် ပင်ကုလန်မှာ မိုက်ဇာတ်သိမ်းသွားသည့်ချောင်စန်းနှင့်အိဟုန်တို့၏နေရာကိုဆက်ခံလိုက်လေသည်။

ထို့နောက် စိတ်ထင်တိုင်းဆိုးသွမ်းရမ်းကားတော့သည်။

သူမသည် အတင့်ရဲစွာလုယက်တိုက်ခိုက်လာပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ခန့်အကြာတွင် ဆေးပညာအလွန်အစွမ်းထက်သည့် အတုမဲ့သမားတော်ကြီးတစ်ဦးနှင့် ပင်ကုလန်တွေ့ဆုံခဲ့ရသည်။

ယင်းသမားတော်ကြီးက သူ၏ဆေးပညာစွမ်းဖြင့် သူမ၏ ပျက်စီးရုပ်ဆိုးနေသည့်မျက်နှာကိုကုသပေးခဲ့သည်။

သို့သော် ပင်ကိုယ်ရုပ်ရည်ကိုမူ ပြန်မရနိုင်တော့ပေ။

ဒုစရိုက်နွံ့ထဲတွင်ကျင်လည်နေရင်း ရှင်မင်မြို့ဘက်သို့ သူမ ရောက်ရှိလာသည်။ အကြောင်းကား ဒုစရိုက်နယ်မြေချဲ့ထွင်ခြင်းပင် ဖြစ်သည်။ ရှင်မင်မြို့နယ်ပယ်ဒေသတွင် ငါးမန်းဖြူဂိုဏ်းမှ လုယက်တိုက်ခိုက်မင်းမူနေလျက်ရှိသည်။

ငါးမန်းဖြူဂိုဏ်း၏ခေါင်းဆောင်မှာ ငါးမန်းဖြူတိုးစိန် ဖြစ်သည်။ ပင်ကုလန်က ငါးမန်းဖြူဂိုဏ်းနှင့်ပူးပေါင်းလိုက်သည်။

ခြောက်လကျော်မျှ ပူးပေါင်းတိုက်ခိုက်ခဲ့ကြပြီးနောက် ပင်ကုလန်နှင့်တိုးစိန်တို့ အင်အားပြိုင်ဆိုင်လာကြ၏။

နောက်ဆုံးတွင်.... ပင်ကုလန်နှင့်တိုးစိန်တို့ တစ်ယောက်ချင်း စိန်ခေါ်တိုက်ခိုက်ကြတော့သည်။ ထိုအခါ သိုင်းပညာထက်မြက်သည့် ပင်ကုလန်ကတိုးစိန်ကိုအနိုင်ရရှိခဲ့သည်။

တိုးစိန်၏လက်အောက်မှ ငါးမန်းဖြူဂိုဏ်းသားများသည် ပင်ကုလန်ထံသို့ ခိုဝင်လာကြသည်။



ဤသို့ဖြင့် ပင်ကုလန်သည် ငါးမန်းဖြူဂိုဏ်းအား ရေနဂါးဂိုဏ်းဟု အမည်ပြောင်းလိုက်သည်။

မိမိကိုယ်မိမိလည်း ရေနဂါးဒေဝီဟုအမည်ခံယူလိုက်၏။

ပင်ကုလန်ခေါင်းဆောင်မှုဖြင့် ရေနဂါးဂိုဏ်းမှာ အတင့်ရဲစွာ လုယက်တိုက်ခိုက်ခဲ့ကြသည်။ ရေနဂါးဂိုဏ်းမှာ ရှင်မင်မြို့နယ်တစ်ဝိုက်တွင်နာမည်ကျော်ကြားလာခဲ့သည်။

ရှင်မင်မြို့တော်ဝန်က ဒုစရိုက်နှိမ်နင်းရေးတပ်ဖွဲ့စေလွှတ် နှိမ်နင်းခဲ့သော်လည်း ရေနဂါးဂိုဏ်းမှာငြိမ်သက်မသွားပါချေ။ ပို၍ပင် ဆိုးသွမ်းလာခဲ့သည်။

ထိုအခါ ရှင်မင်မြို့တော်ဝန်က ခွန်စန်းမြို့တော်ဝန်အား ဖုန်းလှေကိုစေလွှတ်ပေးပါရန် အကူအညီတောင်းခံခဲ့သည်။ ခွန်စန်းမြို့တော်ဝန်ကလည်း ဖုန်းလှေအား ရှင်မင်မြို့တော်သို့စေလွှတ်ပေးခဲ့လေသည်။

ဖုန်းလှေ၏တိုက်ခိုက်မှုကြောင့် ရေနဂါးဂိုဏ်း၏ဒုဂိုဏ်းချုပ် တိုးစိန်သေဆုံးခဲ့ရသည်။

ထို့ပြင် ရေနဂါးဂိုဏ်းမှာလည်း အတော်ပင်အထိနာခဲ့ရ၏။

ယင်းကြောင့်... ရေနဂါးဒေဝီသည် ဖုန်းလှေအား ရန်ငြိုးဖွဲ့ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလွှေအား လက်တုံ့ပြန်နိုင်ရေးအတွက် သူမက အကွက်ချစီစဉ်ခဲ့သည်။ ပထမအနေဖြင့် ဖုန်းလွှေအား ငါးမန်းဖြူအဖွဲ့မှတိုးစိန်ကိုသတ်ဖြတ်ခဲ့မှုမှာ မသင့်တော်သည့်လုပ်ရပ်ဖြစ်ကြောင်း စာရေးတိုင်ကြားခဲ့သည်။

ဒုတိယအနေဖြင့် ဖုန်းလွှေရာထူးမှပယ်ရှားခြင်းခံရအောင် သက်ဆိုင်ရာများအား ငွေငွေများပုံပေးခဲ့သည်။

တတိယအနေဖြင့်.... ရာထူးပြုတ်ပြီး ခွန်စန်းမြို့သို့ ပြန်လာသည့်ဖုန်းလွှေအား လမ်းမှဖြတ်၍တိုက်ခိုက်ဖမ်းဆီးရန်စီစဉ်ခဲ့သည်။

ရေနဂါးဒေဝီအနေဖြင့် ခွန်စန်းမြို့စားဖုန်းလွှေမှာ မိမိနှင့်သိုင်းပညာသင်ဘက်ဖုန်းလွှေဖြစ်မည်ဟု လုံးဝမထင်မှတ်ခဲ့ပါ။

နာမည်တူသူများဟု ထင်မှတ်ခဲ့သည်။

သို့သော် ကိုယ်တိုင်ကိုယ်ကျမြင်ရသည့်အခါမှ ဖုန်းလွှေသည် မိမိနှင့်သိုင်းသင်ဘက်ဖြစ်ကြောင်းသိရှိခဲ့ရ၏။

ရေနဂါးဒေဝီသည် ဖုန်းလွှေနှင့်ပြန်လည်ဆုံတွေ့ရသည့်အခါတွင် အလွန်ဝမ်းသာသွားသည်။

သို့သော်... သူမကဟန်ဆောင်ကာ မသိသလိုနေခဲ့သည်။

ရေနဂါးဒေဝီမှာ မိမိ၏မိုက်ပြစ်များကြောင့် ဖုန်းလွှေကိုမျက်နှာမပြရဲအောင်ပင် ဖြစ်နေရသည်။



ယင်းကြောင့်.... မိမိကိုယ်မိမိ ပင်ကုလန်ပါဟု ဖွင့်မပြောဘဲနေခဲ့၏။

သို့သော် သူမအနေဖြင့် ဖုန်းလွှေအား ဒုတိယအကြိမ် ထပ်မံအဆုံးရှုံးမခံနိုင်ပေ။ ယင်းကြောင့်.... မိမိ၏ငယ်ချစ်နှင့်ပေါင်းသင်းနိုင်ရန်အတွက် မိမိ၏မိုက်ပြစ်များကိုဝန်ချတောင်းပန်ရန် ဆုံးဖြတ်လိုက်လေသည်။

****

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)
## မေတ္တာတရားအိသက်သေ

အရှေ့ဘက်မိုးကုပ်စက်ဝိုင်းတွင် နေဝန်းနီထွက်ပေါ်လာပြီဖြစ်သည်။ နေခြည်နုနုက ကမ္ဘာမြေပြင်ပေါ်သို့ ဖြာကျနေ၏။

ယင်းကြောင့် နှင်းမှုန်များပျောက်ကွယ်သွားသည်။

နှင်းရည်စိုစွတ်သောသစ်ပင်ပန်းမာလ်တို့မှာ နေရောင်ခြည်အောက်တွင်လှပဝေဆာနေသည်။ ပန်းရနံ့များမှာ အခန်းတွင်းသို့တစ်ချက်တစ်ချက်တိုးဝင်လာသည်။

သို့သော်... အခန်းထဲမှလူသားနှစ်ဦးမှာ ပန်းရနံ့များကို ဂရုစိုက်မိကြပုံမပေါ်ချေ။ အတွေးကိုယ်စီဖြင့်ငြိမ်သက်နေသည်။

ထိုလူနှစ်ဦးမှာ ဖုန်းလွှေနှင့်ရေနဂါးဒေဝီတို့ပင်ဖြစ်၏။

ရေနဂါးဒေဝီမှာ သူ၏အဖြစ်အပျက်များကိုရှင်းလင်းပြောပြပြီးသွားပြီဖြစ်သည်။



သူမက ခေါင်းကိုငုံ့ကာငြိမ်သက်စွာထိုင်နေ၏။

ဖုန်းလွှေမှာလည်းငေးငိုင်နေသည်။

ဖုန်းလွှေသည် ပင်ကုလန်အတွက် အလွန်ပင်စိတ်ထိခိုက်နေ၏။ သူ့အနေဖြင့် သူမအားမေ့ပျောက်သွားခြင်းမရှိပါ။ ပညာသင်ဘက်အစ်မအဖြစ် အစဉ်အမြဲသတိရနေခဲ့၏။

ထို့ပြင်.... ယခုလို ဒုစရိုက်ခေါင်းဆောင်တစ်ယောက်အဖြစ် ပင်ကုလန်ကိုမြင်ရလိမ့်မည်ဟု ဖုန်းလွှေမထင်ခဲ့ပါ။

သူသည် သူမအားဒုစရိုက်နွံထဲမှဆွဲခေါ်ထုတ်သွားချင်မိ၏။

သို့သော် ထိုသို့ခေါ်ထုတ်သွားရန်မှာလည်း....

ယင်းအခိုက် နဂါးဒေဝီ၏စကားသံထွက်ပေါ်လာသည်။

"ကျွန်မဟာ လမ်းမှားကိုစွန့်ချင်နေပါပြီ၊ ပြီးတော့ အမှန်အတိုင်းပြောရရင် ရှင့်ကိုယ်စဉ်ကတည်းက မေတ္တာရှိနေခဲ့ပါတယ်၊ ဒီတော့ ရှင့်အနေနဲ့စောစော ကျွန်မပြောတာကိုလက်ခံမယ်ဆိုရင် ကျွန်မ ဒုစရိုက်လုပ်ငန်းကိုလဲကျောခိုင်းပြီးစွန့်လွှတ်မယ်၊ ရှင့်ကိုလဲ မူလရာထူးပြန်ရအောင်စီစဉ်ပေးမယ်... ဘယ်လိုလဲ"

ဖုန်းလွှေက သူမကိုဆတ်ခနဲကြည့်လိုက်သည်။ သို့သော်မည်သည့်စကားမျှပြန်မပြောပေ။

ပင်ကုလန် မျက်နှာကွက်ခနဲပျက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် သူ့အားနာကျင်ကြေကွဲသည့်မျက်လုံးအစုံဖြင့် စိုက်ကြည့်ကာမေးလိုက်သည်။

"ရှင်နဲ့ကျွန်မက သူစိမ်းတွေမဟုတ်ကြပါဘူး။ ဘာလဲ ကျွန်မက ဘဝပျက်ခဲ့တဲ့မိန်းကလေးမို့ ရှင်မသတီတာလား"

သူက ပျာပျာသလဲပင်ပြောလိုက်သည်။

"ဟာ... မဟုတ်ပါဘူး၊ ဒါကြောင့်မဟုတ်ပါဘူး"

သူမက မျက်မှောင်ကြုတ်လိုက်သည်။

"ဒါဆိုရင် ရှင်က ဘာဖြစ်လို့ ဒီမလာက်တောင် ဝန်လေးနေရတာလဲ၊ ကျွန်မကို ဘာဖြစ်လို့ဒုတိယဇနီးအဖြစ်နဲ့တောင် လက်မထပ်နိုင်ရတာလဲ"

သူသက်ပြင်းချလိုက်သည်။

"ဒါကို ကျွန်တော်ပြောပြီးပြီပဲလေ.... ကျွန်တော့်ဇနီးအပေါ် ကျွန်တော်သစ္စာမဖောက်ချင်ပါဘူးလို့"

သူမက မချိတင်ကဲပြုံးလိုက်သည်။

"ကောင်းပြီလေ... ရှင့်ဇနီးနဲ့တိုင်ပင်ကြည့်ဦးပေါ့"

သူက မည်သည့်စကားမျှပြန်မပြောချေ။ ထိုင်နေရာမှ လေးလေးပင်ပင်ထလိုက်သည်။ ထို့နောက် အခန်းဝသို့လျှောက်သွားလိုက်သည်။



ပင်ကုလန်က ဟန့်တားခြင်းမပြုပါ။ သူ တံခါးဝသို့ရောက်မှ ပင်ကုလန်က လှမ်း၍သတိပေးစကားပြောလိုက်သည်။

"စဉ်းစားဖို့အချိန်ကသိပ်မရှိဘူးနော်၊ ဒီနေ့မွန်းတည့်ကို ရောက်ရင် ချီစီဖူတို့ကရှင့်ကိုအသေသတ်ကြလိမ့်မယ်၊ ဒီတော့ အဖြေ အမြန်ဆုံးရအောင်စဉ်းစားထား"

သူက သူမအားလှည့်မကြည့်တော့ပါ။

အခန်းထဲမှလှမ်းထွက်လိုက်သည်။ ထို့နောက် နှေးကွေးလေးလံသည့်ခြေလှမ်းများဖြင့် ရှောင်မေဝါးထံသို့ပြန်လာခဲ့သည်။

သူ၏စိတ်ထဲတွင်....

"နေမွန်းတည့်ချိန်ရောက်ရင် ဒီစခန်းပြိုကွဲသွားတော့မှာပါ"

ဟုရေရွတ်လိုက်သည်။

ဖုန်းလွေမှာ ရေနဂါးအဖွဲ့၏အကျဉ်းသားတစ်ယောက်ဖြစ်သည်။ သူ့အနေဖြင့် အင်အားကြီးမားလှသောရေနဂါးအဖွဲ့ကို မည်သို့ဖြိုခွဲနိုင်ပါမည်နည်း။

****

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလွေတွင် ကြီးမားသည့်လျှို့ဝှက်ချက်တစ်ခုရှိသည်။

ထိုလျှို့ဝှက်ချက်သည် ဖုန်းလွေတို့ရာဇဝင်တိမ်နစ်နင်းရေးတွင် အလွန်အရေးကြီးသည့်လျှို့ဝှက်ချက်တစ်ခုဖြစ်သည်။

ယင်းကြောင့် သူ၏ဇနီးရှောင်မေဝါးကိုပင် အသိပေးခြင်းမပြုခဲ့ပါ။ ရေနဂါးဒေဝီက ဖုန်းလွေအားရာထူးမှပြုတ်ကျအောင် တာဝန်ရှိသူများကို ရွှေငွေများပုံပေးခဲ့သည်မှာမှန်သည်။

တာဝန်ရှိသူများကလည်း ထိုရွှေငွေများအားလက်ခံခဲ့သည်မှာမှန်သည်။

သို့သော် တာဝန်ရှိသူများက လာဘ်စားခြင်းမဟုတ်ပါ။

ယင်းကြောင့် ဖုန်းလွေလည်း ရာထူးမှမပြုတ်ခဲ့ပါ။

အမှန်တွင်.... ရေနဂါးအဖွဲ့ကိုအပြီးအပြတ်နှိမ်နင်းရန် သက်ဆိုင်ရာနှင့်ပူးပေါင်း၍ပရိယာယ်ဆင်ခဲ့ခြင်းသာဖြစ်သည်။

သို့မှသာ ရေနဂါးအဖွဲ့၏ဥပဒေတွင်း ဥပဒေပအဆက်အသွယ်များကိုဖော်ထုတ်နိုင်မည်မဟုတ်ပါလား။

****



ရေနဂါးဂိုဏ်းအား အပြီးတိုင်ဖြိုခွင်းနိုင်ရန်အတွက် ဖုန်းလွေက ရာထူးမှပြုတ်ကျသည့်အနေဖြင့်ဟန်ဆောင်ကာ ခွန်စန်းဖြိုးသို့ ပြန်ရန် ရုတ်တရက်စီစဉ်လိုက်၏။

ထိုသတင်းကို ရေနဂါးဂိုဏ်းမှကြားသိသောအခါ ဖုန်းလွေအား လမ်းမှဖမ်းဆီးခေါ်ဆောင်သွားရန်စီစဉ်ကြသည်။

ဤသည်ကိုလည်း သက်ဆိုင်ရာများကသိထားကြသည်။

ယင်းကြောင့် ဖုန်းလွေတို့စီးလားသောလှေကြီးပေါ်တွင် လျှို့ဝှက်အထောက်တော်များကိုထည့်ပေးလိုက်ကြသည်။

ထို့ပြင်.... ကမ်းစပ်မှလည်း လျှို့ဝှက်မြင်းသည်တော်များကို တိတ်တဆိတ်စောင့်ကြည့်လိုက်ပါလာစေ၏။

ဤသို့ဖြင့် ဖုန်းလွေကို ဖမ်းဆီးခေါ်ဆောင်သွားရာနောက်မှ နောက်ယောင်ခံလိုက်၍ထောက်လှမ်းကာ လျှို့ဝှက်လှသော ရေနဂါးဂိုဏ်း၏ဌာနချုပ်စခန်းကိုဖော်ထုတ်ချေမှုန်းရန် တန်ပြန်စီစဉ်ကြလေသည်။

ထိုအစီအစဉ်အရဆိုလျှင်....

ယနေ့မွန်းလွဲပိုင်းမတိုင်မီတွင်.... သက်ဆိုင်ရာများက ရေနဂါးဂိုဏ်းဌာနချုပ်စခန်းသို့ဝင်ရောက် စီးနင်းတိုက်ခိုက်ကြတော့မည်ဖြစ်၏။

www.burmeseclassic.com

ယင်းကြောင့် ဖုန်းလွေ့အနေဖြင့် ချိစီဖူတို့၏အစီအစဉ်ကို ကြောက်စရာမလိုတော့ချေ။

သို့သော်.... ဖုန်းလွေ့မှာ အခက်အခဲတစ်ခုဖြင့် ရင်ဆိုင်နေရသည်။ ယင်းအခက်အခဲမှာ ရေနဂါးဒေဝီကို ဒုစရိုက်နွံထဲမှအချိန်မီဆွဲထုတ်နိုင်ဖို့ပင်ဖြစ်၏။

ရေနဂါးဒေဝီအား.... ဒုစရိုက်နွံထဲမှ အချိန်မီဆွဲထုတ်နိုင်ရန် ဖုန်းလွေ့က သူမအားလက်ထပ်ရပေလိမ့်မည်။

သို့သော် ဖုန်းလွေ့အနေဖြင့် ရေနဂါးဒေဝီအား မည်သည့်နည်းနှင့်မျှလက်မထပ်နိုင်ပေ။ သည်အတွက် ဖုန်းလွေ့မှာ အကြံရခက်နေလေသည်။ အားလုံးအဆင်ပြေအောင် မည်ကဲ့သို့လုပ်ဆောင်ရပါမည်နည်း။

****



ဖုန်းလွေ့သည် နေ့ကွေးလေးလံသောခြေလှမ်းများဖြင့် အိမ်ကလေးရှိရာသို့ပြန်လာခဲ့၏။ အိမ်တံခါးဝတွင် ရှောင်မေဝါးက သူ့အား စောင့်ကြိုနေလေသည်။

သူမက ခင်ပွန်းဖြစ်သူအား အကဲခတ်လိုက်၏။

ဖုန်းလွေ့၏မျက်နှာမှာ မသာယာချေ။ တစ်စုံတစ်ခုကြောင့် စိတ်မကောင်းဖြစ်နေပုံရသည်။

သူ၏မျက်လုံးအစုံမှာ မှုန်မှိုင်းနေ၏။

ရှောင်မေဝါး ရင်ထိတ်သွားသည်။

သူမက ခင်ပွန်းသည်အားအလောတကြီးမေးလိုက်သည်။

"အစ်ကိုကို ရေနဂါးဒေဝီဘာပြောလိုက်သလဲဟင်"

ဖုန်းလွေ့ကအကြောင်းစုံပြောပြလိုက်သည်။

သို့သော် အကြောင်းတစ်ခုကိုတော့ထည့်မပြောဘဲ ထိန်ချန်ထားလိုက်၏။ ရေနဂါးဒေဝီမှာ မိမိနှင့်ငယ်စဉ်က သိုင်းပညာအတူတူသင်ခဲ့သည့် ပင်ကုလန်ဆိုသည့်အကြောင်းပင်ဖြစ်၏။

ယခုလောလောဆယ်တွင် ရှောင်မေဝါးအား ဤအကြောင်းကိုထုတ်ဖော်မပြောသင့်ဟု ဖုန်းလွေ့ယူဆထားသည်။

ယင်းကြောင့် ဖုန်းလွေ့က ထိန်ချန်လျှို့ဝှက်ထားခြင်းဖြစ်၏။

သို့သော် ....

www.burmeseclassic.com



သူ့အနေဖြင့် တစ်ချိန်ချိန်တွင် ရှောင်မေဝါးအား ထုတ်ဖော်ပြောပြရန် စိတ်ကူးထားပေသည်။

ရှောင်မေဝါးမှာ ဖုန်းလွေပြောပြသောစကားများကြောင့် ဆန့်ကျင်ဘက်ခံစားမှုတစ်ရပ်ကို တစ်ပြိုင်နက်တည်းခံစားလိုက်ရ၏။

ယင်းခံစားချက်နှစ်ရပ်မှာ ဝမ်းသာခြင်းနှင့်ဝမ်းနည်းခြင်းပင် ဖြစ်သည်။ ရှောင်မေဝါးမှာ ခင်ပွန်းဖြစ်သူက မိမိအပေါ်ထားရှိသော မေတ္တာတရားနှင့်စောင့်သိသောသစ္စာတရားတို့ကြောင့် ကြည်နူးဝမ်းသာစွာ ခံစားရ၏။

အလားတူပင် ထိုမေတ္တာတရားနှင့်သစ္စာတရားတို့ကြောင့်ပင် ဖုန်းလွေအသက်စွန့်လွှတ်ရတော့မည်ကိုတွေးကာ ပူဆွေးဝမ်းနည်းမိလေသည်။

ယင်းကြောင့် သူမက ငိုရှိုက်ကာပြောလိုက်သည်။

"ကျွန်မအပေါ် ချစ်မြတ်နိုးတဲ့စိတ်ကြောင့် အစ်ကိုဟာ ဘဝတက်လမ်းနဲ့အသက်ကိုစွန့်လွှတ်ရတော့မယ်နော်"

သက်ဆိုင်ရာများ၏လျှို့ဝှက်စွာစီစဉ်ထားသော အစီအစဉ်ကို ရှောင်မေဝါးမသိပေ။

ထို့ကြောင့် ဤသို့ပြောဆိုလိုက်ခြင်းဖြစ်သည်။

ဖုန်းလွေက သူမအားနှစ်သိမ့်လိုက်၏။



"ကိစ္စမရှိပါဘူးမေဝါးရယ်၊ ဒီအန္တရာယ်က အစ်ကိုတို့လွတ်ကြမှာပါ"

ယင်းအခိုက် အိမ်ကလေးထဲသို့လူသုံးယောက်ပြေးဝင်လာသည်ကိုတွေ့လိုက်ကြရလေသည်။

ကျော့ပွတ်သိုင်းသမားကောင်းရှန်...

ရဲတင်းသိုင်းသမားကောင်းလီ...

လုံ့ရှည်သိုင်းသမားကောင်းဆုတို့သုံးယောက် အိမ်ကလေးထဲသို့ပြေးဝင်လာကြ၏။

အိမ်ထဲသို့ရောက်သည်နှင့် သူတို့သုံးယောက်က ဖုန်းလွေတို့ဇနီးမောင်နှံအား အတင်းဝင်ရောက်တိုက်ခိုက်ကြတော့သည်။

ဖုန်းလွေရင်ထိတ်သွား၏။

သူသည် အခြေအနေမဟန်ကြောင်း ချက်ချင်းပင်ရိပ်မိလိုက်လေသည်။

ချိန်းဆိုထားသည့်အစီအစဉ်အရ သက်ဆိုင်ရာတပ်ဖွဲ့များက မှန်းတည့်ချိန်တွင် ဤစခန်းသို့ဝင်ရောက်စီးနင်းတိုက်ခိုက်ကြမည်ဖြစ်၏။ အကယ်၍ မှန်းတည့်ချိန်ရောက်မှရေနဂါးဂိုဏ်းသားများက သူတို့အား ရန်မူတိုက်ခိုက်လာမည်ဆိုလျှင် ဖုန်းလွေအဖို့ ဂရုစိုက်စရာမလိုချေ။

www.burmeseclassic.com

www.burmeseclassic.com



ချိုစီဖူတို့က မှန်းတည့်ချိန်ရောက်မှ အန္တရာယ်ပြုကြမည်ဟု ရေနဂါးဒေဝီထံမှ ဖုန်းလှေသိရှိခဲ့ရသည်။ သို့သော် ယခုတွင်မူ ချိုစီဖူတို့လူသုံးယောက်က လာရောက်တိုက်ခိုက်နေကြပြီဖြစ်၏။

ဖုန်းလှေ စဉ်းစားရခက်သွားသည်။

ရေနဂါးဒေဝီကပင် မိမိအား သတင်းမှားကိုပြောခဲ့ခြင်းဖြစ်လေမည်လား။

သို့မဟုတ် ချိုစီဖူတို့လူစုကပဲ အချိန်စောစွာတိုက်ခိုက်လေသလား။

အချိန်စော၍တိုက်ခိုက်ကြသည်ဆိုလျှင် မိမိနှင့်ရေနဂါးဒေဝီတို့ပြောသောစကားများကို သိရှိသွားခြင်းကြောင့်ဖြစ်ပေလိမ့်မည်။

ဤသို့ဆိုလျှင် ရေနဂါးဒေဝီအနေဖြင့် ဘေးအန္တရာယ်ကင်းပါမည်လား။

ဖုန်းလှေသည် ရေနဂါးဒေဝီအတွက် စိုးရိမ်ပူပန်သွားမိ၏။

သို့သော် ..... သိပ်ကြာကြာတော့ တွေးတောပူပန်မနေအားပါ။ ရှောင်မေဝါး၏ရှေ့တွင်ပိတ်ရပ်ကာ ကောင်းရန်တို့သုံးယောက်ကို ရင်ဆိုင်လိုက်ရလေသည်။

ဓနီးဖြစ်သူရှောင်မေဝါးမှာ သိုင်းပညာတတ်မြောက်ထားသူမဟုတ်ပါ။



မည်သို့မျှ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်စွမ်းရှိသည်မဟုတ်ချေ။ ထို့ကြောင့်... ဖုန်းလှေသည် သူမရှေ့မှရပ်ကာ အကာအကွယ်ပေးထားရခြင်းဖြစ်ပေသည်။

ကောင်းရန်တို့သုံးယောက်သည် မိမိတို့၏လက်စွဲတော်လက်နက်များကို ကိုယ်စီကိုင်ဆောင်ထားကြ၏။

ကောင်းရန်ကကျာပွတ် ကောင်းလီကရဲတင်း ကောင်းဆုကလှံရှည် သုံးယောက်စလုံးမှာ မိမိတို့ကိုင်ဆောင်ထားသော လက်နက်အသီးသီးကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချ၍ ဖုန်းလှေအား တိုက်ခိုက်လာကြလေသည်။

ဖုန်းလှေမှာမူကား လက်နက်မဲ့ဖြစ်နေ၏။

ထို့ပြင် သိုင်းပညာတတ်မြောက်ခြင်းမရှိသောဓနီးသည်ကိုလည်း အကာအကွယ်ပေးနေရသေးသည်။ ယင်းကြောင့် သူ့အနေဖြင့် လွတ်လွတ်လပ်လပ်တိုက်ခိုက်ခြင်းမပြုနိုင်ပေ။

အကယ်၍ သူတစ်ယောက်တည်းသာ လွတ်လွတ်လပ်လပ်တိုက်ခိုက်ရမည်ဆိုလျှင် ကောင်းရန်တို့အား အနိုင်မယူနိုင်သည့်တိုင် ကောင်းစွာတန်ပြန်တိုက်ခိုက်ပြီး ထိုးဖောက်ထွက်ခွာသွားနိုင်မည်ဖြစ်သည်။

သို့သော် ယခုတွင်မူ ဓနီးသည်ကိုငဲ့ညှာနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓနီးသည်အပေါ်အန္တရာယ်မကျရောက်ရန် အကာအကွယ်ပေးနေရ၏။ ထို့ကြောင့် ဖုန်းလွေသည် ရန်သူများကိုတိုက်ခိုက်ရန်ထက် ရောင်မေဝါးရှေ့တွင်သာရပ်ပြီး အကာအကွယ်ပေးတိုက်ခိုက်နေရလေသည်။

နေရာအရွှေ့အပြောင်း သိပ်မလုပ်နိုင်သောကြောင့် သိုင်းကွက်ကိုစိတ်ကြိုက်ထုတ်ဖော်တိုက်ခိုက်နိုင်ခြင်းမရှိပေ။

သူသည် ရင်ဆိုင်တိုက်ခိုက်နေရသည့်ရန်သူသုံးယောက်ကို အကဲခတ်ကြည့်လိုက်၏။ ကျားပွတ်နှင့်လှံရှည်တို့ကို ကိုင်ဆောင်သည့် ကောင်းရန်နှင့်ကောင်းဆုတို့နှစ်ယောက်သည် ဖုန်းလွေကောင်းစွာ လက်လှမ်းမမီနိုင်သောနေရာမှတိုက်ခိုက်နေကြသည်။

သို့သော်... ရဲတင်းသိုင်းသမားကောင်းလီကမူ ဖုန်းလွေ၏ လက်တစ်ကမ်းအကွာအထိ ချဉ်းကပ်တိုက်ခိုက်လာ၏။

ဖုန်းလွေက ကောင်းဆု၏လှံရှည်ကိုရှောင်တိမ်းပြီး ဆတ်ခနဲ ရှေ့သို့တိုးလိုက်သည်။ ထို့နောက် ကောင်းလီအား ညာလက်ဝါးဖြင့် ရိုက်ချလိုက်သည်။ တစ်ဆက်တည်းမှာပင် ဘယ်လက်က ကောင်းလီ၏ရဲတင်းကိုလုယူလိုက်သည်။

ယင်းအခိုက် ကောင်းရန်၏ကျားပွတ်က ဖုန်းလွေ၏ကျောပြင်ပေါ်သို့ကျရောက်လာ၏။



"ဖြန်း...."

ဖုန်းလွေ၏ကျောပြင်တစ်ခုလုံး မီးဓဖြင့်အတိုးခံလိုက်ရသကဲ့သို့ခံစားလိုက်ရသည်။ သို့သော် သူက နာကျင်မှုကိုအံကြိတ်ခံလိုက်သည်။ ကောင်းရန်ဘက်သို့လှည့်၍တုံ့ပြန်ခြင်းမပြုချေ။

ကောင်းလီ၏ရဲတင်းကိုသာ အရလုယူလိုက်သည်။

ကောင်းလီမှာ ဖုန်းလွေ၏လက်ဝါးရိုက်ချက်ကြောင့် လွင့်ထွက်သွား၏။ ကောင်းရန်က ကျားပွတ်ကိုနောက်ပြန်ဆွဲယူလိုက်သည်။ ထိုအခါ ကျားပွတ်ကဖုန်းလွေ၏ကျောပြင်ကိုရိုက်ချမိလိုက်ပြန်လေသည်။

"ဖြန်း...."

ယင်းအခိုက် အကွက်ကောင်းစောင့်နေသောကောင်းဆုက ဖုန်းလွေ၏ကာကွယ်မှု အားပျော့သွားချိန်တွင် ရောင်မေဝါးအား လှံရှည်ဖြင့်ထိုးချလိုက်သည်။

ရောင်မေဝါးသည် သိုင်းပညာတတ်မြောက်ထားသူတစ်ယောက်မဟုတ်ပါ။ ထို့ကြောင့် သူမအနေဖြင့် ကောင်းဆု၏လှံရှည်ထိုးချက်ကိုမရှောင်တိမ်းနိုင်ချေ။

လှံရှည်က သူမ၏ညာခြေသလုံးအားထိုးချမိသွား၏။

ရောင်မေဝါးမှာ အသည်းခိုက်အောင်နာကျင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ခြေသလုံးမှသွေးများ ဖြာခနဲစီးကျလာသည်။

သို့သော် သူမက အော်ဟစ်ခြင်းမပြုချေ။

နာကျင်မှုဒဏ်ကိုကျိတ်မှိတ်ခံစားလိုက်သည်။

အကြောင်းကား ....

ရန်သူနှင့် အပြင်းအထန်တိုက်ခိုက်နေရသော ခင်ပွန်းသည်မှာ မိမိအော်သံကြောင့်အာရုံပျက်သွားမည်ကိုစိုးရိမ်သောကြောင့်ပင်ဖြစ်၏။ ထိုအချိန်တွင်.... ဖုန်းလွှေက ကောင်းရန်၏ကျာပွတ်ကို ညာလက်ဖြင့်ဖမ်း၍ဆုပ်ကိုင်ထားလိုက်ပြီး ဘယ်လက်ရှိရဲတင်းဖြင့် ကျာပွတ်အားခုတ်ချလိုက်၏။

ကျာပွတ်မှာ အလယ်မှပြတ်တောက်သွား၏။

ထိုအခါ ဖုန်းလွှေက ကောင်းရန်ထံသို့တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လိုက်၏။ ကောင်းရန်က ထက်ပိုင်းပြတ်နေသည့်ကျာပွတ်ဖြင့်ရိုက်လိုက်သည်။

ဖုန်းလွှေက အသာအယာရှောင်တိမ်းပေးလိုက်၏။

ထို့နောက် ရဲတင်းကို ဆတ်ခနဲမြှောက်လိုက်၏။

လျှပ်တစ်ပြက်အတွင်းမှာပင် ရဲတင်းသွားက ကောင်းရန်၏ရင်ဘတ်ပေါ်သို့ကျရောက်လာသည်။

ကောင်းရန်မှာ ရှောင်တိမ်းရန်အချိန်မရတော့ပါ။



ရဲတင်းသွားက သူ၏ရင်ဘတ်ကိုခွဲချလိုက်သည်။

"ဒုတ်"

ကောင်းရန်က စူးရှစွာအော်ဟစ်လိုက်၏။

"အား"

အော်သံနှင့်အတူ ကောင်းရန်မှာ အသက်ပျောက်သွားလေတော့သည်။ ကောင်းဆုမှာ ရှေ့မတိုးရဲတော့ပါ။

အဝေးမှနေ၍ ဖုန်းလွှေကို လှံရှည်ဖြင့်လှမ်းထိုးလိုက်၏။

ဖုန်းလွှေကရှောင်တိမ်းလိုက်သည်။

သို့သော်.... ရှောင်တိမ်းမှုမှာအနည်းငယ်နှေးသွား၏။

ယင်းကြောင့်.... လှံသွားက သူ၏ညာဘက်ပေါင်ကိုထိုးမိသွား၏။ ဖုန်းလွှေက ရဲတင်းဖြင့်လှံရိုးကိုခုတ်ဖြတ်လိုက်၏။

အဖော်နှစ်ယောက်ကျဆုံးသွားပြီး လက်နက်လည်း ပျက်စီးသွားသဖြင့် ကောင်းဆုမှာ ဖုန်းလွှေကိုရင်မဆိုင်ရဲတော့ပါ။ လှံရိုးအရိုးကျိုးကိုပစ်ချ၍ နောက်သို့ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

သူက ပေါင်တွင်စိုက်ဝင်နေသည့်လှံကျိုးကိုနုတ်ယူလိုက်သည်။ ထို့နောက်.....

"မေဝါ... လာ၊ အပြင်ကိုထွက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းလွှေက ဖနီးသည်ကိုကြည့်ကာစိုးရိမ်ပူပန်သွားသည်။

ရှောင်မေဝါး၏ညာဘက်ခြေသလုံးတွင် သွေးများဖြင့်ချင်းချင်းနီရဲနေသည်မဟုတ်ပါလား။

ဖနီးမောင်နှံနှစ်ယောက်အနက်... တစ်ယောက်မှာ ပေါင်၌ဒဏ်ရာရထားသည်။ ကျန်တစ်ယောက်မှာလည်း ခြေသလုံးတွင် ဒဏ်ရာရထားသည်။ တစ်ယောက်ကိုတစ်ယောက်ဖေးမကာ အိမ်လေးထဲမှထွက်လာခဲ့ကြလေတော့သည်။



ဖုန်းလွှေနှင့်ရှောင်မေဝါးတို့ဖနီးမောင်နှံသည် တစ်ယောက်ကိုတစ်ယောက်ဖေးမကာ အိမ်အပြင်ဘက်သို့ထွက်လာခဲ့သည်။

အပြင်သို့ရောက်သည့်အခါ ဖုန်းလွှေမှာမျက်လုံးပြူးသွားလေသည်။ အကြောင်းကား အိမ်အပြင်ဘက်တွင် လက်နက်ကိုယ်စီကိုင်ဆောင်ထားကြသည့် လူလေးယောက်ကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။

လူလေးယောက် သို့မဟုတ် ငါးမန်းစွယ်လေးလက်....

ချီစီဖူကခေါင်းဆောင်ကာ ရှေ့မှရပ်လာသည်။

သူ၏နောက်မှ ဓားနှစ်လက်ကျင်းဆန်း...

လက်နက်ပုန်းကျိုမှ... သံလျော်တက်ကျိုလင်တို့က စီတန်း၍ရပ်နေကြ၏။ ချီစီဖူက ဖုန်းလွှေအား စိုက်ကြည့်လိုက်သည်။

"မင်းကို ကျုပ်တို့ကမွှန်းလွဲပိုင်းကျမှစီရင်မလို့... ဒါပေမဲ့အချိန်မစောင့်ချင်တော့ဘူး။ အခုပဲ တမလွန်ကိုပို့ပစ်တော့မယ်"

ဖုန်းလွှေက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါက ခင်ဗျားရဲ့အထင်ပါချီစီဖူ"

ဟန်မပျက် ပြန်ပြောလိုက်ရသည်။ သို့သော် သူ့ရင်ထဲတွင်မူ အနည်းငယ်စိုးရိမ်ထိတ်လန့်နေမိလေသည်။ သူ့အနေဖြင့် ငါးမန်းစွယ်သုံးလက်ကိုပင် အကြိတ်အနယ်တိုက်ခိုက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု…. ချိစီဖူခေါင်းဆောင်သည့်ငါးမန်းစွယ်လေးလက်ကို သူ မည်သို့ရင်ဆိုင်ရမည်နည်း။

ထို့ပြင်… သူတွင်ကျားပွတ်ဒဏ်ရာနှစ်ချက် လုံးရှည်ဒဏ်ရာ တစ်ချက်ရထားပြီဖြစ်သည်။ ကျောနှင့်ရင်ဘတ်မှကျားပွတ်ဒဏ်ရာ များမှာ မသေးသော်လည်းအကြောင်းမဟုတ်ပါ။

သူ့အနေနှင့်တောင့်ခံထား၍ရသည်။

သို့သော်… ညာဘက်ပေါင်မှလုံချက်ဒဏ်ရာကမူ သွားလာ လှုပ်ရှားမှုကို များစွာအနှောင့်အယှက်ပေးသည်။

သူ့အနေဖြင့် ညာခြေထောက်ကိုပင် ကောင်းစွာမထောက် နိုင်ဘဲရှိနေလေသည်။

တစ်ဖက်မှလည်း ရှောင်မေဝါးကိုဖေးမထားရသေးသည်။ ထို့ကြောင့် ရန်သူများကိုရင်ဆိုင်ရန်အခက်တွေ့နေရလေသည်။

ထိုအချိန်တွင်… ချိစီဖူက ညာလက်ကိုမြှောက်ကာအမိန့် ပေးလိုက်လေ၏။

"တိုက်…."

အမိန့်ပေးသံအဆုံးတွင် ချိစီဖူကိုယ်တိုင်ခေါင်းဆောင်ကာ ငါးမန်းစွယ်လေးယောက်စလုံး ပြိုင်တူဝင်လာကြသည်။ ဖုန်းလွေက လည်း ဓနီးသည်ရှေ့တွင် မားမားမတ်မတ်ရပ်ကာ ရန်သူများအား



ရင်ဆိုင်လိုက်သည်။ ရှောင်မေဝါးမှာ ဖုန်းလွေ၏နောက်တွင် ထိတ် လန့်တုန်လှုပ်စွာရပ်နေ၏။

ချိစီဖူတို့ကား ယုတ်မာလှသည်။

ဖုန်းလွေကိုသာမက သိုင်းပညာမတတ်သောရှောင်မေဝါး ကိုပါထိုးနှက်တိုက်ခိုက်လေသည်။ ဖုန်းလွေသည် မိမိကိုယ်ကိုလည်း ကာကွယ်ရ…. ဓနီးဖြစ်သူကိုလည်းအကာအကွယ်ပေးရနှင့် အရူးမီး ဝိုင်းသလို ဗျာများနေရတော့သည်။

ချိစီဖူ၊ ကျင်းဆန်းနှင့်ကျိုမုတို့က ဖုန်းလွေအား ဝိုင်းဝန်းပိတ် ဆို့တိုက်ခိုက်နေကြပြီး ကျိုမုက အဝေးမှလက်နက်ပုန်းများနှင့် ပစ်ခတ် နေသည်။

ကျိုမု၏လက်နက်ပုန်းများသည် ဖုန်းလွေကိုကောင်းစွာ အ နှောင့်အယှက်ပေးနိုင်သည်။ လက်နက်ပုန်းများကိုသတိထားနေရ သဖြင့် ဖုန်းလွေမှာ တိုက်ခိုက်ရာတွင် အာရုံစုစည်း၍မရနိုင်ဘဲရှိနေ လေသည်။

သူ၏တိုက်ခိုက်မှုသည် အားလျော့ကာ ထိရောက်မှုလုံးဝ မရှိတော့ဘဲဖြစ်နေ၏။

ထို့ကြောင့် သူ၏ခန္ဓာကိုယ်ပေါ်တွင် ဓားဒဏ်ရာတစ်ချက် နှင့်သံလျှော်တက်ဒဏ်ရာတစ်ချက်ရရှိသွားပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံလှော်တက်ဒဏ်ရာမှာ လုံချက်မိထားသည့်ညာဘက်ပေါင်ကို ထိမှန်ခြင်းဖြစ်သည်။ ယင်းကြောင့်... ဖုန်းလွှေမှာပို၍အထိနာသွားလေသည်။

သူ၏ညာခြေမှ လုံးဝမထောက်နိုင်တော့ချေ။ ဘယ်ခြေကိုသာ အားပြု၍ခြေတပေါင်ကျိုးတိုက်ခိုက်နေရလေသည်။ ဖုန်းလွှေကိုင်ထားသောရဲတင်း၏လက်ကိုင်မှာ နှစ်ပေခန့်သာရှိ၏။

ကျင်းဆန်း၏ဓားရှည်နှစ်လက်၊ ချိစီဖူ၏သုံးမြွှာခွ်ဓားနှင့် ကျိုလင်၏သံလှော်တက်တို့ထက် ပို၍တိုသည်။

ထို့ပြင် ဖုန်းလွှေမှာ ဓားရှည်ကိုသာ ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုတတ်သူဖြစ်၏။ ရဲတင်းလက်နက်ကိုမူ ကိုင်တွယ်အသုံးပြုလေ့မရှိချေ။

ထို့ကြောင့် သူ၏တိုက်ကွက်များမှာ သိပ်အစွမ်းထက်မြက်ခြင်း မရှိတော့ချေ။ တိုက်ပွဲမှာ တစ်ဖက်စောင်းနင်း ဖြစ်လာ၏။

ဖုန်းလွှေတို့၏အခြေအနေမှာ မဟန်တော့ပေ။

သူ၏လက်မောင်းတွင် လက်နက်ပုန်းတစ်ခုထပ်မံအထိခံလိုက်ရပြန်သည်။ ရှောင်မေဝါးမှာလည်း လက်နက်ပုန်းနှစ်ခု ထိမှန်ခြင်းခံထားရ၏။ သူ၏ဒဏ်ရာများကိုကြည့်ကာ ရန်သူများ အားတက်လာကြလေသည်။



အားတက်လာသည်နှင့်အမျှ တိုက်ခိုက်မှုအင်အားမှာလည်း ပို၍ကြီးမားလာကြ၏။

ဖုန်းလွှေမှာ အလူးအလဲခံနေရတော့၏။

တစ်ချိန်တွင် သူ၏ဟန်ချက်ပျက်သွားပြီး ကိုယ်ကိုမထိန်းနိုင်တော့ချေ။ ယိမ်းယိုင်ကာ မြေပေါ်သို့လဲကျသွား၏။

လက်ထဲမှရဲတင်းမှာလည်း လွင့်စဉ်ထွက်သွားသည်။

ချိစီဖူကလည်း အချိန်မဆိုင်းတော့ဘဲ....

"ခွေးကောင် သေပေတော့"

အော်ဟစ်ဆဲဆိုကြိမ်းမောင်းပြီး လက်ထဲမှဓားဖြင့် သူ့အားခုတ်ပိုင်းချလိုက်လေသည်။

"ဒိုး"

ရှောင်မေဝါးမှာ အကြီးအကျယ်ထိတ်လန့်သွားပြီး....

"အား...."

ယော်သံပါအောင် စူးစူးဝါးဝါးအော်ဟစ်လိုက်မိလေတော့၏။

****

www.burmeseclassic.com

www.burmeseclassic.com



ချိုစီဖူသည် လဲကျနေသောဖုန်းလွေအား ဓားဖြင့်ဆီးမိုး၍ အပိုင်ခုတ်ချလိုက်သည်။

"ဗိုး"

ဖုန်းလွေမှာ သည်တစ်ချီတော့သွားပြီဟုထင်မှတ်လိုက်မိသည်။ သူဘာမျှမတတ်နိုင်တော့။ မျက်စိကိုစုံမှိတ်ထားလိုက်၏။

ယင်းအခိုက်မှာပင် ဝန်းကျင်တစ်ခုလုံး အဖြူရောင်အလင်းတန်းများ ရုတ်တရက်လင်းလက်သွားသည်။

ဓားပျံငါးခု လွင့်ပျံလာခြင်းဖြစ်၏။

ဓားပျံများသည် လေထုကိုထိုးခွဲကာ အရှိန်ပြင်းစွာဖြင့် လွင့်ပျံလာခြင်းဖြစ်လေသည်။

ချိုစီဖူတို့လူစုမှာ ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

ယင်းသို့ကြောင်အမ်းအမ်းဖြစ်နေကြစဉ်မှာပင် ပထမဓားပျံသည် ချိုစီဖူ၏လက်ထဲမှဓားကိုထိမှန်သွား၏။

"ချွမ်း"

ထိချက်အလွန်ပြင်းထန်သောကြောင့် ချိုစီဖူ၏လက်ထဲမှဓားမှာ ထန်းခနဲအသံမြည်ကာလွင့်ထွက်သွား၏။

ဒုတိယဓားမှာ ချိုစီဖူ၏ရင်ဝသို့ထိုးစိုက်သွားသည်။

"ဒုတ်"



"အား..."

ချိုစီဖူမှာ အော်ဟစ်ပြီးလဲကျသွား၏။

ကျန်ဓားပျံသုံးလက်လည်း ကျင်းဆန်း ကျိုလင်နှင့် ကျိုမုတို့၏ရင်ဝများသို့ အသီးသီးစိုက်ဝင်သွားကြလေသည်။

"အား"

"အား"

"အွန့်"

အော်ဟစ်သံများကြောင့်... ဖုန်းလွေ မျက်လုံးများဖွင့်ကြည့်လိုက်သည်။ ထိုအခါ ငါးမန်းစွယ်လေးလက်မှာ ရင်ဝတွင်ဓားပျံများ အသီးသီးစိုက်၍သေဆုံးသွားကြသည်ကိုတွေ့ရလေသည်။

ဓားပျံများမှာ ရှစ်လက်မခန့်ရှည်ပြီးထိပ်ဖျားသုံးခုရှိသည်။

ရေနဂါးဒေဝီ၏လက်စွဲတော်ဓားပျံများပင်တည်း။

ဖုန်းလွေက နောက်သို့လှည့်ကြည့်လိုက်၏။

ထိုအခါ သူ၏နောက်ဘက်ခပ်လှမ်းလှမ်းတွင် မားမားကြီးရပ်နေသောရေနဂါးဒေဝီကိုတွေ့လိုက်ရသည်။

သူမ၏မျက်နှာမှာ ဟန်မူရာကင်းမဲ့နေ၏။

သို့သော် သူမ၏မျက်လုံးအစုံတွင် ခံစားမှုပေါင်းစုံပေါ်လွင်နေ၏။ ဒေါသရိပ်လည်းရှိ၏။ ဝမ်းနည်းမှုလည်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



နာကြည်းဟန်ကိုလည်း မြင်တွေ့ရ၏။

ဖုန်းလွှေ လှုးလဲထလိုက်သည်။ ထို့နောက် ရှောင်မေဝါးကို အသာဖေးမဆွဲထူလိုက်၏။ နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက်ဖေးမကာ မြင်းများရှိရာသို့လျှောက်လှမ်းသွားကြ၏။

ခပ်လှမ်းလှမ်းတွင်ရှိနေကြသော ရေနဂါးဂိုဏ်းသားများမှာ သူတို့အား မျက်လုံးပြူးကာကြည့်နေကြ၏။

မည်သူကမျှ သူတို့ကိုတိုက်ခိုက်တားဆီးခြင်းမရှိကြချေ။

အားလုံးသောလူများက ရေနဂါးဒေဝီ၏အမိန့်ကိုစောင့်နေကြခြင်းဖြစ်သည်။ ရေနဂါးဒေဝီကသာအမိန့်ပေးလိုက်လျှင် သူတို့ဇနီးမောင်နှံကို ဝိုင်းဝန်းတိုက်ခိုက်ကြပေတော့မည်။

သို့သော် ရေနဂါးဒေဝီက မည်သည့်အမိန့်မျှမပေးချေ။

ဖုန်းလွှေတို့ကိုသာ ငေးမောကြည့်ရှုနေ၏။

သူမ၏ဟန်ပန်ကိုကြည့်ရသည်မှာ အိပ်မက်ထဲတွင်လွင့်မျောနေသူကဲ့သို့ဖြစ်နေသည်။

ဖုန်းလွှေတို့ဇနီးမောင်နှံ မြင်းပေါ်သို့တက်ရန်ဟန်ပြင်လိုက်ကြသည်။ စခန်းတွင်းရှိအားလုံးသောလူများမှာ ဖုန်းလွှေတို့လှုပ်ရှားသမျှကိုကြည့်ကာငြိမ်သက်နေကြသည်။ သို့သော် တစ်ယောက်သောလူမှာ ဖြည်းညင်းစွာလှုပ်ရှားလာ၏။



ထိုသူမှာ ဒဏ်ရာပြင်းစွာဖြင့်လဲကျနေသောချီစီဖူဝင်ဖြစ်လေသည်။ ချီစီဖူသည် သူနှင့်လက်တစ်ကမ်းအကွာရှိ မြေပေါ်တွင်ကျနေသောရေနဂါးဒေဝီ၏ဓားပျံကို ကုန်းရုန်းအားယူ၍ကောက်ကိုင်လိုက်လေသည်။ ထို့နောက်... ဖုန်းလွှေထံသို့ချိန်ရွယ်ကာ အားကုန်ပစ်လွှတ်လိုက်လေတော့သည်။

ရေနဂါးဒေဝီအာရုံထဲသို့ လေတိုးသံသဲ့သဲ့ဝင်လာ၏။

လေတိုးသံကြောင့် သူမ မျက်နှာကွက်ခနဲဖျက်သွားသည်။ ကမန်းကတန်းနောက်သို့လှည့်ကြည့်လိုက်သည်။

ထိုအခါ... ဖုန်းလွှေထံသို့ဦးတည်ကာ ဓားပျံတစ်ချောင်းပစ်လွှင့်လာသည်ကိုတွေ့လိုက်ရ၏။

သူမ ရင်ထိတ်သွားသည်။

သူမအနေဖြင့် ဖုန်းလွှေအား အော်ဟစ်သတိပေးရန် အချိန်မရတော့ချေ။ ယင်းကြောင့် ဓားပျံပစ်လွှင့်လာရာလမ်းကြောင်းဆီသို့ ပြေးဝင်သွားလိုက်သည်။ ဓားပျံမှာ သူမ၏ရင်ဝသို့တည့်မတ်စွာစိုက်ဝင်သွားလေတော့၏။

"ဒုတ်"

"အား"

ရေနဂါးဒေဝီမှာအော်ဟစ်ရင်း မြေပြင်ပေါ်သို့လဲကျသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ချိုစီဖူမှာ သူမအား မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်ရင်း မြေပြင်ပေါ် အရုပ်ကြိုးပြတ်မှောက်လျက်လဲကျသွားပြီဖြစ်သည်။ သူ၏ဝိညာဉ်နှင့်ခန္ဓာကိုယ်မှာလည်း အိုးစားကွဲ ကင်းကွာသွားပြီဖြစ်လေသည်။

ဖုန်းလွှသည် ရေနဂါးဒေဝီ၏အော်ဟစ်သံကြောင့် နောက်သို့ပြန်လှည့်ကာ သူမအား ပြေးပွေ့လိုက်၏။ ဖုန်းလွှက ရေနဂါးဒေဝီအားလှုပ်ယမ်းကာခေါ်လိုက်သည်။

"မမ... မမ"

ရေနဂါးဒေဝီ၏မျက်လုံးများ ဖြည်းညင်းစွာပွင့်လာ၏။

သူမအား ဖုန်းလွှကပွေ့ထားသည်ကိုတွေ့လိုက်ရသောကြောင့် ရေနဂါးဒေဝီကျေနပ်သွားသည်။ သူမသည် အားယူ၍ ပြုံးလိုက်သည်။ အားပျော့သော မပွင့်တပွင့်အပြုံးဖြစ်၏။

သူမသည် ဖုန်းလွှအား တစ်စုံတစ်ခုပြောချင်ပုံရသည်။

သူမ၏နှုတ်ခမ်းများက တဆတ်ဆတ်တုန်နေ၏။

ဖုန်းလွှက အားပေးလိုက်သည်။

"မမ အားတင်းထားနော်"

ရေနဂါးဒေဝီက မည်သည့်စကားမျှမပြောချေ။ သို့သော် အဓိပ္ပာယ်ပြည့်သောမျက်လုံးအစုံဖြင့် ဖုန်းလွှအားစိုက်ကြည့်နေ၏။



ဖုန်းလွှက သူမ၏အကြည့်ကိုနားလည်လိုက်ပါသည်။

ယင်းကြောင့်... သူ၏ရင်ထဲတွင် နင့်နေအောင်ခံစားလိုက်ရ၏။ ဖုန်းလွှက တစ်စုံတစ်ခုပြောရန်ဟန်ပြင်လိုက်သည်။

သို့သော် သူ၏စကားများမှာ နှုတ်ခမ်းမှတစ်ဆင့် အပြင်သို့ထွက်ခွင့်မရတော့ချေ။

အကြောင်းကား... ရေနဂါးဒေဝီသည် သူ၏ရင်ခွင်ထဲတွင် သေခြင်းတရားကိုကျေနပ်စွာခံယူသွားသောကြောင့်ဖြစ်သည်။

ရေနဂါးဒေဝီမှာ ဖုန်းလွှအားထာဝရခွဲခွာသွားပြီဖြစ်၏။

ဖုန်းလွှက ရှောင်မေဝါးအပေါ်ထားရှိသောမေတ္တာအား သေခြင်းတရားနှင့်သက်သေပြသွားပြီဖြစ်၏။

တောင်းကင်ပေါ်တွင် နေခြစ်ခြစ်တောက်ပူပြင်းနေသည်။

သို့သော် နေပူရှိန်သည် သောကကြောင့်ဖြစ်ပေါ်နေသော ဖုန်းလွှ၏ရင်တွင်းမှအပူကို မီနိုင်မည်မဟုတ်ချေ။

ဖုန်းလွှက ကောင်းကင်ပေါ်သို့မော့ကြည့်လိုက်၏။

နေမင်းကြီးမှာ သူ၏ခေါင်းတည့်တည့်ပေါ်သို့ရောက်ရှိနေပြီကို တွေ့လိုက်ရသည်။

နေမွန်းတည့်ပြီဖြစ်၏။

သူ့ထိုင်ရာမှထလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရှောင်မေဝါးကိုဖေးမတွဲထူလိုက်၏။

ထိုအခါ ကျန်ရှိနေသေးသောရေနဂါးဂိုဏ်းသားများက သူတို့ဇနီးမောင်နှံအား ဝန်းရံထားလိုက်ကြသည်။

ယင်းအခိုက် ရေနဂါးဂိုဏ်းဌာနချုပ်စခန်းထဲသို့ လူများ ပြေးဝင်လာကြသည်ကိုတွေ့လိုက်ကြရသည်။ မြို့တော်ဝန်၏ဒုစရိုက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များဖြစ်သည်။

ရေနဂါးဂိုဏ်းသားများ တုန်လှုပ်သွားကြ၏။

ဒုစရိုက်နှိမ်နင်းရေးတပ်ဖွဲ့ဝင်များက ရေနဂါးဂိုဏ်းသားများအား တရကြမ်းဝင်ရောက်တိုက်ခိုက်ကြလေသည်။

ဖုန်းလွေတို့ဇနီးမောင်နှံက မြင်းတစ်စီးပေါ်သို့တက်လိုက်ကြ၏။ ထို့နောက် မြင်းကိုနှင်ကာ ရေနဂါးဌာနချုပ်စခန်းမှထွက်ခဲ့လေတော့သည်။

****



နေကျဲကျဲတောက်ပူပြင်းနေ၏။

ပူပြင်းသောနေရောင်အောက်တွင် မြင်းတစ်စီးဒုန်းစိုင်းနှင်နေလေသည်။

မြင်းပေါ်တွင် လူနှစ်ယောက် စီးနင်းလိုက်ပါလာကြသည်။

လူရွယ်တစ်ယောက်နှင့် မိန်းကလေးတစ်ယောက်တို့ ဖြစ်ကြလေသည်။

နှစ်ယောက်စလုံး၏ကိုယ်ခန္ဓာပေါ်တွင် ဒဏ်ရာများစွာရရှိထားကြလေသည်။

ထိုလူနှစ်ယောက်မှာ ဖုန်းလွေနှင့်ရှောင်မေဝါးတို့ပင် ဖြစ်ကြပေသည်။ ဖုန်းလွေက မြင်းကိုဒုန်းစိုင်းနှင်နေ၏။

ရေနဂါးဂိုဏ်းမှာ တဖြည်းဖြည်းဝေး၍ကျန်ရစ်ခဲ့လေသည်။

ရေနဂါးဂိုဏ်းဌာနချုပ်စခန်းမှတိုက်ခိုက်သံ...

အော်ဟစ်သံများ... ကမ္ဘာပျက်မတတ်ဆူညံနေ၏။

ရေနဂါးဂိုဏ်းမှာ မကြာမီ ပြိုကွဲပျက်စီးသွားရတော့မည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပေတော့၏။

ဖုန်းလွေမှာ ရေနဂါးဂိုဏ်းဟူသောအမည်ကို လုံးဝမကြားလိုတော့ချေ။ သို့သော် သူ့အနေဖြင့်မူ ရေနဂါးဒေဝီအား အစဉ်အမြဲသတိရနေမည်သာဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေနဂါးဒေဝီဟူသောအမည်ကား သူ၏တစ်သက်တာတွင် မည်သို့မျှမေ့ပျောက်၍ ရနိုင်တော့မည်မဟုတ်ချေ။ ဖုန်းလွေအနေဖြင့် ရေနဂါးဒေဝီ၏အမည်ကို ထာဝရအောက်မေ့တမ်းတနေမည်သာ ဖြစ်လေတော့သည်။

**ပြီး၏။**

BURMESE CLASSIC

www.burmeseclassic.com